www.burmeseclassic.com

ရွှေထီးမိုး စာပေတိုက်

# ပြယ်လွန်းချို®

အေးတက္ကသိုလ်

# နှစ်ဖက်လှ

BURMESE CLASSIC .com



2003 Design
modern electronic art oo thiee

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၁၀၂၁/၂၀၀၃ (၇)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၉၆၀/၂၀၀၃ (၅)

**ပုံနှိပ်ထုတ်ဝေခြင်း** - ပထမအကြိမ်၊ ၂၀၀၃၊ စက်တင်ဘာလ။

**ထုတ်ဝေသူ** - ဒေါ်ဖြူနှင်းဝေ (မြလွန်းချိုစာပေ)
အမှတ် (၄၄)၊ ပထပ် (ဝဲ)၊ ၉၁ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

**အဖုံးနှင့်အတွင်းပုံနှိပ်တိုက်** - ဦးမောင်မောင်လွင် (ကဝိရတနာပုံနှိပ်တိုက်)
အမှတ် ၂၀၄၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း** - ကိုယ်သီး (Modern Electronic Art)

**အသုံးပြု (Soft ware)** - (Adobe Photoshop)

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၅၀ ကျပ်

**စီစဉ်သူ** - မောင်မောင်ဒေပြသိကြား (ရွှေထီးမိုးစာပေ)

# မြလွန်းချို
## (ဆေးတက္ကသိုလ်)

# နှစ်ဖက်လှ

**ရွှေထီးမိုး စာပေ**
အမှတ် ၁၇၇၊ (ဒုတိယထပ်)၊ ၁၇ လမ်း။
ဖုန်း-၆၄၁၃၈၄
ဖုန်း-၂၁၂၀၆၆ လိုင်းခွဲ - ၂၄၈

www.burmeseclassic.com

www.burmeseclassic.com

# မြလွန်းချို (ဆေးတက္ကသိုလ်)

**ရေးသားထုတ်ဝေပြီးစာအုပ်များ**

၁။ ထီးမိုးပေးသူတစ်ယောက်အကြောင်း
၂။ ညီမျှခြင်းတစ်ခုရဲ့ချာပန
၃။ နှောင်ကြိုးများနှင့်ချစ်ခြင်း
၄။ အိပ်မက်ဖန်ဆင်းရှင်
၅။ မှန်အိမ်ကြည်ရဲ့မီးစာ
၆။ အနားမဲ့သမုဒ္ဒရာ
၇။ နံ့ရှခြားသောချစ်ခြင်းများအကြောင်း
၈။ အဆိပ်ဖြင့်ရက်လုပ်သောယန်း
၉။ အစိမ်းရောင်များ၏အလွှာပွတ္တိ
၁၀။ မျောနေတဲ့မြစ်
၁၁။ နှလုံးသွေးဖြင့်သွန်းလုပ်သော
၁၂။ နှောင်ဖွဲ့ကျွမ်းရစ်
၁၃။ တိမ်ညိုတွေခါးတဲ့ည
၁၄။ တယောသံမြစ်တစ်စင်းရဲ့ရင်ခွင်ရှိက်သံ

**ယခု**

၁၅။ နှစ်ဖက်လှ

BURMESE CLASSIC



## အထူးကျေးဇူးတင်ရှိခြင်း

ဤစာအုပ်ပါ ကျန်းမာရေးနှင့်ပတ်သက်သော အမြင်များ၊ ရောဂါများနှင့် ကုထုံးများကို ဆေးတက္ကသိုလ်(၂)မှ ဆရာ/ဆရာမများ၏ ကျေးဇူးမပါဘဲ ကျွန်မဘယ်လိုမှ မသိနိုင်၊ မကျွမ်းကျင်နိုင်ပါ။ ထို့ကြောင့် ကျွန်မ၏ ဆေးပညာအသိဉာဏ်ကို သင်ကြားပေးသည့် ဆေး(၂)မှ ဆရာ/ဆရာမများ၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် သက်န်းကျွန်းစံပြ သင်ကြားရေးဆေးရုံကြီးမှ ဆရာကြီး/ဆရာမကြီးများ၊ မြင်ဆရာများဖြစ်သော အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်ဝင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း အသည်းအထူးကုဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီး ဒေါက်တာဦးသိန်းမြင့်၊ သင်ဆရာများဖြစ်သော အစာအိမ်နှင့် အူလမ်းကြောင်း ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးကြည်စိုး၊ အဆစ်အမြစ်ရောဂါကုသမားတော်ကြီး ဆရာကြီးဦးချစ်စိုး (Rheumatologist) တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဒေါက်တာဘားနဒ်နှင့် ဒေါက်တာစလင်းတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ချစ်ခင်လေးစားစွာဖြင့်

တပည့်-မြလွန်းချို (IM II)

* * * * *





တကျွိကျွိမြည်နေသော တွန်းလှည်းသံသည် သူမကို သူနှင့် အဝေးဆုံးကို ပို့လိုက်သလိုရှိသည်။

အနီးမှာရှိနေရက်နဲ့ သူမဟာ အဝေးဆုံးကို ရောက်တတ်နေခဲ့ပြီပဲ။ ခုချိန်မှာ အလိုချင်ဆုံးသည် ကျွာရှင်းစာချုပ်တစ်ခုသာဖြစ်သည်။

အိမ်ထောင်ရေးသည် သူမအတွက်တော့ ဝဋ်ကြွေးတစ်ခုပင်တည်း။

"ပင်မြင့်စံ"



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲဆောင်ဖြားယောင်းနိုင်ဆဲဖြစ်သော သူမနှုတ်ခမ်းတို့ဆီက ဘာကြောင့် ဒီလောက်ရက်စက်တဲ့စကား ထွက်လာခဲ့ပါလိမ့်။

ကြည့်စမ်း… မိန်းမဆိုတာ အသာစီးလိုချင်ကြတာချည်းပါပဲ၊ အနစ်နာခံဖို့၊ ပေးဆပ်ဖို့ဆိုတာ သူတို့မလုပ်နိုင်ကြဘူးပဲ။

သူသည် ဒေါသဖြင့် အသက်ကိုခဲခဲယဉ်းယဉ်း ရှူသွင်းနေရသည်။ အိမ်ထောင်ရေးဟာ သူ့အတွက်တော့ ငရဲတစ်ခုပါပဲလား။

မိန်းမတစ်ယောက်ကို ချစ်နေရက်ကနေ စိတ်နာနေသောသူသည် ငရဲနှင့်တူသော အိမ်ထောင်ရေးကို သူ့ဘဝထဲမှ စက္ကူစုတ်တစ်ရွက်လို စွန့်ပစ်ဆုတ်ဖြဲပစ်လိုက်ချင်သည်။

"တနိုင်းခ"





သူလှမ်းမခေါ်ရက်ခဲ့သော နှလုံးထဲမှမိန်းမသည် သူ့ငယ်ချစ်ဦးဖြစ်နေခဲ့သည့်အတွက်တော့ သူဥပေက္ခာ မပြုရက်နိုင်တာဆန်းသလား။

သူသည် အခြေအနေတွေကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ အကြိမ်ကြိမ်စဉ်းစားသည်။ ဒါပေမယ့် သူ့ရုတ်တစ်ရက်ဝင်လာခဲ့သော အတွေးမှာ သူသာဒုက္ခိတတစ်ယောက်ဖြစ်နေခဲ့မယ်… သူ့ဇနီးကလည်း ငယ်ချစ်နဲ့လက်ထပ်ဖို့ သူ့ကိုကွာရှင်းခွင့်တောင်းလာခဲ့မယ်ဆိုရင် သူဘယ်လိုရင်ဆိုင်ရမှာပါလိမ့်။

အတွေးဖြင့် သူသည်ချောက်ချောက်ချားချား ဖြစ်လာကာ ချွေးစေးတွေပြန်လာသည်။

"ဒေါက်တာခွန်သင်စာ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သွေးပုလင်းမှ သွေးစက်တို့သည် ပိုက်သေးသေးမျှင်မျှင်ထဲမှ တစ်ဆင့် လူနာ့ကိုယ်ထဲသို့ ဝင်ရောက်နေကြသည်။ ဒေါက်တာခွန်သင်ဇာသည် လူနာအခြေအနေစိတ်ချသွားရပြီဖြစ်သော်လည်း ခုတင်ညာဘက်တွင် ခဏအမတ်တပ်ရပ်ကာ ဆံပင်တွေဖရိုဖရဲဖြစ်နေပေမယ့် အလှမပျက်သေးသော ပင်မြင့်စံကို သက်ပြင်းငွေ့ငွေ့ချကာ လှမ်းကြည့်မိ ခိုက် ပင်မြင့်စံက လှမ်းအကြည့်နှင့်ဆုံသွားသဖြင့် အားပေးပြုံး ပြုံးပြလိုက်သည်။

"စိတ်မပူပါနဲ့"

"ခွန်သင်...နင့်ဂျူတီပြီးပြီလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး... ငါ့ဒီတစ်ညလုံး ရှိနေမှာပါ"

သူစကာ ခေါင်းညိတ်ပြသည်။ တာဝန်ကျအခန်းထဲသို့ ပြန်လာစဉ် ဒေါက်တာ၏ အတွေးတို့ ရှုပ်ယှက်ခတ်လျက် ပါလာကြသည်။

သာလာဆီးမီးယားရောဂါသည်တစ်ယောက်ကို စံဘာကြောင့် လက်ထပ်ခဲ့ပါလိမ့်။ စံ့လို တစ်ကိုယ်ရေတစ်ကာယ အသက်ဆက်လို သော နားလည်ရခက်သည့် မိန်းမဟာ ဘာကြောင့် ဒေါသလည်းကြီး သော၊ ရောဂါသည်လည်းဖြစ်သော ဒီလူကို လက်ထပ်ခဲ့ပါလိမ့်။

❋ ❋ ❋ ❋ ❋





လက်ထောက်ဆရာဝန်တစ်ယောက်ဘဝတွင် ဘာဝန်ယူရသော အလုပ်သည် အင်မတန်များပြားလှရကား ခုလိုခဏနားနေချိန်မှာမှ စာဖတ်ခွင့်ရလေသည်။ ဆေးစာအုပ်တစ်အုပ်ကို ကောက်လှန်လိုက်စဉ် စံ့မျက်နှာသည် ထင်ထင်ရှားရှားအာရုံတွင် ပြက်ထင်လာသည်။

ဟာ..စိတ်ကူးယဉ်မနေနဲ့ကွ...စံဟာသူများဇနီးဖြစ်နေပြီ...၊

ဒေါက်တာသည် ဆေးစာအုပ်ကို ခဏချကာ ရေဘူးအဖုံးဖွင့်၍ ရေမော့သောက်လိုက်သည်။ သို့သော် စံမျက်နှာက အာရုံထဲမှ ပျောက် မသွား...။

စံနှင့်သူသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကစ၍ အချစ် ကြီးချစ်ခဲ့ကြသူများမဟုတ်ပါလော။ စံသည် သူ့မိဘများရဲ့ မွေးစား သမီး၊ တစ်နည်းအားဖြင့် သူ့ညီမလေးဆိုလည်း မမှား။ သူနဲ့စံတို့



www.burmeseclassic.com

www.burmeseclassic.com



တွဲကွာခဲ့ကြတာ ခုဆိုငါးနှစ်ခန့်ရှိခဲ့ပြီ။ စံကိုပြန်တွေ့ရတာ ဆေးရုံတွင် လူနာရှင်အနေနဲ့ဖြစ်သည်။ ကေစ်ကိုကြည့်လိုက်တော့ သာလာဆီးမီးယားနဲ့ အသည်းခြောက်ရောဂါ။ ရှားပါးလှတဲ့ ဖြစ်ခဲတဲ့ရောဂါနဲ့ အရက်သောက်၍ဖြစ်တဲ့ရောဂါ။ မွေးရာပါ သွေးသွင်းကုသခံရတဲ့ ရောဂါရှင်ကို တွေ့စမှာပင် သူတော်တော်စိတ်ရှည်ရှည်ထားရသည်။

အောက်လိုက်ငေါက်လိုက် ကြိမ်းလိုက်နဲ့ စံ့ကို သူတော်တော်သနားသွားရသည်။

၀ ၀ ၀ ၀ ၀





"စံကြီးလာရင် ခွန်သင်က ယူမှာလား..."

"အင်းပေါ့...စံသာ ခွန်သင်ကဖွဲ့ပြီး ဘယ်ယောက်ျားမှ စိတ်မဝင်စားရဘူးနော်"

သူ ဘယ်လောက်ပြောပြော စံသည် ပွေ့ရှုပ်တတ်ခဲ့သည်။ စံမှ အသည်းနှလုံးရှိပါလေစဟု ယူဆရအောင် စံသည် မိန်းကလေးတန်မယ့် ပွေ့ရှုပ်တတ်ခဲ့သည်။

စံသည် လှ၏။ မျက်နှာကကြည်၏။ မျက်လုံးက ကြည်၍တောက်နေကာ မျက်တောင်ရှည်ရှည်စင်းစင်းတို့ကို ပိုင်ဆိုင်၏။ စံ့အရပ်သည် ရှည်လျားး၍ခန္ဓာကိုယ်က သွယ်လျကား စံ့မှာဆံနွယ်ညိုညိုရှည်ရှည်တွေသည် ဒူးခေါင်းနှုတ်အထိ ရှည်လျား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလှတဲ့စံကို အထက်တန်းကျောင်းသူဘဝကတည်းက ကောင်လေးတွေ အရူးအမူးဝိုင်းကြိုက်ကြတာ သူ ဝန်တိုတာတတ်ခဲ့သည်။ ကော်ဘီးနှင့် နှစ်ယောက်အတူ ကျောင်းသွားလျှင် ဘေးမှယှဉ်လိုက်လာတတ်တဲ့ကောင်တွေကို သူနည်းနည်းမှ ကြည့်မရခဲ့ချေ။

စံကတော့ မျက်နှာလေးတမော့မော့နဲ့ သဘောကျနေပုံ၊ စံသည် အလှတွင် ယစ်မူးခုံမင်၍ ထိုအလှကို ကောင်းစွာအသုံးမချတတ်ခဲ့သော မိန်းမတစ်ယောက်ဖြစ်သည်။ စံ့မှာ ရှုပဟူသော စန်းရှိပြီး အရည်အချင်းကား ကင်းမဲ့လှ၏။ စံသည် မှိန်ခိုတွယ်တာတတ်သော နွယ်ပင်ကလေးနှင့်တူသည်။

* * * * *





ပထမဆုံး စံသည် ကိုကိုမျက်လုံးများစင်း၍ အိပ်ပျော်သွားသည်အထိ စောင့်ရပေမည်။ အိပ်သွားရင်တော့ ကိုကို့ရဲ့ စိတ်တွေခဏအေးချမ်းသွားမှာပါ။ စံကတော့ ပူနေရတုန်း၊ ဒေါသတွေနဲ့အတူ ကိုကိုနိုးမလာရင်တော့ အကောင်းဆုံးပဲ။

ဘုရား...ဘုရား...။

စံ့မှာ ဘာလို့ ဒီလောက်စုတ်ပွဲတဲ့၊ ညစ်ပတ်တဲ့ စိတ်ဝင်လာရပါလိမ့်။

ကန်တော့...ကန်တော့...။

စံသည် ကိုကိုအိပ်သွားတာ သေချာလားသိရအောင် နှုတ်ခမ်းပေါ်အသာလေးလက်ညှိုးတစ်ချောင်း တင်လိုက်သည်။ ကိုကိုမလှုပ်။ သေချာပြီပေါ့။

"ဒေါ်ဒေါ် ခဏစောင့်ကြည့်ဦးနော်...စံ သူငယ်ချင်းနဲ့ သွားတွေ့ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဆရာဝန်လေးလား…"

"ဟုတ်တယ်"

ကိုကို့အဒေါ်သည် ကိုကို့လိုမဟုတ်ချေ။ ရိုးအသည်။ စံ့ကိုခေါင်းညိတ်ပြတာနဲ့ စံသည်ခွန်သင့်အခန်းသို့ လာခဲ့သည်။

ခွန်သင်ကတော့ မေးခွန်းတွေနှင့် စံ့ကိုစောင့်နေမှာပင်။

စံ့ကို ခွန်သင်က ဘယ်တော့မှ နားလည်ခဲ့သူမဟုတ်တော့ စံ့ရဲ့ ဒုက္ခကိုလည်း ခွန်သင်သိချင်မှသိမည်။ စံသည် အသည်းအသက်ထက် ချစ်ရသူကို ဘယ်တော့မှလေးနက်စွာ မချစ်ခဲ့သည့်ပုံစံဖြင့် တစ်သက်လုံးဖုံးကွယ်ထားသမျှ ယခုလည်း ရှေ့ဆက်ဟန်ဆောင်ရပေဦးမည်။

စံဟာ ငွေထက် စိတ်ချမ်းသာမှုကို မက်ခဲ့သည်။ ဦးတနိုင်းခရဲ့ ကတော်ဘဝကို မက်ခဲ့သည်။

အဲဒါတွေထက် စံမက်မောခဲ့သောအရာမှာ ခွန်သင်ပေးခဲ့သော စံ့နားရွက်အပေါ်ဘက် အပေါက်မှာဝတ်ထားသော စိန်ပွင့်သေးသေးကလေးဖြစ်ကြောင်း ခွန်သင်ဘယ်တော့မှ မသိစေရ။

အို…ခွန်သင်မှမဟုတ်…၊ မေမေလည်း မသိစေရပါ။

ဖေဖေလည်း မသိစေရပါ။

စံဟာ ခွန်သင့်ကို ဘယ်တော့မှ နောက်တစ်ကြိမ် အနာတရဖြစ်အောင် မလုပ်ဟုမေမေ့ထံ ပေးခဲ့သောကတိကို စံ့အသည်းနှလုံးနှင့် လဲလှယ်ပြီး စောင့်ရှောက်ရပေလိမ့်မည်။

* * * * *





တံခါးပွင့်လာသည်နှင့် ကြည်လင်သော မျက်လုံးတစ်ဘက်က အရင်ဝေါ်လာသည်။ ဒေါက်တာသည် ခေါင်းညိတ်ပြကာ ဝင်ခဲ့ဖို့ အချက်ပြလိုက်သည်။

"ခွန်သင်…ထမင်းစားပြီးပြီလား…"

"စံ…အရေးမပါတာတွေ မပြောဘဲနေလို့ မရဘူးလား"

စံ ခေါင်းငုံ့ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ ဒီလိုဆို ခွန်သင်မေးချင်တာ ပြောချင်တာ ကိုကို့အကြောင်းပဲပေါ့။ စံတစ်ခြားအကြောင်းတွေကို ပြုံးနေရင်း ပြောနေနိုင်ပေမယ့် ကိုကို့အကြောင်းကို စံပြုံးနေရက်က မပြောနိုင်။

အို…ကိုကို့ကို စံဘာကြောင့် လက်ထပ်ခဲ့သလဲဆိုတဲ့ မေးခွန်းကို ခွန်သင်မမေးပါစေနဲ့။ စံလည်း မဖြေပါရစေနဲ့။ သို့သော် စံ့ဆုတောင်း မပြည့်ပါ။ ခွန်သင်သည် စံ့ကိုမျက်လုံးများမှေးစင်းကာ ကြည့်ရင်းကနေ…



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းက အိမ်ထွောင်ကျသွားတာလဲ စံ" ဟု စတင်မေးမြန်းသည်။

ဒီမေးခွန်းကို ဖြေဖို့တော့ စံ့အတွက် သိပ်မခက်ခဲပါ။

"လွန်ခဲ့တဲ့ ခြောက်လ"

သူသည် နှမြောတသစွာဖြင့် အသံတိတ် စုတ်သပ်လိုက်မိသည်။ လွန်ခဲ့တဲ့ ခြောက်လကမှ လက်ထပ်ခဲ့တဲ့ မိန်းမတစ်ယောက်ဟာ ဒီလိုပူပင်သောကတွေနဲ့ စီးနေတဲ့ပုံပေါက်နေတာ ကံမကောင်းတဲ့ အိမ်ထောင်ရေးရဲ့ ပြယုဂ်ပင်ဖြစ်ပေလိမ့်မည်။

ရောဂါသည်တစ်ယောက်ကို ဘာကြောင့်များ စံလက်ထပ်ခဲ့ရပါလိမ့်။

"သူ့ကို ဘာလို့လက်ထပ်ခဲ့တာလဲ စံ"

ဤမေးခွန်းကို စံမဖြေချင်ပေ။

စံ့မှာ မျှော်လင့်ချက်တွေ တနင့်တပိုးကြီးနဲ့ ကိုကို့ကို လက်ထပ်ခဲ့တာပဲ၊ ကိုကိုနဲ့စံသည် သေသည်အထိ မိသားစု ဘဝတစ်ခုတည်ဆောက်ကြမယ်။ ပျော်စရာကောင်းတဲ့ အိမ်ထောင်ရေးတစ်ခု ဖြစ်လိမ့်မယ်။ စံ ဒီလိုမျှော်လင့်ခဲ့တာပဲ။

ကိုကို့ကို အိပ်ရာထဲ လဲသွားမယ့်လူမမာတစ်ယောက်အဖြစ် စံဘယ်တုန်းကမှ ယောင်၍မျှ မတွေးဘူး၊ ကိုကိုက စံ့ထက်အသက်လည်းကြီးတယ်။ စံ့ကို အလိုလိုက်မယ်။ နားလည်မယ်။ ပြီးတော့ စံ့ကို ကလေးလေးတစ်ယောက်လို အသက်ထက်ဆုံး ကြင်နာလိမ့်မယ်။





ဒီလိုလည်း စံ အိမ်မက်မက်ခဲ့ဖူးတာပဲ။ ဒါပေမယ့် အိမ်မက်သည် ခဏပဲ၊ အိပ်ရင်းနဲ့ မက်သလိုပဲ။ ပြီးတော့ တစ်ကယ့်ဘဝထဲပြန်ရောက်လာရသလိုပဲ၊ စံလည်း ဝုန်းခနဲ အဖြစ်အပျက်ဆိုးဆိုးတစ်ခုနဲ့ ရင်ဆိုင်ရတော့တာပဲ။ စံ့မှာ ကျောထောက်နောက်ခံမရှိ၊

စံတစ်ယောက်တည်း သောကကိုလွယ်၍ ညတွေကိုရင်ဆိုင်ရသည်။ နေ့တွေကို ကျော်ဖြတ်ရသည်။

ကိုယ့်ထက်အသက်ကြီးသော လူတစ်ယောက်ကို မျှော်လင့်ချက်တနင့်တပိုးကြီးဖြင့် လက်ထပ်မိသောစံသည် ပင့်မြှင့်မှာမစံဘဲ ခွေးကတက်မှာ စံရတဲ့အဖြစ်ဆိုးနဲ့ ရင်ဆိုင်တိုးမိခဲ့လေသည်။ စံ့ရဲ့ မျှော်လင့်ချက်မှန်သမျှသည် ကိုကိုအိပ်ရာထဲလဲသောအခါ တစ်ဖြည်းဖြည်းအားအင်ချိနဲ့လာခဲ့သည်။

ချိနဲ့သောစံသည် ကိုကို့ရှေ့မှာတော့ ဟန်ဆောင်ကောင်းခဲ့သည်။ ကိုကို့ကို အားပေးနိုင်ခဲ့သည်။

တစ်ကယ်တော့ စံတစ်ယောက်တည်းသိခဲ့သော ကိစ္စမှာ ကိုကို့ကိုလက်ထပ်ခဲ့ခြင်းသည် ပက်ပက်စက်စက်အမှားတစ်ခုဖြစ်သည်။ စံသည် ကိုယ့်ကိုကိုယ် ညာသည့်အပြင် ကိုကို့ကိုလည်း ညာခဲ့သည်။ ထို့ကြောင့် အိမ်ထောင်ရေးက စံ့ကိုဒဏ်ခတ်သည်ဟု စံသိနေခဲ့သည်။ စံ ကိုကို့ကို လုံးဝ(လုံးဝ)မချစ်ခဲ့ပေ။

စံ့အသည်းနှလုံးတွင် သေသည်အထိ နေရာယူနေမည့်သူမှာ ဒေါက်တာ ခွန်သင်ဇာပင်ဖြစ်သည်။ သူသည် စံ့ဘဝတွင် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



အများဆုံး ယုယသည်းခံမှုအများဆုံး ပေးနိုင်ခဲ့သော ယောက်ျားတစ်ယောက်ဖြစ်သည်။

သို့ရာတွင် စံနဲ့သူကို ကံကြမ္မာက မျက်နှာသာမပေးခဲ့ပါ။ စံသည် စာရိတ္တပျက်စီးချို့ယွင်းသော မိန်းမတစ်ယောက်ရဲ့ စွန့်ပစ်မှုကြောင့် အဘ္ဘရာမေတ္တာရိပ်မွန် မိဘမဲ့ဂေဟာတွင် စွန့်ပစ်ခံခဲ့ရသောကလေး၊ ခွန်သင်ရဲ့ မိဘများက ကျွေးမွေးမှုကြောင့် စံသည် ခွန်သင်ရဲ့ မွေးစားညီမလေးဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်သည် စံ့ဘဝကို ယခုအခြေအနေသို့ရောက်အောင် တွန်းပို့ခဲ့သော အဓိကသော့ချက်ဖြစ်သည်။

စံသည် ကျေးဇူးရှင်ဖေဖေနဲ့ မေမေ့ကို အသည်းနှလုံးနှင့်ရင်း၍ ကျေးဇူးဆပ်ခဲ့သည်။ စံဒုက္ခရောက်၍ လည်တဲလည်တဲဖြစ်နေချိန်မှာ ကူညီသော ကိုကို့ကို ဘဝနှင့်ရင်း၍ ယုံမှတ်မှားခဲ့သည်။ စံအိမ်ထောင်ပြုလိုက်တာဟာ ခွန်သင် စံ့ကိုမေ့သွားစေဖို့သက်သက်အတွက်သာမက မေမေတို့ တစ်သက်တာလုံး စိတ်ချစေရန်ရည်ရွယ်ပါသည်။ အခုတော့ စံမိုဆိုးမ ဖြစ်ရတော့မည်။ ဤအတွေးဖြင့် စံသည် အိပ်မက်ဆိုးကြီးထဲတွင် တစ်ယောက်တည်း နေရသလိုခံစားမိသည်။ ကိုကိုဟာ စံ့အတွက် အိပ်မက်ဆိုးပဲ။

ထိုအိပ်မက်သည် မှောင်မိုက်၏။ စံသည် ကူကယ်ရာမဲ့ ခံစားချက်ဖြင့် အိပ်မက်ဆိုးထဲတွင် ပြေးလွှားနေခဲ့သည်မှာ လက်ထပ်ပြီး တစ်ပတ်အကြာမှာကတည်းက ဖြစ်သည်။

"စံ . . . ငါမေးနေတယ်လေ"





ခွန်သင်က လေသံဟာဟာဖြင့် ထပ်မေးပြန်သည်။

"စံမှ မဖြေချင်ဘဲ"

"စံ . . . ခေါင်းမာလှချည်လားဟင်"

ခေါင်းမာလှချည်လား ဆိုသော ခွန်သင့်စကားသည် စံနဲ့ခွန်သင်ရဲ့ အတိတ်နဲ့ ပတ်သက်ခဲ့သည်။ စံ့ကို ခွန်သင်အမြဲအလျှော့ပေးခဲ့ရသည်။ စံ့ကို ခွန်သင်အမြဲသီးခံခဲ့ရသည်။ လုပ်ချင်တာထလုပ်ပစ်တတ်သော စံ့ကြောင့် ခွန်သင်ဒုက္ခရောက်ပေါင်းမနည်း။ သို့တိုင်အောင်စံသည် ပြုံးပြုံးလေးဖြင့် ခွန်သင့်ကိုကြည့်နေတတ်မြဲ၊ ဒါကြောင့် ပင်မြင့်စံဟာ တစ်ဇွတ်ထိုး၊ တစ်ခေါက်ကန်း ခေါင်းမာတဲ့ ကောင်မလေးလို့ ခွန်သင်ကသတ်မှတ်ခဲ့တာပေါ့၊ ပြီးရင်တော့ ရင်ခွင်ထဲသွင်းကာ စံ့မျက်ခွံများကို တစ်မြှတ်တစ်နိုး နမ်းရှိုက်တတ်ခဲ့သည်။

"စံဘာလုပ်လုပ် ခွန်သင်နဲ့မှ မဆိုင်ဘဲ"

စံ အဲသလိုဖြေလိုက်စဉ်မှာ သူ့ရင်သည် မွမွကြေသွားတော့သည်။ စံထွက်ပြေးခဲ့စဉ်က သူလိုက်ရှာခဲ့တာတွေ၊ စံ့သတင်းကို မြိတ်ဘက်မှာ သဲ့သဲ့ကြား၍ သူလိုက်စုံစမ်းခဲ့တာတွေ၊ ကောင်းပြီ . . . စံမှမသိဘဲ၊ စံ့ကို အချစ်နိုင်ဆုံးယောက်ျားဟာ သူတစ်ယောက်တည်းမှမဟုတ်တာ။ တနိုင်းခသည်လည်း စံ့ကိုအတော်ချစ်ပုံရသည်။ သို့ရာတွင် ဆယ်နှစ်သမီးကတည်းက စံနှင့်အတူနေခဲ့သော သူ့လောက်စံလက်ထပ်ခဲ့သူသည် စံ့ကို အဘယ်မှာနားလည်နိုင်အံ့နည်း။

"စံပြောပြနိုင်တာ နည်းနည်းတော့ရှိတယ် ခွန်သင်"



www.burmeseclassic.com

www.burmeseclassic.com



"......"

သူသည် ခေါင်းကိုချုပ်တည်းထားပြီး စံ့ကိုစိုက်ကြည့်နေသည်။

"စံ ကိုကို့ကို မျှော်လင့်ချက်တွေနဲ့ လက်ထပ်ခဲ့တယ်...မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုရင် အနည်းဆုံး သူလက်ထပ်တဲ့ ယောကျ်ားဟာ သူ့ကိုစိတ်ချမ်းသာအောင် ထားမှာပဲလို့မျှော်လင့်မှာပဲ။ စံလည်းမျှော်လင့်ခဲ့တယ် ခွန်သင်...၊ ဒါအမှန်ပဲ၊ ဦးတနိုင်းခရဲ့ ကတော် ဘဝဟာ ငြိမ်းချမ်းလိမ့်မယ်လို့ စံတရားသေတွက်ဆထားခဲ့တယ်။ အဲ.. ဒါပေမယ့် လက်ထပ်ပြီး လေးရက်အကြာမှာ မမျှော်လင့်ဘဲ ကိုကို ကားအက်ဆီးဒင့်ဖြစ်တယ်။ ခြေထောက်နှစ်ဘက်လုံး ဖြတ်ပစ် လိုက်ရတယ်။ နဂိုကတည်းက သာလာဆီးမီးယားရောဂါသည်တစ် ယောက်ဟာ ဒုက္ခိတဘဝကိုပါ တစ်ပြိုင်တည်း ခံစားရတော့ သူကိုယ် တိုင်လည်း စိတ်ဓါတ်တွေကြမ်းလာတယ်။ စံကိုယ်တိုင်လည်း မမျှော် လင့်ကောင်းတဲ့...မတွေးကောင်းတဲ့အရာတွေ တွေးတတ်လာတယ်။ စံ့အသက် အစိတ်ပဲရှိသေးတယ်လေ ခွန်သင်၊ အသက်အစိတ်အရွယ် မိန်းကလေးတစ်ယောက်ဟာ ဘဝမှာ တောက်လျှောက်ရှုံးခဲ့တယ်၊ အရှုံးတွေထဲက ရုန်းထွက်ဖို့ အိမ်ထောင်ပြုလိုက်ခါမှ နွံထဲနစ်ရသလိုပဲ၊

ကိုကိုက စံ့ထက်အသက် ဆယ့်ငါးနှစ်တိတိကြီးတယ်၊ အစက တော့ အိမ်ထောင်ပြုလိုက်ရင် စံပျော်သွားမယ်၊ ဘဝမှာ အနည်ထိုင် သွားမယ်၊ ရင့်ကျက်သွားမယ်၊ ဒီလိုစံထင်ခဲ့တယ်။ ဒါပေမယ့် စံ ဒုက္ခိတ လူမမာလင်ယောကျ်ားတစ်ယောက်ကိုပဲ ရခဲ့တယ်၊ စံပြုစုရ





တယ်၊ ဒုက္ခခံရတယ်၊ သည်းညည်းခံရတယ်၊ အသက်အစိတ်အရွယ်မှာ စံဟာ သူများတွေထက် မြင့်တဲ့မုဆိုးမဘွဲ့ကိုခံယူရဖို့ နည်းနည်းပဲလို တော့တယ်။ စံပြောနိုင်တာ ဒါအကုန်ပဲခွန်သင်၊ စံ့ကိုမသနားဖို့တော့ စံတောင်းဆိုပါရစေ....စံ့ကို သနားတယ်ဆိုတာ စော်ကားတာထက် တစ်ဆင့်ပဲ နိမ့်တယ်လို့ စံယူဆတယ်"

"ကဲ...ဒါဖြင့် စံ ဘာဆက်လုပ်မလဲ"

"စံ ဘာလုပ်ရမလဲခွန်သင်၊ စံက ဆရာဝန်တစ်ယောက်မှ မဟုတ် ဘဲ၊ စံ ကိုကို့ကို ဆေးကုပေးလို့မရဘူးလေ၊ ဇနီးမယားတစ်ယောက် အနေနဲ့ စံ ကိုကိုသေတဲ့အထိ ထိုင်စောင့်ကြည့်ဖို့ပဲရှိတယ်၊ ဒါပဲရှိတယ်၊ စံတို့ပြင်ဆင်လို့မရတဲ့အရာတွေထဲမှာ သေခြင်းတရားက ထိပ်ဆုံးကပါ တယ်မဟုတ်လား"

"ဒါဆို စံက သူဆုံးတော့မယ်လို့ တရားသေ တွက်ပြီးပြီပေါ့"

"သူ သွေးသွင်းရတယ် ခွန်သင်...ခု ဘယ်လိုဖြစ်သလဲ ဆိုတော့ သွေးသွင်းရင်းနဲ့ ငှက်ဖျားကူးသွားတယ်"

"အိုး...ဂေါ့ဒ်"

သူ ဘုရားတလိုက်မိသည်။ သွေးသွင်းလျှင် စစ်လေ့ရှိသည်မှာ အသည်းရောင်ဘီပိုးနှင့် အေအိုင်ဒီအက်စ်တို့ပဲဖြစ်သည်။ ငှက်ဖျားတို့ နောက် အသည်းရောင်စီပိုးတို့ကို စစ်ပေးလေ့မရှိ။ တစ်ချို့မလွယ်ကူ တဲ့ဒေသမှာဆို အလျှုရှင်ဆီကသွေးကို မစစ်ဆေးဘဲ တိုက်ရိုက်သွင်း



www.burmeseclassic.com

www.burmeseclassic.com



ယူရသည်။ ထိုအခါ သွေးမှတစ်ဆင့် ကူးစက်သောရောဂါဖြစ်လေသည်။

"ငှက်ဖျားဖြစ်ရင် ဘေလုံးကိုထိတယ်မို့လား ခွန်သင်…သူက သလာဆီးမီးယား ရောဂါအခံရှိတော့ သူ့ဘေလုံးက သာမန်ရောဂါသည်တစ်ယောက် ခံရတာထက် အများကြီးပိုခံရတယ်"

"သူ့ကို ခွဲစိတ်ကုဖို့ မပြောဘူးလား"

"မရတော့ဘူး"

"ဘယ်လို…"

"သူက အခုအသည်းပါထိတာ"

"အသည်းက ကြီးနေပြီ၊ အဲဒါကိုပြောချင်တာလား"

"အင်း…သူ့ကိုကုန်တော့မယ်ခွန်သင်၊ ဘုရားသခင်က သူ့ကို အသက်လေးဆယ်ထိပဲ နေခွင့်ပေးမှာ သေချာတယ်"

"နင် သူ့ကိုကောင်းလာစေချင်သလား"

"ငါ မုဆိုးမ မဖြစ်ချင်ဘူး ခွန်သင်၊ မုဆိုးမဘဝဟာ ဘယ်လောက်တိ နာကျင်ကြေကွဲဖွယ်ကောင်းသလဲ နင်ပဲစဉ်းစားကြည့်၊ ပြီးတော့ ငါတို့လက်ထပ်ထားတာ ဘယ်လောက်မှကြာသေးတာ မဟုတ်ဘူး၊ ဒါပေမယ့် သူဆုံးသွားတဲ့အခါ ငါဘယ်လောက်ပဲသတ္တိရှိပါစေ ငါကိုယ်ပေါ်က တစ်ခါအိမ်ထောင်ပြုဖူးတယ်ဆိုတဲ့ ခြုံလွှာကို ငါ တစ်သက်လုံး ချွတ်ချလို့မရတော့ဘူး…ငါ့ဘဝမှာ အမဲစက်ဖြစ်သွားပြီ





တော်ရုံလူကငါ့ကို မုဆိုးမဆိုတဲ့အသိနဲ့ ရောင်ခွါကြမယ်၊ အကူအညီပေးချင်ဟန်ဆောင်ကြမယ်၊ နောက်ကွယ်မှာ ငါ့ကိုသနားကြမယ်၊

ရှေ့မှာတော့ ငါ့အသက်ငယ်ငယ်လေးနဲ့ နောက်တစ်ယောက်ယူလို့ရတယ်လို့ နှစ်သိမ့်ကြမယ်၊ နင်စဉ်းစားကြည့် ခွန်သင်…ငါနောက်တစ်ကြိမ်အိမ်ထောင်ပြုဖို့ ပထမအကြိမ်ယောက်ျားယူခဲ့တာမဟုတ်ဘူး၊ ငါ တစ်သက်လုံး တစ်လင်တစ်မယားစနစ်နဲ့ပဲ နေချင်ခဲ့တာ…ငါ မုဆိုးမ မဖြစ်ချင်ဘူး…ငါနာတယ်၊ အဲဒီအတွေးက ငါ့ကိုညဘက်မှာလည်း နှိပ်စက်တယ်၊ နေ့ဘက်မှာလည်း နှိပ်စက်တယ်၊ သင်ယောက်ျားဆိုတာ နေမကောင်းဖြစ်နေပါစေ မရှိတာထက် ရှိနေတာက ငါတို့မိန်းမတွေအတွက် အားကိုးရာပိုရပါတယ် ခွန်သင်…၊

ဖြစ်နိုင်ရင် ကိုကို့ကို ငါလုံးဝပြန်ကောင်းလာစေချင်တယ်၊ သူက ငါ့အတွက် မျှော်လင့်ချက်ပဲ၊ ငါ့ရဲ့ဘဝပဲ၊ ငါ့ကိုယ်ကို သူ့လက်ထဲမှာ ကျွက်အပ်ဖို့ ငါလက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခဲ့ပြီးပြီ။ ဒါပေမယ့် ငါ့ဆီက သူမကြာခင် ထွက်သွားတော့မယ်၊ အဲဒါကို သူလည်းသိတယ်၊ ငါလည်းသိတယ်၊ အဲဒီအသိဟာ ဘယ်လောက်နာကျင်ခွေးမြေ့စရာကောင်းသလဲ ခွန်သင်…၊ သူက ငါ့ကိုသိပ်ချစ်တာ၊ မိန်းမတစ်ယောက်လို ငါ့ကိုသူချစ်ခဲ့တာမဟုတ်ဘူး၊ ကလေးလေးတစ်ယောက်လို လက်ဖဝါးပေါ်တင်ပြီး ငါ့ကိုသူချစ်ခဲ့တာ၊ အခု သူက ဒုက္ခိတလူမမာသည့် ငါကငယ်ရွယ်နုပျိုပြီး ဖျတ်လတ်တဲ့အရွယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ကယ်ဆို ငါတို့က ပူပူနွေးနွေး ဇနီးမောင်နှံတွေ…ဒါပေမယ့် ငါတို့နှစ်ယောက်မှာ အပျော်မရှိဘူး၊ ဝမ်းနည်းကြေကွဲမှုတွေပဲရှိတယ်၊ တက်ကြွမှုမရှိဘူး၊ ချိနဲ့တွေဝေမှုပဲရှိတယ်၊ ငါ အဲဒီဒဏ်ကို…အဲဒီဒဏ်ကို ရင်နဲ့မမျှအောင် ခံစားရပါတယ် ခွန်သင်…"

စံသည် ကျလာမယ့်မျက်ရည်ကို အားတင်းတားဆီးကာ မျက်နှာကို မော့ထားလိုက်သည်။ စံ့ရဲ့ရင်ခွင်သည် ဖိုလှိုက်မောနေလေသည်။

စံ့မှာ ဒီခံစားချက်တွေရှိတာ ဘယ်သူ့ကိုမှ စံမပြောပြဘူးခဲ့။ စံသည် ကိုယ့်ကိုသူများ သနားမှာကြောက်သောမိန်းမဖြစ်သည်။

စံ့ဘဝမှာ တစ်သက်လုံး မိဘမဲ့ဟူသော အကြည့်ကို ခါးစည်းခံခဲ့ရသည်။ သနားခံခဲ့ရသည်။ ဘဝဆိုတာ မိတ္တူကူးစက်လို ကြိုက်တာရွေးကူးခွင့်ရမယ်ဆို စံသည်ကိုယ့်ဘဝကို ဆင်းရဲနွမ်းပါးသော မိဘထံမှာပဲဖြစ်ဖြစ် ဝင်စားပစ်လိုက်ချင်သည်။

စံသည် မိဘမဲ့ဟူသော စကားကို ဘဝမှာအနာကြည်းဆုံးဖြစ်လေသည်။ Orphan တစ်ယောက်ဟာ အချစ်ကိုလည်း ရယူပိုင်ခွင့်မရှိခဲ့။ ဘဝကိုလည်း အပျက်အစီးနဲ့သာ ကြုံဆုံရသည်။ ဘုရားသခင်သည် စံ့ကို ဒုက္ခများနှင့် ပျော်မွေ့စေချင်ခဲ့သည်။ ဒါမှမဟုတ်စံသည် သူ့များ မကောင်းသောဆုကို တောင်းမိလေ၍လားမပြောတတ်ပါ။ စံလိုချင်ခဲ့တာ စံကမချစ်ဘဲ စံ့ကိုသဲသဲလှုပ်ချစ်သော ယောက်ျားတစ်ယောက်ဖြစ်လေသည်။ တစ်ကယ်လည်း စံရခဲ့သည်။

သို့သော် လောကမှာ တစ်ခုလိုချင်လျှင် တစ်ခုပေးရသော သဘာ





ဝရှိသည်။ ထို့အတူ စံသည်လည်း စံ့ဆုတောင်းအတွက် မုဆိုးမဘွဲ့ကို ခံယူရပေတော့မည်။

"စံ…စိတ်လျှော့စမ်း…နင့်စိတ်တွေ သိပ်တင်းကျပ်နေတယ်၊ ငါပြောချင်တာ နင့်ကိုအပြစ်တင်တာမဟုတ်ဘူး"

"ဘာထူးလဲ…ဘာထူးလို့လဲ ခွန်သင်"

စံသည် အသံတိုးတိုး၊ သို့သော် နက်နက်ရှိုင်းရှိုင်းဖြင့် ပြန်မေးလိုက်သည်။

"လူတွေဟာ ငါ့ကို အမြဲမေးခွန်းတစ်ခုနဲ့ နှိပ်စက်ကြတယ်သိလား ခွန်သင်၊ ဒီရောဂါသည်ကြီးကို ငါအစက မသိဘူးလားတဲ့၊ ငါဘာကြောင့် လက်ထပ်ခဲ့သလဲတဲ့…အဲဒီမေးခွန်းဟာလေ ငါ့အသည်းကို ဓါးနဲ့မွှန်းပြီး ဆားသိပ်သလိုပဲ၊ ငါလက်ထပ်တာ အမှားတစ်ခုလို့ ငါ့ကိုယ်ငါသိလာအောင် အဲဒီမေးခွန်းက အမြဲနှိပ်စက်နေတယ်၊ ငါ့ကို ထိုးနှက်နေတယ်၊ ငါဘယ်လောက်ထိ အဲဒီဒဏ်ကို ခံရတယ်ထင်သလဲ ခွန်သင်၊ ကိုကို ရောဂါစဖြစ်ကတည်းက ခံရတာပဲ၊ အသက်အစိတ်ဆိုတာ လောကကြီးမှာ အင်မတန်ငယ်ရွယ်နုနယ်ပြီး ဘဝမှာ ပျော်ပျော်နေတဲ့အရွယ်ပါဟာ၊

ဒါပေမယ့် ငါ့မှာတော့ နေ့တစ်ဝ အဲဒီမေးခွန်းကိုပဲ ဖြေနေရတယ်၊ အဲဒါကိုပဲ ငါစိတ်ကုန်နေရတယ်၊ ငါဘယ်လောက်ထိ ဖိအားပေးခံရတယ်ထင်သလဲခွန်သင်၊ ဒါပေမယ့် ငါ ကိုကို့အပေါ်မှာ သစ္စာရှိတယ်၊ ငါစောင့်ထိန်းတယ်၊ ကိုကို့ဖာသာ သံသယတွေနဲ့ ပွန်းတီးနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါစောင့်ထိန်းတယ်၊ သူသေသွားရင် ငါလွတ်လပ်သွားမှာ မှန်ပေမယ့် လင်သားဆိုတဲ့ အကာအကွယ်ကို ငါ့ဘဝမှာ တန်ဖိုးထားတယ်၊ ဒါကြောင့် ငါသူ့ကို မငြူမစူ ပြုစုခဲ့တယ်၊ နေမကောင်းတဲ့လင်သားကို ပြုစုရတဲ့ ဆင်းရဲဒုက္ခက မုန်းဆိုးမဘဲ့ထက်တော့ အများကြီးသာပါတယ်ခွန်သင်၊ ဒါပေမယ့် ငါ့ကိုလူတွေ နားမလည်ကြဘူး··ငါ့ကိုမုဆိုးမဖြစ်သွားရင် ပိုကောင်းမယ်ထင်နေကြတယ်၊ အထူးသဖြင့် ကိုကို့ဘက်ကအသိုင်းအဝိုင်းပဲ···"

စံ စကားကိုရပ်လိုက်သည်။ စံ့စိတ်ထဲမှာ အရာရာကို နာကြည်းနေသည်။ မုန်းတီးနေသည်။ ကိုကို့ရဲ့ သံသယချက်ဝန်းတွေကိုလည်း မုန်းတာပဲ။ ကိုကိုပြုံးတတ်သောမဲ့ပြုံးကိုလည်း မုန်းတာပဲ။ ကိုကို့အသိုင်းအဝိုင်းရဲ့ အမြင်ကျဉ်းမြောင်းမှုတွေကိုလည်း မုန်းတာပဲ၊ ခွန်သင်နဲ့ ဝေးခဲ့ရတဲ့အဖြစ်ကိုတော့ စံအမုန်းတီးဆုံးဖြစ်လေသည်။ တစ်ကယ်တော့ ဝေးအောင်စံထွက်ပြေးခဲ့ရတာ။

စံချစ်တဲ့ယောက်ျား၊ စံမြတ်နိုးတဲ့ယောက်ျားကို စံကျောခိုင်းထွက်ခွါခဲ့ရတာဖြစ်သည်။ ကိုကိုနဲ့ကြိုက်တဲ့အချိန်မှာ စံသည် ခွန်သင်ရဲ့ ညာဘက်ပါးပြင်က မှဲ့နဲ့ပါးချိုင့်တစ်ဘက်ကို နာနာကျင်ကျင်လွမ်းဆွတ်သတိရနေတတ်ခဲ့သည်။

ကိုကို့ရင်ခွင်မှာ အသေတစ်ကောင်လို လဲလျောင်းနေခဲ့သော စံ့ရဲ့စိတ်သည် ခွန်သင်ရဲ့ သန့်စင်သော မျက်ခွံလေးများအား နမ်းရှိုက်မှုကို တမ်းတနေတတ်ခဲ့သည်။





စံသည် အိမ်ထောင်သည်ဘဝကို ရက်ပိုင်းမျှသာ စိတ်မပါတပါနှင့် လက်ခံခဲ့ရသည်။ သို့ရာတွင် စံရဲ့အသွင်အပြင်သည် တလောကလုံးမှာ ကိုကို့ကို အချစ်ဆုံးဟူသော ပုံစံမျိုးပေါက်နေခဲ့သည်။ စံဟန်ဆောင်ကောင်းခဲ့တာပါ။

ကံမကောင်းတာတစ်ခုက စံသည် ကိုကို့ကို လုံးဝမချစ်မှန်း ကိုကိုကိုယ်တိုင် အစကတည်းက လက်ခံခဲ့သော အချက်ဖြစ်လေသည်။ တစ်ကယ်တော့ ကိုကိုလည်းမိုက်သည်။ ကိုယ်ကချစ်ရရင် ပြီးရောဟူသော ဆုံးဖြတ်ချက်ဖြင့် စံ့ကိုလက်ထပ်၍ အရယူခဲ့သော ကိုကိုသည် မမျှော်လင့်ဘဲ ဒုက္ခိတဘဝကိုရောက်ခဲ့သောအခါ သူ့အချစ်တို့သည် သံသယစိမ်းစိမ်းများ ဖြစ်သွားကြသည်။

စံ့ကို အမြဲတမ်း သံသယဖြင့် စောင့်ကြည့်ဘတ်လာသည်။ ခနဲ့လာသည်။ အဲဒီမှာ စံတို့အိမ်ထောင်ရေးသည် ဝဋ်ကြွေးတစ်ခုအသွင်သို့ ကူးပြောင်းသွားတော့သည်။

"စံ···အခုနင်စောင့်နေတာပေါ့··ငါနားလည်ပြီ"

"စောင့်နေရုံအပြင် ငါ့မှာလုပ်စရာ ဘာများရှိလို့လဲ ခွန်သင်"

"ငါ ဆရာဝန်တစ်ယောက်အနေနဲ့ ကူညီမယ်"

"ဆရာဝန်ဆိုတာ ရောဂါကိုပျောက်အောင် ကုနိုင်ဖို့ဖြစ်နိုင်ပေမယ့် လူတစ်ယောက်သေမယ်ရှင်မယ်ဆိုတဲ့ အရေးကိုဆုံးဖြတ်ချက်တိတိကျကျပေးလို့ မရပါဘူးခွန်သင်၊ နင်တို့ဆရာဝန်တွေက နတ်ဘုရားတွေ မှမဟုတ်တာ။ နင်တို့မှာ ကံကြမ္မာကို ပြင်ဆင်ခွင့်မရှိဘူး··နင်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုတတ်ရုံပဲ၊ ရောဂါပျောက်ရုံ၊ ချမ်းသာရုံပဲ၊ လူမသေအောင် နင်တို့မတတ်နိုင်ဘူး…ပြီးတော့ သတ်မှတ်ပြီးသား လူ့သက်တမ်းတစ်ခုကို နင်တို့ ဘယ်လိုအတိုးအလျှော့လုပ်မလဲ…”

“နင် မှုဆိုးမ မဖြစ်ချင်ဘူးဆို…”

“ဖြစ်လာတဲ့အခါ ငါရင်ဆိုင်ဖို့ ကြိုးစားမှာပါ ခွန်သင်”

သူသည် ချစ်သူကို လက်လျှော့အရှုံးပေးလိုက်ပြီ။ သူ့ချစ်သူသည် နားလည်ရခက်သော သဘောရှိသည်။ တစ်ခါတစ်ရံ တစ်ဘက်စွန်းရောက်သည်။ တနိုင်းခရဲ့ အသိုင်းအဝိုင်းကို စံဘယ်လိုများရင်ဆိုင်ရမလဲ။ သူ့ရင်သည် အပူတွေကူးစက်လာသလိုထင်ရသည်။

“စံ…ငါ နင့်အနားမှာ အမြဲရှိနေပေးမှာပါ”

စံသည် ခပ်ဖျော့ဖျော့ပြုံးပြလိုက်သည်။ မလိုအပ်ပါ။ စံသည် ကိုကို့ရဲ့ သံသယနှောင်ကြိုးကို သည်းခံမှုဖြင့် စောင့်ဆိုင်းဆုံးဖြတ်ချင်သူဖြစ်သည်။

“ငါသေသွားရင် ညည်းကရည်းစားဟောင်းနဲ့ ပြန်ယူမှာပါ”

ကိုကို သတိရတိုင်း ပြောခဲ့သောစကား၊ စံသည် ကိုယ်ချစ်သော ယောက်ျားနဲ့သံယောဇဉ်ရှိသော ယောက်ျားနှစ်ယောက်စလုံးကို အထိမနာစေချင်။

ကိုကိုက လူမမာပဲ။ ပြောချင်တာပြောပါစေ။ အဲဒီလိုသဘောပိုက်ထားခဲ့သည်။ သို့သော် ခွန်သင်ကိုလက်ထပ်ဖို့ ဘယ်တော့မှမဖြစ်နိုင်မှန်း စံသိခဲ့သည်။ ဆရာဝန်တွေချည်းဖြစ်သော ဖေဖေနှင့်မေမေက





စံ့ကိုချွေးမတော်ဖို့ ကြောက်လန့်နေခဲ့ကြသည်။ မျိုးဆက်ပျက်ပြီး ပြန့်ပေါ်တတ်သော မျိုးရိုးဗီဇကို ဆရာဝန်တွေပီသစွာ ကြောက်နေခဲ့ကြသည်။ စံက မိန်းမပျက်ရဲ့သမီးပဲ။

စံ့မှာ သွေးပါလာတာကိုး…၊

ဒါကြောင့် သူတို့ ကြောက်နေတာ မဆန်းပါ။ ကိုကို့ကို လက်ထပ်ခဲ့ခြင်းအတွက် စံနာကျင်ရမှုသည် ခွန်သင်နဲ့ စံ့ကိုခွဲပစ်ခဲ့သည့်အတွက် နာကျင်ရမှုလောက်မဆိုးဝါးပါ။

စံသည် ပါးချိုင့်လေးတစ်ဘက်တည်းရှိ၍ မျက်လုံးတောက်တောက်လေးများပိုင်ဆိုင်သော အရပ်ခြောက်ပေရှိသော စံ့ချစ်သူကို အချစ်ဆုံးပင်တည်း။

“ကျေးဇူးတင်ပါတယ် ခွန်သင်”

“စံ…မနက်ဖြန်ကျရင် သူ့ကိုအိမ်ပြန်ခေါ်သွားလို့ရပြီ”

“ဆေးရုံမှာ စံပိုစိတ်ချမ်းသာတယ်”

“ဘယ်လို”

သူ သိပ်နားမရှင်းပေ။ လူနာအများစုသည် သေမှာသိထားပြီးသားဆိုလျှင် မိမိအိမ်ကို လူနာရှင်များက ပြန်ခေါ်ချင်ကြသည်။

“ဟုတ်တယ်…ကိုကိုသေမှာ စံသိတာပဲ၊ ဒါပေမယ့် ဆေးရုံမှာ သွေးပုလင်းပိုက်တန်းလန်းနဲ့ သေရတာ ပိုဂုဏ်ယူတယ်ခွန်သင်၊ အိမ်မှာ ဘာရှိမှာလဲ၊ အိမ်မှာအောက်ဆီဂျင်ပေးလို့ရဘူး၊ သွေးသွင်းလို့မရဘူး၊ ကန်ချူလာမရှိဘူး၊ ဆေးရုံမှာ တတ်ကျွမ်းတဲ့ ဆရာဝန်တွေ

www.burmeseclassic.com



အများကြီးပဲ၊ မတတ်တဲ့လူတွေ၊ နုလပိန်းတုံးတွေလက်ထက်မှာသေရ တာထက် တတ်ကျွမ်းတဲ့ဆရာဝန်တွေလက်ထဲမှာ ကိုကိုသေသွားတာ ငါကြည့်ချင်တယ်၊

ဘာမှမလုပ်နိုင်ဘဲ သူသေမှာ ငါထိုင်စောင့်မကြည့်ချင်ဘူး ခွန်သင်၊ မကြည့်ရက်ဘူး…ငါမတတ်တဲ့ပညာကို ဆရာဝန်တွေတတ် တယ်၊ ဒီတော့ ငါ့ယောက်ျားကို ငါဆေးရုံမှာပဲထားမယ်၊ သွေးပုလင်း ပိုက်တန်းလန်းနဲ့ သေသွားတာပိုဂုဏ်ရှိတယ်လို့ ငါခံယူတယ်ခွန်သင်"

"ငါက တာဝန်အရမေးတာပါ၊ လူနာရှင်က အဲသလိုခံယူချက်ရှိ ရင် ကောင်းပါတယ်၊ အမှန်တော့ ဆေးရုံက စိတ်အချရဆုံးပဲ၊ ရန်ကုန် ဆေးရုံဆိုတာ အကြီးဆုံးသင်ကြားရေး ဆေးရုံကြီးပဲ၊ လူတွေယုံကြည် မှုကိုရတာ ဆရာဝန်တစ်ယောက်အနေနဲ့ ငါဂုဏ်ယူပါတယ်"

သို့သော် ခွန်သင်မသိတာတွေရှိသေးကြောင်း စံမပြောပြရက်တော့ ပါ။ စံသည် ကိုယ့်ချစ်သူကို အပူထပ်မပေးရက်တော့။

မနက်သုံးနာရီမှာ အိပ်ဆေးအရှိန်ဖြင့် အိပ်ပျော်သွားသော ကိုကို သည် မနက်ရှစ်နာရီမှာ နိုးလာလေသည်။

"မောနင်း ကိုကို"

"မောနင်း…စံမျက်နှာတွေ ခြောင်ကျနေပါလား"

"ဟုတ်တယ်…ညက ကိုကို့ကို စောင့်ပေးနေတာ၊ သွေးပုလင်း ပိုက်ကညတစ်နာရီမှဖြုတ်လိုက်တာလေ…ကိုကိုပြီးတော့မှ ဆေးတိုးလို့ အိပ်သွားတာ"





"ဟုတ်လား…ကိုကိုမမှတ်မိတော့ဘူး"

"မျက်နှာသစ်ရအောင် ကိုကို"

"အိုကေ"

ရေနွေးနဲ့ရောကို ရောပြီးမျက်နှာသုတ်ပုဝါ အသေးတစ်ထည်ကို ရေခွက်ထဲစိမ်လိုက်သည်။ ပြီးတော့ အသာရေညှစ်ကာ ကိုကို့မျက်နှာ ကိုနူးနူးညံ့ညံ့ပွတ်တိုက်ပေးလိုက်သည်။ မျက်ချေးတွေ အသာကော် ထုတ်သည်။

"နာလား ကိုကို"

"မနာဘူး"

"ပြီးရင် ပလုတ်ကျင်းလိုက်ဦး…စံ သွားတိုက်ပေးမယ်"

"အင်း"

တစ်ခုပြီးတစ်ခု ဇယ်ဆက်သလိုလုပ်နေသော စံ့ကို သူမမှိတ်မသုန် ကြည့်နေမိသည်။ စံ့မျက်နှာဟာ ဘာကြောင့်ဒီလောက်လှနေရသလဲ၊ သူသည် လုပ်သော မျက်နှာကိုကြည့်ကာ ဘာမဆိုင်ညာမဆိုင် ဟိုစုံ ရည်းစားဟောင်း ဆရာဝန်ကောင်ကို ဆွဲထိုးချင်စိတ်ပေါက်လာလေ သည်။

သူ့ခန္ဓာကိုယ်အောက်ပိုင်းကိုမူ သူမကြည့်ရဲ။

စောင်အုပ်ထားသော သူ့ခန္ဓာကိုယ်အောက်ပိုင်းမှာ ဒူးဆစ်နှစ်ဘက် လုံးကနေ ဖြတ်ထုတ်ထားသော ငုတ်တိုတို ခြေထောက်နှစ်ဘက်ရှိသည်။ သူ မျက်လုံးကို ယောင်ယမ်းမှိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပြိုင်မောင်းခြင်းရဲ့ ရလာဒ်ဆိုပဲ၊ လက်မောင်းက သွေးအစက်အပြောက်များကတော့ ယခုခြောက်သွေ့သွားချေပြီ။ သွေးဝင်သွားပြီလေ၊

သူများသွေးနဲ့ သူအသက်ဆက်ရတာ နှစ်ပေါင်းမနည်းတော့၊ သွေးသွင်းပြီးလျှင် သူလူကောင်းပကတိ၊ အခုတော့ မဟုတ်တော့၊ သူ့ဗိုက်သည် ဆာလိုးနဲ့ အသည်းကြီးခြင်းကြောင့် အောင့်ကာဗိုက်ကရေဖျဉ်းအနည်းငယ်ရှိလေသည်။

သရက်ရွက်မှာပါ ထိနိုက်နေပုံရသည်ဟု ဆရာဝန်များက အသိပေးကြသည်။ အစိက သူရင်ဆိုင်ရသော ပြဿနာမှာ သူသည် ဘယ်လိုမှ ယောက်ျားပီသခွင့်မရှိတော့သည်ကိုဖြစ်သည်။ အတိတ်ကို သူပြန်မတွေးချင်ပေ။ သူသည် ငယ်စဉ်ကတည်းက ယှဉ်ပြိုင်ခြင်းကို သဘောကျခဲ့သည်။ စံ့ကိုလည်း သူ့အချစ်ဆုံးသူငယ်ချင်းနှင့် ယှဉ်၍ ရယူခဲ့သည်။ စံသူ့လက်ထဲရောက်ပြီးသည့်နောက် သူသည် ကံဆိုးမှုများဆက်တိုက်ကြုံရသည်။ သူ့အသိုင်းအဝိုင်းသည် စံ့ကြောင့်ဟု တရားသေစွပ်စွဲကြသည်။ စံသည် ကံဆိုးမှုများ တစ်ကယ်သယ်ဆောင်လာသူ ဖြစ်ကြောင်း သူကိုယ်တိုင်ပင် သံသယရှိခဲ့သည်။ သို့ရာတွင် စံ့မျက်လုံးကြည်ကြည်တောက်တောက်ကလေးကို မြင်တာနဲ့ သူ့သံသယတို့ ပျောက်လွင့်ရပြန်သည်။ တဖန် ထိုမျက်နှာလေးကို မိမိလိုပဲချစ်တဲ့လူတွေရှိနေကြသေးသည်ဟူသော အသိသည် စံ့ကိုသူအော်ငေါက်၍ စိတ်ဆင်းရဲအောင်ပြုမူချင်လာအောင် သွေးဆောင်ဖန်တီးပြန်သည်။





ရောဂါသည်တစ်ယောက်ကို စံဘယ်လိုအင်အားနဲ့ သည်းခံနေပါလိမ့်။ သူ့မှာရှိသောငွေသည် သူ့ရောဂါကုတာနှင့်ငင် ကုန်တော့မည်။ ဒုက္ခိတတစ်ယောက်ကို စံဘာကြောင့် အမြဲပြုံး၍ ပြုစုနိုင်ပါလိမ့်။ သူသည် ငွေကိုဖြစ်စေ၊ လူကိုဖြစ်စေ၊ စံ့အားဘာတစ်ခုမှ မပေးနိုင်ခဲ့တော့၊ ထို့အတွက် သူသည်စံနှစ်နာမှာ သိနေရက်ကနေ သူကပင်ပို နှစ်နာသယောင် ကိုယ့်ကိုကိုယ် လှည့်စားထားလေသည်။

"ကိုကို့အတွက် ဟောလစ်ဖျော်ထားတယ်"

"မသောက်ချင်ဘူး"

"ဒါဆို ဘာသောက်မလဲ"

"လက်ဘက်ရည်"

"ဆေးရုံမှာ စံလက်ဘက်ရည် ဘယ်လိုဖျော်လို့ရမှာလဲ ကိုကို"

"ဆိုင်က ဝယ်လိုက်"

"ဆိုင်ကဖျော်တဲ့ လက်ဘက်ရည် ကိုကိုဘယ်တုန်းက သောက်ဖူးလို့လဲ"

"ငါသောက်ချင်တယ်ဆို ဝယ်ပေးရမှာပေါ့"

စံသည် ရှည်ရှည်ဝေးဝေး စကားမပြောတော့ဘဲ ပိုက်ဆံအိတ်ဆွဲကာ ဆေးရုံအောက်ထပ်ဆင်းလာလိုက်သည်။ ဆေးရုံကင်တင်းထဲမှာ ခွန်သင်က သူငယ်ချင်းများနဲ့ လက်ဘက်ရည်သောက်နေတာတွေ့သည်။ စံ့ကိုမြင်တော့ နေရာမှထလာသည်။

"ဘာလာဝယ်တာလဲ စံ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဘက်ရည်"

ချိုပေါ့ကျလက်ဘက်ရည်တစ်ခွက်ကို ပါဆယ်ဝယ်ပြီးနောက် စံ့နှင့် ခွန်းသင်ပြန်လိုက်လာခဲ့သည်။

"ဂျူတီဘယ်တော့ ထွက်မှာလဲ"

"မနက် ကိုးနာရီမှ ထွက်မှာ၊ အခုခဏကော်ဖီထွက်သောက်တာ အခု စံဘာစားပြီးပြီလဲ"

စံ ခေါင်းခါပြလိုက်သည်။

"စံ့မှာ အစာအိမ်ရောဂါရှိတယ်လေ…နေဦး…ငါပြီးရင် ပေါင်မုန့် မီးကင်ကို နှစ်တစ်ယောက်နဲ့ လာပို့ခိုင်းလိုက်မယ်"

"ရတယ် ခွန်းသင်…စံ့အတွက် ဒုက္ခရှာမနေပါနဲ့…အစာအိမ် လည်း စံဂရုစိုက်နိုင်ဘူး…ကိုကိုကအရေးကြီးနေတယ်"

သူသည် စံ့မျက်နှာကို အားတစ်စောင်းမှ ခိုးကြည့်လိုက်သည်။ နားထင်နားရင်းတွေ ပိန်ချိုင့်သွားလိုက်တာ၊ စံသည် အိမ်ထောင်ကျ ပြီးမှ လူတစ်ကိုယ်လုံးပိန်ကျသွားသည့်အပြင် မျက်နှာလည်း တော် တော်ချောင်ကျသွားသည်။ စိတ်သောကသည် စံခန္ဓာကိုယ် ပိန်ကျသွား သည်ကိုကြည့်ခြင်းအားဖြင့် ဘယ်လောက်ပြင်းထန်မှုရှိသည်ကို သိနိုင် သည်။ စံသည် ငိုတတ်သောမိန်းမ မဟုတ်ချေ။ ငိုတတ်သူမဟုတ် သောကြောင့် စံ့ရင်ထဲကသောကကို အတူနေခဲ့ဖူးသူလောက် ဘယ်သူ စိမ်းကမှ နားလည်မည်မဟုတ်ချေ။

စံသည် သောကကို တင်းတင်းကြံ့ကြံ့ခံနိုင်သော မိန်းမဖြစ်ကာ





ပြုံးသနာတစ်ရပ်ကို မျက်နှာချင်းဆိုင် ဖြေရှင်းတတ်သော မိန်းမမျိုးဖြစ် သည်။

စံ့မှာ သူ့အနားလည်ဆုံးကိစ္စသည် မျိုသိပ်တတ်ခြင်းပင်ဖြစ်လေ သည်။ စံသည် သောကကို မျိုသိပ်တတ်သည်။ အပြင်လူသည် စံ့ရဲ့ ဟန်ဆောင်ကောင်းမှုကို ဘယ်တော့မှ သိုက်မမီချေ။ စံ့ကို စံ့လောက် နီးပါးနားလည်သူသည် သူတစ်ယောက်တည်းသာ ရှိလေ သည်။

"ခွန်းသင်…အပန်းမကြီးဘူးဆိုရင် တစ်ခုလောက်ကူညီပါလား ဟင်"

"ပြောလေ…"

"ကိုကို့ရှေ့မှာ စံ ခွန်းသင့်ကို ခေါက်တာလို့ပဲ ခေါ်ပါရစေနော်၊ ပြီးတော့ အဲသလိုခေါ်တာလောက်နဲ့ စံ့မှာအပြစ်မရှိနိုင်ပါဘူးနော်"

"စံရယ်…"

သူ ညီးတွားလိုက်သည်။ စံဘာကိုကြောက်နေတာလဲ၊ စံ့မှာ သူမသိစေချင်တာတစ်ခုခုတော့ရှိလိမ့်မည်။ တစ်ခုတောင်ကရဲ့လားမသိ၊ စံ့မှာမျိုသိပ်၍ ကြိတ်ခံစားရသော အရာတွေ များပြားစွာရှိနေနိုင်သည်။

"စံ့ကို ခွန်းသင်စိတ်မဆိုးပါနဲ့နော်…စံလေ ကိုကို့ကို စိတ်ချမ်း သာစေချင်တယ်၊ ဘာကြောင့်ပဲ လက်ထပ်ခဲ့ပါစေ စံ သူ့ကိုသစ္စာရှိ တယ်၊ ရင်ထဲကရော၊ အပြင်မှာပါ စံတစ်ကယ်သစ္စာရှိတယ်၊ ဒါပေ မယ့် အဲဒါကို စံ့ဟာစံပဲ နားလည်တယ်၊ ကိုကိုနားမလည်ဘူး၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုလူမျိုးကမှလည်း နားလည်မှာမဟုတ်ဘူး၊ စံကိုကို့ထက် အသက်ငယ်နေတာဟာ ပြဿနာတစ်ရပ်ပဲခွန်သင်၊ စံပြင်ဆင်လို့မရတဲ့ အမှားတစ်ခုကို စံပဲဆက်ပြီး အဆုံးသတ်ချင်တယ်၊ အပြင်လူတစ်ယောက် ဝင်မလာစေချင်ဘူး··အထူးသဖြင့် ခွန်သင်ပေါ့၊ ခွန်သင့်ကို စံ့စိတ်ထဲမှာ အစ်ကိုလိုပဲ ယူဆထားတယ်၊ စံ့အတွက်နဲ့ နောက်ထပ် လူတစ်ယောက်ကို မနာကျင်စေဘူး"

"စံ···ဒီစကားတွေ ဘာလို့ပြောနေရတာလဲ"

"ဘာလို့လဲဆို···ကိုကိုက ခုချိန်မှာ အရက်မူးပြီး ဓါးကိုင်ရမ်းနေတဲ့ လူတစ်ယောက်နဲ့ တူနေလို့ပဲ၊ ဘဝထဲမှာ သူဖြစ်ချင်တာ အမြဲဖြစ်အောင်လုပ်ခဲ့တဲ့ကိုကိုက အခုအိပ်ရာပေါ်မှာ ပက်လက်၊ ဝှီးလ်ချဲနဲ့သွားရမဲ့အခါ သူ့စိတ်တွေ ခက်ထန်ပြောင်းလဲလာတာ မဆန်းပါဘူး၊ သူ့လက်ထဲက သံသယဓါးနဲ့ ကြုံက်တဲ့လူကို သူခုတ်နိုင်တယ်ခွန်သင်၊ သူ အဲဒီဓါးနဲ့ကိုင်ရမ်းရင် စံပဲ အရင်ခံပါရစေ၊ ဘေးသူစိမ်းကို စံအထိခိုက်မခံနိုင်ဘူး၊ ဒါပဲနော်··စံအရင်သွားနှင့်မယ်"

စံ့ခန္ဓာကိုယ်နောက်ပိုင်းကို သူစိတ်ပျက်လက်ပျက်ငေးကြည့်နေမိသည်။ စံသည် ဘာကြောင့်များ ဒီလိုလူတစ်ယောက်နဲ့ လာတွေ့ခဲ့ပါလိမ့်။

ဘာကြောင့်များ သူ့ရင်ခွင်ထဲက စံထွက်ပြေးသွားပါလိမ့်···။

* * * * *





ဘဝမှာ စံအလိုအပ်ဆုံးအရာသည် စိတ်ချမ်းသာဖို့ပင်ဖြစ်သည်။ စံ့ဘဝမှာ စိတ်ညစ်ညူးစရာတွေ အတော်များများကြုံခဲ့သည်။ စံသည် ဂေဟာနောက်ဘက်ရှိ ပိတောက်ပင်ကြီးအောက်တွင် အရွယ်နှင့်မလိုက်အောင် တွေဝေငေးမောတတ်ခဲ့သည်။

ဂေဟာမှူးအဲလစ်သည် စံ့ကို တစ်ခြားမိန်းကလေးတွေထက် ပိုဂရုစိုက်သည်။ စံတို့ဂေဟာတွင် စံနဲ့ဘေးချင်းကပ်လျှက် အိပ်ရသော ဆောင်မလေးမိပုတ်သည် စံ့ကိုကြည့်မရ။ အဲလစ်ရဲ့ဂရုစိုက်မှုကြောင့် စံ့ကိုအတော်မနာလို ဖြစ်လျက်ရှိသည်။

ထို့ကြောင့် ထမင်းစားချိန်တွင် စံ့ပေါင်ပေါ်သို့ ထမင်းတွေဖိတ်စင်အောင် တမင်တကာလုပ်ခြင်းမျိုး၊ မြက်ရှင်းချိန်တွင် စံအလှန်ကြောက်တတ်သော တီကောင်တွေကိုတုတ်နဲ့ကော်ကာ မြက်နုတ်သော စံ့လက်တွေပေါ် ပစ်ချခြင်းမျိုးတွေ လုပ်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားသော နှိပ်စက်ရန်စခြင်းများကို စံသည်းခံနိုင်သော်လည်း ပိုးဟပ်တွေကို စံ့ခေါင်းအုံးအောက်ထည့်ထားခြင်းမျိုးအား အလွန်ပင် စံထိတ်လန့်မုန်းတီးပါသည်။ ပိုးဟပ်သည် စံ့ပါးပြင်ပေါ်သို့ ရွစိရွစိနှင့် တက်လာချိန်တွင် ငယ်သံပါအောင် စံအော်ဟစ်မိကာငိုသည်။

ထို့နောက် စံအပြင်းဖျားတော့သည်။ အပြင်းဖျားသောစံသည် ဂေဟာရှိ ဆရာဝန်နှင့်ပင် မသက်သာ။ ကလေးအထူးကု ဒေါက်တာ တင်တင်လေးထံမှာ ပြသရသည်။

အဲဒီဒေါက်တာ တင်တင်လေးဆိုတာ စံ့ရဲ့မေမေဖြစ်လာမယ့်သူ ပင်ဖြစ်သည်။ မေမေသည် စံချစ်သော နူးညံ့မှုမျိုးပိုင်ဆိုင်သည်။ မေမေ့ မျက်ခုံးတွေကနက်မှောင်သန့်စွမ်းကာ မေမေ့နှုတ်ခမ်းများသည် ပါးလျကာ နီမြန်းသည်။ စကားပြောလျှင် မေမေဟု သုံးနှုန်းပြောလေ့ ရှိသော မေမေ့လက်နဲ့ထိလိုက်တာနဲ့ စံ့အဖျားသက်သာလေသည်။

မေမေ့ကို အဲလစ်က စံ့အကြောင်းအင်္ဂလိပ်လိုပြောပြသည်။ နားထောင်နေရင်းနဲ့ မေမေက စံ့ကိုသနားကြင်နာစွာ ပြုံးပြလေသည်။ နောက်တစ်ပတ်တွင် မေမေဂေဟာသို့ ရောက်လာလေသည်။ မေမေနဲ့ အတူပါလာသည်မှာ ဘောင်းဘီတို မြင်းချေးရောင်နှင့် အရုပ်တွေပါ သောအင်္ကျီအဖြူဝတ်ထားသည့် ပါးချိုင့်တစ်ဘက်ပါသော ကောင်လေး ဖြစ်ပေသည်။

"ဒါ သမီးရဲ့အစ်ကိုပဲ ခွန်သင်ဇာတဲ့၊ သားကလည်း မှတ်ထား နော်၊ ဒါ ပင်မြင့်စံတဲ့၊ သားရဲ့ညီမလေးပေါ့"





ခွန်သင်ဇာက စံ့ရဲ့လက်တစ်ဘက်ကိုဆွဲကာ-

"ညီမလေး"

ဟု ခေါ်ပြီးရယ်ပြသည်။

ခွန်သင့်လက်ကလေးတွေသည် တုတ်တုတ်ဖြူဖြူကလေးဖြစ်၏။ စံ့လက်တွေက ရှည်လျား၍ ဝါဝင်း၏။ စံ့လက်ချောင်းများရဲ့ အရင်းပိုင်းမှာအမွှေးစိမ်းစိမ်းကလေးတွေရှိသည်။

"ညီမလေးက ချစ်စရာလေး"

စံသည် ခွန်သင်ရဲ့နှစ်လိုဖွယ်ကောင်းသော မျက်နှာကလေးကို ကြည့်၍ရယ်ပြလိုက်သည်။ မေမေကစံ့ပုခုံးကိုဖက်ကာ-

"မေမေတို့နဲ့ လိုက်နေချင်ရဲ့လားစံ"

"ဟုတ်ကဲ့ မေမေ"

ဤသို့ဖြင့် စံသည် သူများကလေးတွေထက် ထူးကဲသောရုပ်ရည် ပိုင်ဆိုင်မှုကြောင့် ဒေါက်တာဇော်ယန်နဲ့ ဒေါက်တာတင်တင်လေးတို့ ရဲ့ သမီးအငယ် ဖြစ်ခဲ့ရသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ အိမ်လေးသည် တစ်ထပ်တိုက်ဖြစ်သည်။ အိမ်ကခေါင် မိုးချွန်ချွန်ကလေးနှင့် ပြက္ခဒိန်မှာပါသော အိမ်ကလေးနှင့်တူသည်။

အိမ်ရှေ့တွင် ဂန္ဓမာပန်းခင်းများရှိသည်။ အိမ်ပတ်ပတ်လည်တွင် နှင်းဆီအရိုင်းခြုံများ စိုက်ထားသည်။ အိမ်ကလေးကို အဝေးကကြည့်လျှင် ကဗျာဆန်လှပါသည်။ ပြီးတော့ ကျောင်းကိုသွားဖို့ ပန်းခင်းများကို ဖြတ်ကျော်သွားရသည်။

မေမေတို့အိမ်ရောက်စညက ဖေဖေမရှိပေ။ ဘွဲ့လွန်တစ်ခုအတွက် ဖေဖေ ရန်ကုန်သို့ခဏသွားနေသည်ဟု ဆိုပါသည်။ ဖေဖေဆိုတာကို ဓါတ်ပုံထဲမှာပဲ စံမြင်ခဲ့သည်။

မေးရိုးကားကား၊ စူးစူးရှရှမျက်လုံးများနဲ့ ဖေဖေသည် မေမေ့လောက် သဘောကောင်းပုံမရဟု စံက ကလေးအတွေးဖြင့်ထင်ခဲ့သည်။





မေမေတို့ အိမ်ကလေးနာမည်က စံရိပ်ငြိမ်။

စံရိပ်ငြိမ်သို့ စံရောက်လာသောအခါ စံ့ဘဝသည် အနေအထိုင် အပြုအမူများပါမကျန် အရင်တုန်းကဂေဟာမှ စံနှင့်ဘာမှမဆိုင်။

အခုစံသည် အကျႌလက်ရှည်ဖြူဖြူကလေးများနှင့် စကတ်လှလှကလေးများကို ခြေအိတ်နဲ့ လေဒီရှူးနဲ့တွဲဝတ်ရလေသည်။ ပြီးတော့ ခက်ရင်းနဲ့ဇွန်းနဲ့ ထမင်းကိုကျကျနနစားတတ်လာသည်။ ချောကလက်ဆိုတာကို မေမေတို့ဆီရောက်မှ စံမြင်ဖူးတာဖြစ်သည်။ ချိုအီတဲ့အရသာရှိသည်။

"ကောင်းတယ်နော် မေမေ"

"သမီး ကြိုက်လား"

"ဟုတ်ကဲ့…"

"နောက် သမီးစားချင်ရင် ဒီထဲက ယူစားနော်"

ဘယ်လောက်ထိ စံတုံးသလဲဆိုရင် ရေခဲသေတ္တာကိုပင် စံမဖွင့်တတ်ခဲ့ချေ။ ခွန်သင်က သင်ပေးခဲ့သည်။ အအေးဗူးကိုလည်း စံမဖွင့်တတ်။

"စံ…သမီးခွန်သင်နဲ့အတူတူ ကျောင်းတက်ရမယ်နော်"

"ဟုတ်ကဲ့ မေမေ"

ကျောင်းတက်ရန် ဝတ်စုံကို စံအရမ်းသဘောကျပါသည်။ မြေနီလမ်းတစ်ဘက်တစ်ချက်မှာ တစ်မျှော်တစ်ခေါ်ရှိသော ပန်းခင်းတွေကို ဖြတ်ကျော်၍ စံနဲ့ခွန်သင်ကျောင်းတက်ရသည်။ စံသည် ခွန်သင့်ထက်



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ငယ်လေသည်။ အင်္ဂလိပ်လိုပြောရသော ကျောင်းသည် စံ အတွက် အစပိုင်းမှာ အဆင်မပြေ။ နောက်ပိုင်းမှာ အဆင်ပြေသွားခဲ့ သည်။ စာတော်သော ခွန်သင်သည် ကျောင်းမှာဟီးရိုးဖြစ်သည်။ စံ့ကိုကျတော့ လူတွေသည် ခွန်သင့်ညီမလေးဟူသော အသိနဲ့အရမ်း မြှောက်စားကြလေသည်။

“သမီးကို ဘယ်သူကမေးမေး…မေမေ့သမီးပဲလို့ပြောရမယ် ကြားလား စံ…ခွန်သင်က သမီးအစ်ကိုပဲနော်”

“ဟုတ်ကဲ့”

မေမေက ထိုမြို့ကလေးမှာ အထင်ကရ ကျောင်းဆရာတစ် ယောက်ဆီမှာ စံနဲ့ခွန်သင်ကို အနီးကပ်ကြီးကြပ်ဖို့ အပ်ထားလေသည်။ ထိုဆရာသည် ပါဝါမျက်မှန်အထူကြီးတပ်ကာ အဝါရောင်ကောက် ကောက်ကွေးကွေး လက်ကိုင်ရှိသော ထီးအမဲကြီးကို ကိုင်တတ်သည်။ မျက်မှန်အောက်က သူ့မျက်လုံးများသည် နဂိုရှိရင်းဖွဲ့ထက် ပိုပြူးသလို ထင်ရလေသည်။

ဆရာက စံနဲ့ခွန်သင်ကို ခပ်တည်တည် ရှုတင်းတင်းကြည့်တတ် ပြီး ကျောင်းကအိမ်စာတွေကို ပုံမှန်လုပ်ခိုင်းတတ်သည်။ ခွန်သင်က မပျင်းပေမယ့်စံကပျင်းသည်။

ဥပမာ–သောကြာနေ့ပေးတဲ့ အိမ်စာတွေကို စနေ၊ တနင်္ဂနွေကျမှ လုပ်ချင်ပေမယ့် ဆရာက ကြိမ်လုံးကိုင်၍ စောင့်နေတတ်သဖြင့် ကြောက်ကြောက်နဲ့ တစ်ခါတည်းရေးရသည်။





တစ်နေ့မှာ အိမ်စာလုပ်နေတုန်း စံနဲ့ခွန်သင်ကို ခဏထားခဲ့ကာ ဆရာအိမ်သာဝင်သွားသည်။ စာရေးရတာ ပျင်းသောစံသည် ဆရာမရှိ တော့တာနဲ့ ခဲတံပစ်ချကာ ခြေပစ်လက်ပစ်သမ်းဝေလိုက်သည်။

“အိပ်ချင်နေပြီလား စံ”

“ပျင်းလို့”

“ချော့ကလက်စားမလား”

“ဟင့်အင်း”

“အအေးသောက်မလား”

“ဟင့်အင်း”

တစ်ကယ်တော့ စံသဘောကျနေတာ ဆရာအတွက် မေမေသုပ် ပေးထားသော လက်ဖက်သုပ်ဖြစ်သည်။ ပုစွန်ခြောက်အကောင်နိုင်း ချင်းနဲ့ ပြီးတော့ ပုစွန်ခြောက်တွေက အကောင်အကြီးကြီးတွေ၊ စံ့မျက် လုံးက လက်ဖက်သုပ်ပန်းကန်ဆီရောက်နေတာမြင်တော့ ခွန်သင်သ ဘောပေါက်သွားသည်။

“လက်ဖက်သုပ်စားချင်လို့လား”

“အင်း”

“ပြီးရင် မေမေ့ကိုသုပ်ခိုင်းမယ်လေ”

“မေမေက လူနာတွေနဲ့ ဆေးခန်းမှာမအားဘူး”

“အဲဒီပန်းကန်က ဆရာ့အတွက်လေ”

“နည်းနည်းလေးပဲဖြစ်ဖြစ် စားလို့မရဘူးလား ခွန်သင်”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာအတွက်ပါလို့ဆိုနေ စံကလဲ..."

"နည်းနည်းလေးပဲ ဖြစ်ဖြစ်လေ"

"စံ...ခေါင်းမာလှချည်လား ဟင်"

"နည်းနည်းလေးပဲဟာကို...အခုနှိုက်စားလိုက်ရင် ဘယ်သူမှ မသိဘူးပဲ"

"ခိုးမစားရဘူးစံ...မေမေသိရင် ဆူလိမ့်မယ်"

"ခွန်သင် ပြန်မပြောနဲ့ပေါ့"

"ငါ စိတ်ဆိုးလာပြီ"

သို့သော် စံကလက်ဘက်ပန်းကန်ကို ဆတ်ခနဲလှမ်းယူကာ ဇွန်းနဲ့ ခပ်ပြီးစားဖို့ ဟန်ပြင်လိုက်သည်။ ခွန်သင်က ခေါင်းကုတ်နေကာ-

"စိတ်ညစ်တယ် မိစံ"

ဟု ညည်းသည် ပထမတစ်ဇွန်းခပ်စားပြီးသည်အထိ ဆရာအိမ်သာမှ ပြန်ထွက်မလာသေး၊ နောက်တစ်ဇွန်းခပ်စားဖို့ စံကြံရွယ်ကာ ပန်းကန်ကို အမ ခွန်သင်က ဒီအကြိမ်မှာတော့ ပန်းကန်လှမ်းဆွဲထားလေသည်။ သို့သော် လက်ဘက်ပန်းကန်သည် စားပွဲပေါ်မှ အောက်သို့ ပြုတ်ကျသွားပြီး ဘယ်သူမှ ဆွဲမမှီနိုင်။

"ခွမ်း..."

* * * * *





မေမေ့မျက်နှာက ပြုံးနေသည်။ ပထမတော့ အော်ဟစ်ဆူပူမလား ဟု စိုးရိမ်မိသေးတာ အခုလိုပြုံးနေတော့ စိတ်အေးသွားရသည်။

"စံ...သမီးအမှတ်တော့ မေမေမကြည့်ရသေးဘူး အိမ်စာစာအုပ် ယူပြပါဦး"

"ဟုတ်ကဲ့ မေမေ"

စံ့ရဲ့ အိမ်စာ စာအုပ်ကိုကြည့်ပြီး မေမေကခေါင်းညိတ်သည်။

"သမီးလက်ရေးက ခွန်သင့်ထက်တောင် လှသေးတယ်"

စံက အဆူမခံရဘဲ ချီးကျူးခံရသဖြင့် ပျော်သွားလေသည်။ ခွန်သင်ကတော့ မျက်နှာညှိုးနေသည်။

"ခွန်သင်...လက်ဘက်ပန်းကန်ကျကွဲတာ သားစာအုပ်ထဲ ဆီပေကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်…ဟုတ်ကဲ့ မေမေ…သားသုတ်လိုက်ပါ့မယ်"

"သားက လက်ဘက်ပန်းကန်ကို ဘာသွားလုပ်လို့လဲ"

"ရှေ့လိုက်တာပါမေမေ"

"နောက်ကို ဆရာ့အတွက်ရော၊ သားတို့အတွက်ပါ မေမေသုတ်ပေးမယ်ကြားလား"

မေမေမရှိတဲ့အချိန်မှာ ခွန်သင်ကစုံကို ပေါင်တွင်းကြောလိမ်ဆွဲလေသည်။ ဘာလို့လဲဟုစုံမေးတော့မှ မေမေက ဒီတစ်လစာ ချော့က လက်တွေ စုံတို့ကို ထုတ်မကျွေးတော့တာ စုံသိရလေသည်။

"မေမေက ဘယ်တော့မှမရိုက်ဘူး…သိလား စုံကရိုက်မှာပဲကြောက်နေ"

"အရိုက်ခံရတာက တော်သေးတယ်၊ အခုချော့ကလက်မစားရတော့ဘူးခွန်သင်၊ စုံ့ကိုခိုးကျွေးပါလား"

"ဟာ…မေမေသိရင် ဆူခံထိလိမ့်မယ်"

ဂေဟာကလာသောစုံ့ရဲ့ တစ်ချို့အကျင့်စရိုက်များနှင့် မွေးရာပါဗီဇများသည် မေမေ့ကိုတော်တော် စိတ်ဒုက္ခရောက်စေသည်။

အလှကြိုက်သောစုံသည် မေမေရဲ့လက်သဲဆိုးဆေးများကို မေမေမသိအောင်ယူ၍ဆိုးခြင်း၊ နှုတ်ခမ်းနီတောင့်များခိုးထားခြင်း၊ ပြီးတော့ စုံသဘောကျသည့် ရင်ထိုးကလေးများအား စုံမွေ့ရာအောက်တွင် ဖွက်ထားခြင်းတို့ကို မေမေသိသောအခါ ဟက်ဟက်ပက်ပက်ရယ်လေသည်။





"စုံက နှုတ်ခမ်းနီကြိုက်ရင် မေမေ့ကိုပြောလေ၊ မေမေဆိုးပေးမှာပေါ့…မေမေ့ကိုမပြောဘဲနဲ့ မေမေ့ပစ္စည်းတွေ မယူရဘူးစုံ၊ ဘုရားသခင်မကြိုက်ဘူး"

စုံက မေမေမကြိုက်မှန်းသိသောအခါမှာလည်း သိပ်ဝမ်းနည်းပက်လက်မဖြစ်ပါ။ မေမေကစုံ့ကို သမီးအရင်းဆို ဆူမှာမဟုတ်ဟုထင်သည်။ ဒါပေမယ့် မေမေသည် ခွန်သင့်ထက်စုံ့ကို ပိုဂရုစိုက်ပါသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ စံသည် မေမေအလှမွေးထားသော ငါးကန်နားတွင် ပျင်းပျင်းနဲ့ မှန်ပုံးထဲမှ ငါးများကို သေချာထိုင်ကြည့်မိလေသည်။ ငါးလေးတွေက အရောင်အသွေးစုံစုံ။

စံ့ခေါင်းထဲမှာ ငါးလေးတွေ တစ်ချိန်လုံးရေထဲမှာနေရတာ သနားမိလေသည်။ ရေနဲ့ထိတာကြာလျှင် ချမ်းလာတတ်သည်။ စံဆို မိုးရေထဲမှာ အကြာကြီးမှ မချိုးနိုင်တာ။

"နင်တို့တစ်ချိန်လုံး ရေထဲမှာနေရတာ ချမ်းမှာပဲ…ငါလွှတ်ပေးမယ်နော် အပြင်မှာခဏနေကြဦး"

စံသည် ရေခွက်ဖြင့် ငါးလေးတွေကို လိုက်လံဆယ်ကာ အနားရှိ စားပွဲပေါ်တွင် တင်ထားလိုက်သည်။ ပြီးတော့ လက်ကိုင်ပုဝါတစ်ထည်ဖြင့် ငါးလေးတွေကို ခြုံပေးထားလိုက်သည်။ ခဏနေတော့ မေမေ အခန်းထဲဝင်လာတာနဲ့ စံ့ကိုမေးလေသည်။





"စံ ဘာလုပ်နေတာလဲ"

"ငါးလေးတွေ ချမ်းမှာစိုးလို့ မေမေ"

"ဟင်…ဘာ…စံ ဘာပြောလိုက်တယ်"

"ငါးလေးတွေချမ်းမှာစိုးလို့ အပြင်ထုတ်ထားတာမေမေ"

"ဟာ…သမီးလုပ်တာနဲ့ သေကုန်တော့မှာပဲ"

မေမေက စံအုပ်ထားပေးသော လက်ကိုင်ပုဝါကိုဖယ်ကာ ငါးတွေအား မှန်ကန့်ထဲပြန်ထည့်သည်။

"ငါးဆိုတာ ရေထဲမှာပဲ နေလို့ရတယ်စံရဲ့၊ ကုန်းပေါ်ရောက်ရင် သေသွားရော၊ သူတို့က ရေထဲမှာအသက်ရှုလို့ရပေမယ့် ကုန်းပေါ်မှာ အသက်ရှုလို့မရဘူး"

"အသက်ရှုလို့မရတော့ သေတာပေါ့နော်မေမေ"

"ဟုတ်တာပေါ့စံရဲ့၊ နောက်ငါးတွေကို ဆယ်မထုတ်နဲ့နော်"

"မသိပါဘူး‥စံက ရေထဲမှာပဲငါးလေးတွေနေရတော့ ချမ်းမှာကြောက်လို့"

မေမေက ထမင်းစားတဲ့အခါလည်း စံ့ကိုအမြဲဟင်းပိုခပ်ထည့်ပေးတတ်သည်။ မေမေ့ဘာကြောင့် စံ့ကိုခွန်သင်ထက် ဂရုစိုက်မှန်းအစက စံမသိခဲ့ပေ။

ဖေဖေပြန်ရောက်လာသောညကိုတော့ စံမမေ့ပေ။ မေမေက ဆေးစာအုပ်တစ်အုပ်ကို ဖတ်နေခဲ့ပြီး စံကမေမေ့ပေါင်ပေါ် ခေါင်းအုံးပြီး ခွန်သင်ကတော့ သီချင်းနားထောင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်…ဒေါက်…ဒေါက်"

တစ်ခါးထုသံ သုံးချက်မြည်သောအခါ မေမေသည် ဖတ်လက်စဆေးစာအုပ်ကိုချကာ "မောင်ပြန်လာပြီ" ဟုဆို၍ တံခါးထဖွင့်ပေးလေသည်။ အိမ်ထဲသို့ဝင်လာသောဖေဖေသည် လောင်းကုတ်အရှည်ကြီးဝတ်ဆင်ထားကာ စံ့ကိုသေချာစူးစိုက်ကြည့်နေသည်။

"မောင် ဒါစံပဲလေ…ဘယ်လိုလဲ ချစ်စရာမကောင်းဘူးလား"

"တင်ကတော့ လုပ်ချင်တာ လုပ်နေရရင် စိတ်ကိုချမ်းသာနေတာပဲ"

"စံ…ဖေဖေ့ကို နှုတ်ဆက်လိုက်ဦးလေ"

"ဟုတ်ကဲ့…ဖေဖေ နေကောင်းလားဟင်…"

စံ့ပါးကို မနာအောင်ဆွဲလိမ်ကာ ဖေဖေက ကောက်ချီလေသည်။

"ကောင်းပါတယ်သမီးရဲ့…ခွန်သင်က သီချင်းနားထောင်တာ တောင်မပျက်ဘူး…လာပါဦးကွ ဖေဖေ့ဆီကို…"

ခွန်သင်နဲ့ စံ့ကိုတစ်ဘက်စီ ချီနိုင်တဲ့ဖေဖေ့မှာ အားတွေအများကြီးရှိမှာပဲဟု စံထင်သည်။ စံ ဖေဖေ့ကိုလည်းချစ်တာပါပဲ။

ဖေဖေက တောင်ထောင်မောင်းမောင်း အရပ်မြင့်မြင့်၊ ပြီးတော့ ဖေဖေက အထူးကုတစ်ယောက်လည်းဖြစ်သည်။ ဖေဖေနဲ့မေမေသည် မြို့ကလေးရဲ့ အထင်ကရစုံတွဲဖြစ်သည်။

* * * * *





စံသည် မေမေသင်ပြသောကိစ္စကို စိတ်ညစ်ညူးမိလေသည်။

"ဒီနေ့ကစပြီး သမီးမငယ်တော့ဘူးစံ…အရင်လိုမဆော့ရတော့ဘူး၊ ခွန်သင်တို့ ဖေဖေတို့နဲ့လည်း အရမ်းကပ်မနေရဘူး"

စံသည် လူကြီးဖြစ်ပြီဟု သတ်မှတ်ခံလိုက်ရသောကိစ္စကို မလိုချင်ပေ။ ခွန်သင်နဲ့လည်း ခါတိုင်းလိုဖက်အိပ်မြဲ အိပ်ချင်သည်။ သို့ရာတွင် အနည်းငယ်အရွယ်ရောက်သောအခါ အပျိုဖော်ဝင်စပြုသည့် မိန်းကလေးတစ်ယောက်နှင့် ယောက်ျားမျိုးတစ်ယောက်ကို မေမေစည်းတားခဲ့တာ သဘောပေါက်စပြုလာသည်။

စံ့ရဲ့မျက်လုံးများသည် ပိုကြည်လင်လာသည်။ ပြီးတော့ခန္ဓာကိုယ်အချိုးအဆက်သည် မေမေကဲ့သို့ပင် လှပပြေပြစ်သောဘက်သို့ ကူးပြောင်းလာသည်။ စံအရွယ်ရောက်လာပြီဆိုတာ အလွယ်တကူသိစေသောကိစ္စမှာ ရည်းစားစာ အပေးခံရသောကိစ္စဖြစ်လေသည်။ စံ့လွယ်အိတ်တွင် ပန်းနုရောင်၊ ခိုပြာရောင်၊ ရေမွှေးစာအိတ်များသည် စံမသိအောင် အမြဲပါလာကြသည်။ ခွန်သင်တွေ့သောအခါ−



www.burmeseclassic.com

www.burmeseclassic.com



"စံ...မေမေမကြိုက်ဘူးနော် သတိထား"

ဟူ၍သာ သတိပေးလေသည်။ သို့သော် စာများကို ခွန်သင်ပဲ ဖောက်ဖတ်ပြီး ဒေါသကြီးနေလေ့ရှိသည်။

"စံ့ကိုကြိုက်တာ ကောင်းကောင်းမရေးဘူး၊ ငါ့ကိုပါဆွဲထည့်သေးတယ်...စံ ငါမေမေနဲ့ တိုင်တော့မယ်" ဟူ၍လည်း ခြိမ်းခြောက်တတ်သည်။

"စံမှမသိတာ ခွန်သင်တလဲ"

"ကိုယ့်လွယ်အိတ်ထဲ ရည်းစားစာထည့်တာတောင် မသိဘူးလား စံ...စံညာနေတာပဲဖြစ်မယ်"

"မညာပါဘူးဆို"

"စံ့အသက်ငယ်ငယ်ကလေးရှိသေးတယ်"

"စံ မငယ်တော့ပါဘူး"

"ဘာပြောတယ် စံ"

"ဟုတ်တယ်...စံမငယ်တော့ဘူး၊ ဒါကြောင့် ခွန်သင်နဲ့အတူတူ မအိပ်ရတော့ဘူးလေ--အဲဒါ မေမေပြောတာပဲ"

ခွန်သင့်မျက်နှာသည် ရဲရဲနီသွားကာ စံ့ကိုစိတ်ဆိုးမာန်ဆိုးရှိပုံရသည်။ အရွယ်ရောက်လာတာ စံမကြိုက်ပေ။

ခွန်သင် စိမ်းသွားတာ ပိုမကြိုက်။

စံသနပ်ခါးပါးကွက်ကျားနဲ့ ကျောင်းသွားတာတောင် ခွန်သင်က အဖြစ်မြင်နေတာဆိုတော့ စံနဲ့ခွန်သင်သိပ်မတည့်ပေ။





ညနေဘက်ဆို ပန်းခင်းတွေထဲ စံတစ်ယောက်တည်း ခြေဆင်းထိုင်နေတတ်သည်။ စံခွန်သင်နဲ့ အရင်လို ပြန်နေရရင် ကောင်းမှာပဲ၊ စံအထီးကျန်သလိုခံစားရသည်။ ခွန်သင်က စံ့ကိုမသိချင်ယောင်ဆောင်ကာ စာကိုပဲ ဖိကျက်လေ့ရှိသည်။

တစ်ညမှာတော့ စာကျက်နေတဲ့ ခွန်သင်အနားမှာ စံငုတ်တုတ်သွားထိုင်သည်။ ခွန်သင်က တစ်ချက်လှမ်းကြည့်ပြီး ဘာစကားမှမပြော။ စံကလည်း ပေပြီးအသံမပြုဘဲ ငုတ်တုတ်ဆက်ထိုင်နေလိုက်သည်။ အတော်ကြာတော့မှ ခွန်သင်ကမေးသည်။

"စံ မအိပ်သေးဘူးလား"

"ခွန်သင့်ကို စကားပြောချင်လို့"

"ဘာပြောမှာလဲ"

"စံ မပျော်ဘူး"

"...."

"ဘာဖြစ်လို့လဲလို့ မေးပါလားခွန်သင်"

"ငါလည်း မပျော်ဘူး"

"ဟုတ်လား...စံက အခုတစ်ယောက်တည်း စကားပြောစရာလည်းမရှိတာ--ဘယ်လိုလုပ် ပျော်ပါ့မလဲ"

"စံ့ကိုစကားမပြောရတော့ ငါလည်းမပျော်ဘူး"

"ရည်းစားစာတွေက စံတောင်းတာမဟုတ်ပါဘူး"

"ဒီအချိန်မှာ စာပဲကျက်ရမယ်စံ--စံကြီးလာရင် ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စံ ဘာမှမလုပ်ချင်ဘူး"

"မေမေ့လို ဆရာဝန်မကြီး မလုပ်ချင်ဘူးလား"

"ဟင့်အင်း…မလုပ်ချင်ပေါင်၊ မေမေက လူနာတွေလည်း ဆေးကုရသေးတယ်၊ ဆေးရုံလည်းသွားရသေးတယ်..ပြီးတော့…"

"ပြီးတော့ ဘာဖြစ်လဲ စံ"

"အိမ်အလုပ်လည်း လုပ်ရတာပဲ"

"စံက အိမ်အလုပ်ပဲ လုပ်ချင်တာလား"

"အများကြီးလုပ်တော့ အများကြီးပင်ပန်းတာပေါ့ ခွန်သင်"

"စံက၊ အပျင်းပဲ"

"ပျင်းတာ နာမည်သာဆိုးတာပါ၊ ဘယ်လောက်ဇိမ်ခံဖို့ကောင်းတဲ့စကားလုံးလဲ"

"စံ့ကို ဘယ်လိုသွန်သင်လို့ရမှာလဲ"

ခွန်သင်က လူကြီးလေသံနဲ့ ဆုံးမသည်။

"ခွန်သင် စံအိပ်ချင်ပြီဟာ"

ခွန်သင့်ပေါင်ပေါ်မှာလှဲပြီး စံမျက်လုံးမှိတ်လိုက်သည်။ ခွန်သင်က စံ့ရဲ့နဖူးပေါ်က ဆံစကလေးများကို သပ်တင်ပေးကာ ပါးစပ်နဲ့ အသာလေးမှုတ်ပေးသည်။ လေကြောင့် အေးခနဲဖြစ်သွားသောအခါ စံ့မျက်လုံးတွေ ဖျတ်ခနဲပွင့်လာကြသည်။

"စံ…တစ်သက်လုံး လိမ္မာစမ်းပါ ညီမလေးရယ်"

* * * * *





မျက်ရည်ဥလေးများသည် စံ့ပါးပြင်ပေါ်သို့ တလိမ့်လိမ့်ဆင်းလာကြသည်။ တစ်သက်လုံး စံလိမ္မာရမယ်တဲ့၊ ချစ်တဲ့ခွန်သင်က စံ့ကို ဆုံးမခဲ့ဖူးလေသည်။ လိမ္မာတယ်ဆိုတာ ဘာပါလိမ့်။

ခွန်သင့်ရင်ခွင်ထဲမှာ နေဖို့ကတိတွေပေးပြီး စံထွက်ပြေးခဲ့တာကို မိုက်မဲတယ်လို့ ခွန်သင်ဆိုချင်တာလား။

တစ်ကယ်တော့ စံလိမ္မာလိုက်တာပါ။ ခံစားချက်ကို တစ်ယောက်တည်းထုပ်ပိုးပြီး စံရင်ဆိုင်ခဲ့တာဟာ မိုက်မဲတာမှမဟုတ်တာ။

ဒါပေမယ့် လူတွေစံ့ကို နားမလည်ကြ။ စံလက်ထပ်လိုက်တာဟာ မိုက်မဲမှုတစ်ခုပဲဟု လူတွေက ထိုးနှက်တိုက်ခိုက်ကြလေသည်။ နစ်နာဆုံးရှုံးတယ်ဟု သတ်မှတ်လိုက်ကြလေသည်။ စံ ကိုကို့ကို ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိထက် တစ်ခြားဘယ်အရာများကိုမှ ခေါင်းထဲမထည့်နိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ မုဆိုးမဖြစ်ချင်တဲ့ မိန်းမရယ်လို့များ ရှိသလား၊ ဘယ်မိန်းမတမှ မုဆိုးမဘဝကို ခံ့မင်တပ်မက်မှာမို့လို့လဲ၊ စံလည်း အဲဒီဘဝကို တွေးပြီးထိတ်လန့်ရသည်။ စံ ညဘက်ဆိုကောင်းကောင်း မအိပ်ချေ။ မျက်လုံးကြောင်ပြီး ထိုင်နေတာမျိုး၊ အိပ်မက်ဆိုးတွေမက်ပြီး လန့်နေတာမျိုး၊ ကိုကိုနေမကောင်းစဖြစ်ကတည်းက စံကြုံခဲ့ရသည်။

အသက်နှစ်ဆယ်ကျော်အရွယ်ဟာ စိတ်ကူးယဉ်ကောင်းတုန်းကျောင်းသူတစ်ယောက်အရွယ်ဖြစ်သည်။ ဒါပေမယ့် စံကတော့ သေခြင်းတရားနဲ့ ရင်ဆိုင်ဖို့ ကြိုးစားနေရသည်။

စံ့ရဲ့ခင်ပွန်းကို ဆွဲခေါ်သွားတော့မယ့် လက်မဲကြီးတစ်ဘက်ကို စံအိပ်မက်လိုက်အိပ်မက်က နိုးတော့ငိုလိုက်ဖြင့် စံသည် လုံးပတ်ချာလည်ရိုက်လျှက်ရှိသည်။

ဒီဒုက္ခတွေကို ဘယ်သူသိမှာလဲ။ စံသည် လူတွေရှေ့မှာ အပြုံးမပျက်ဘဲ ရပ်တည်နိုင်သော်ငြား တစ်ယောက်တည်းရှိနေချိန်မှာ ကိုကိုမမြင်အောင် ကြိတ်ငိုရင်း လောကငရဲကို ခံရလေသည်။

အိမ်ထောင်ရေးသည် စံ့အတွက် လောကငရဲတစ်ခုပင်ဖြစ်သည်။ တွေ့မြင်ရ၍ စိတ်ဆင်းရဲခြင်းသည် လောကတွင် အဆိုးဝါးဆုံးဖြစ်သည်။ ပျော်စရာကောင်းမယ်ထင်၍ လက်ထပ်ခဲ့တာပဲ။

ဒါပေမယ့် စံ့အတွက်တော့ ဝဋ်ဒုက္ခကြီးတစ်ခုကို ပါဆယ်ထုပ်လှလှလေးဖြင့် ထုပ်ပိုးကာ လက်ခံရရှိလိုက်သကဲ့သို့ပင်ဖြစ်သည်။





စံသည် ငယ်စဉ်ကတည်းက အိပ်မက်များဖြင့် မွေ့လျော်သူဖြစ်၏။ အိပ်လိုက်လျှင် စံသည် အင်မတန်လှပသော ပန်းခင်းထဲရောက်သွားတော့တာပဲ။ အဲဒီမှာ မေမေဟုမျက်နှာမထင်ရှားသော မိန်းမလှတစ်ဦးရှိသည်။ စံ့ရဲ့အမေရင်းလို့ ထင်တာပဲ။

ပြီးတော့ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနဲ့ မျက်နှာပြင်မသဲကွဲသော လူတစ်ယောက်က စံ့ကိုချီ၍ ရယ်မောနေရသည်တဲ့။ စံ့ရဲ့ မသိစိတ်စွဲလမ်းခြင်းမှာ ပြီးပြည့်စုံသည့် မိသားစုတစ်ခုကို လိုချင်ခြင်းဖြစ်ပြီး စံသည် တစ်ကယ်တမ်းလိုချင်သမျှ ဆုံးရှုံးခဲ့သော မိန်းမတစ်ယောက်သာဖြစ်သည်။

အခု စံဘာလိုချင်သလဲ၊ ကိုကို့အသက်ပင်ဖြစ်သည်။

ကိုကို့ကို လူကောင်းပကာတိ ပြန်ဖြစ်စေချင်သည်။

ဒါပေမယ့် ဘယ်တော့မှ မဖြစ်တော့၊ အဲဒါကိုလည်း စံသိသည်။

လုပ်ယူလို့ မရသောကိစ္စတစ်ခုကို ထိုင်ကြည့်နေရတဲ့ ရင်နာမှုမျိုးဟာ ဘဝမှာ ဘယ်လို နာကျင်မှုမျိုးနဲ့ နှိုင်းယှဉ်လို့ရမှာလဲ။

အခု စံသည် ကိုကိုမကြာခင်မှာ သေဆုံးသွားပြီး ကိုကို့ခန္ဓာကိုယ်ကြီးမလှုပ်တော့တဲ့အထိ စိတ်ဓါတ်ဆင်းရဲခြင်းများစွာကို ခံစားရပေဦးမည်။

ကိုကိုသေသွားပြီးရင်လည်း ပြောင်းလဲကုန်ကြမည့် လူတွေရဲ့ သဘောထားကို စံရင်ဆိုင်ရဦးမည်။

ကွယ်...၊ မုဆိုးမဆိုတာ ဆိုးရွားတဲ့အမည်နာမတစ်ခုပဲ၊ မုဆိုးဆိုတာ ရက်စက်ကြမ်းကြုတ်တဲ့ အမဲလိုက်သမားကိုခေါ်တာ။



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေကို မကြင်နာမစာနာတဲ့ မုဆိုး၊ ဒီလိုအစိမ့်ပွါယ်နဲ့နာမည်ကို လင်သေဆုံးသွားတဲ့ မိန်းမတွေကို ဘာကြောင့်မှည့်ခေါ်ကြသလဲ။

မုဆိုးမဆိုတာ လင်နောက်တစ်ယောက်ဖမ်းဖို့ ကျော့ကွင်းထောင်တတ်တဲ့ မိန်းမလို့ ဆိုချင်တာလား။

စံ့ခေါင်းထဲမှာ မခံချင်မှုတို့က စိမ့်ဝင်ကာ စံ့အပြုံးသည် အေးစက်လာသည်။ စံသည် ကျဉ်းမြောင်းကျပ်တည်းသော မုဆိုးမပုံစံခွက်ထဲ မကြာခင်ရောက်တော့မည်။

လင်သေစမှာ အသွားအလာမတတ်ရင် အပြောအဆိုမတတ်ရင် အဲသလိုတွေးပြီး စံစိတ်ညစ်လာသည်။

စံ့အတွက်ပဲ စံတွေးပြီးကြောက်သည့်အပြင် ခုတင်ပေါ်မှာ ပက်လက်လှန်နေရသော ကိုကို့မျက်နှာ ပိန်ချောင်ခွက်ကြီးကိုကြည့်ပြီးတော့လည်း သနားသည်။

အဲဒီသနားမှုက ကိုကိုအော်ဟစ်သည့်အခါ ပျောက်သွားပြီး သေသွားရင် သူလည်းငြိမ်းချမ်းငါလည်း ဒုက္ခတစ်မျိုးငြိမ်းသွားမယ်ဟူသော အတွေးတွေအဖြစ် ပြောင်းလဲသွားပြန်သည်။ စံ့အမုန်းဆုံးကလက်ရှိတွန်းလှည်းသံပင်ဖြစ်သည်။

သို့သော် စံတို့စတွေ့တုန်းက သူသည် အသန့်အပြန့်အလွန်ကြိုက်ကာ မိန်းမအလှကို ကောင်းကောင်းနိုင်နင်းသည့် စကားပြောဆိုဟန်နူးညံ့သိမ်မွေ့သော လူတစ်ယောက်ဖြစ်သည်။





စံနဲ့သူ့ စတွေ့ဖို့ကို ကံတရားကပဲ ရွေးချယ်ပေးခဲ့တာဖြစ်သည်။ ကံတရားကသာ ကြိုတင်မစီမံထားဘူးဆိုလျှင် စံနဲ့သူတွေ့ကြဖို့အကြောင်းမရှိ။

အို....အကြောင်းတရားဆိုတာ မရှိဘဲ အကျိုးတရားဆိုတာ ဖြစ်လာတာမှ မဟုတ်တာ။ ဒါဆိုရင် အကြောင်းတရားက စတင်မှားယွင်းသောကြောင့် ကိုကိုဟူသော အိပ်မက်ဆိုးကြီးကို စံမက်ခွင့်ရခဲ့တာဖြစ်သည်။

အစတုန်းကတော့ စံ့အိပ်မက်ထဲမှာ ပျော်ရွှင်လှပမှုတွေ အေးချမ်းသာယာမှုတွေ ပြည့်နှက်နေခဲ့သည်။

စံမရခဲ့သော ပြီးပြည့်စုံသည့် သားသမီးဘဝကို စံနဲ့ကိုကိုတို့မှ မွေးဖွားလာမည့် ကလေးတွေရစေမည်။

ဦးတနိုင်းခရဲ့ ဖနီးဘဝမှာ အကျိုးအပဲ့၊ အစုတ်အကာန်းဟူ၍ ဘာတစ်ခုမှ မရှိစေရဘဲ သစ်လွင်တောက်ပသော အနာဂါတ်သာရှိစေရမည်။ အဲသလို မျှော်မှန်းကာ စံလက်ထပ်ခဲ့သည်။

စံ့ရဲ့အိပ်မက်အစမှာ ငုံးတိတိပြတ်ဝပ်နေသော ခြေထောက်နှစ်ချောင်းမပါခဲ့ပါ။ ညှီစို့စို့အနံ့ရှိသော သွေးပုလင်းများနှင့် သွေးသွင်းတဲ့ပိုက်တွေအပ်တွေ မပါဝင်ခဲ့ပါ။ ဆီးပိုက်တွေ၊ ဆီးအိတ်တွေမပါဝင်ခဲ့ပါ။ အလွန်အမင်း ချဉ်စော်စုပ်စော်နံသည့် ဝမ်းများကို သွန်ပစ်ရမယ်ဟူသောအပြုအမူလည်း မပါဝင်ပါ။

ပြီးတော့ ခုတင်ပေါ်မှာ ပက်လက်လှန်နေရပြီး ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမပီသနိုင်တော့သည့် လူတစ်ယောက်ရဲ့ ရမ္မက်ဆန္ဒမပြည့်သဖြင့် မိန်းမသားအပေါ်တွင် ကျားကုတ်ကျားခဲသလို သံသယများ၊ စကားနာများ ထိုးခံရမယ်ဟူသော ခံစားမှုလည်း မပါဝင်ခဲ့ပါ။

စံသည် နူးညံ့ကြည်သာမှုဖြင့် အိပ်မက်တစ်ခုကို စတင်မက်ခဲ့ပြီး ရှိင်းစိုင်းကြမ်းကြုတ်မှုများကိုသာ ပက်ပက်စက်စက်ရရှိခဲ့လေသည်။

* * * * *





တနိုင်းခ ငါး၊ ပုဖွန်မှုန့်မြူးရေးလုပ်ငန်းမှ နောက်ထပ်ဖွင့်မည့် အအေးခန်းအတွက် စာရေးမတစ်ယောက် အလိုရှိသည်။

ထိုကြော်ငြာအရ စံသည် ယခုစုံကိုငေးကြည့်နေသော လူရှေ့ ရောက်ခဲ့ရခြင်းဖြစ်သည်။ ဒီလူကြည့်ပုံဟာ အရုပ်တစ်ရုပ်ကိုကြည့်နေသလိုပါပဲ။ စံကသက်ရှိ။ ဒါကိုဘာကြောင့် မေ့သွားတာလဲ။ စံက အလုပ်လာလျှောက်တဲ့လူ။

"ဒီမှာရှင့်..."

စံခေါ်လိုက်မှ သတိဝင်သွားကာ စုံကိုအားနာပါးနာ တစ်ချက်ပြုံးပြသည်။ ယောက်ျားတွေရဲ့ မျက်လုံးတွေကို စံအများကြီး ကြေညက်ခဲ့ဖူးပြီ၊ တစ်ချို့မျက်လုံးတွေက ကိုယ်ချင်းစာစိတ် ငတ်မွတ်ခေါင်းပါးသည်။ တစ်ချို့မျက်လုံးတွေက အစာရေစာ အငမ်းမရစားသလိုမျိုး၊ တစ်ချို့ကျတော့ ရောင်ရိပ်ပြောင်ရိပ်တွေစွန်းလျှက်၊ တစ်ချို့ကျပြန်တော့ ရိုးသားပါသည်။ ရိုးသားသော ယောက်ျားတွေ နည်းပါးလာတာ



www.burmeseclassic.com

www.burmeseclassic.com



ယန်ဒါဝက်ဝံတွေထက်ပိုရှားပါးလာတယ်ဆိုသော အချက်ကို မိန်းမတစ်ယောက်ပီပီ စံသိပါသည်။ အခုလူကျတော့ သဘောကျတဲ့ အရုပ်တွေ့သလိုမျိုးပါပဲ။

"မပင်မြင့်စံနော်"

"ဟုတ်ကဲ့"

"အရင် ဘယ်မှာလုပ်ဖူးလဲ"

"အရင်က ကွန်ပျူတာသင်တန်းတစ်ခုမှာ ဆရာမလုပ်ဖူးပါတယ်"

"ဪ…ဒါဆို ကွန်ပျူတာလည်း ကျွမ်းကျင်တာပေါ့"

"ဟုတ်ကဲ့"

"အခု ဆက်မလုပ်တော့ဘူးလား"

"ကျွန်မ အလုပ်ထွက်လိုက်ပါပြီ"

"အခု ဒီအလုပ်ကို စိတ်ဝင်စားရဲ့လား"

"ဟုတ်ကဲ့"

"ကွန်ပျူတာကျွမ်းကျင်တော့ တပန်းသာတာပေါ့၊ မပင်မြင့်စံရဲ့ဇာတိက…"

စံသည် ခွန်သင့်မျက်နှာကို ပြေး၍သတိရလိုက်သည်။ မပြောသင့်။ စံဟာ တောင်ကြီးသူတစ်ယောက်ဆိုတာ မြိတ်မြို့မှာ ဘယ်သူမှမသိလေ အကောင်းဆုံးပေပဲ။ အထတ်ကနေ အောက်ရောက်အောင် စံထွက်ပြေးခဲ့ပြီးပြီ။





"ရန်ကုန်ကပါ"

"ကျောင်းပြီးတာကတော့ ရန်ကုန်ကပဲပေါ့၊ ဒါဆို ရန်ကုန်သူပဲ ဒါပေမယ့် စကားနည်းနည်းဝဲသလိုပဲ"

"ထင်လို့ပါ…မြိတ်သားတွေလည်း ဝဲတာပါပဲ"

"ကျွန်တော် ရန်ကုန်မှာ အအေးခန်းတစ်ခု ထပ်ဖွင့်ဖို့အစီအစဉ်ရှိပါတယ်…အဲဒါ မပင်မြင့်စံက ရန်ကုန်သူဆိုတော့ ပိုအဆင်ပြေမယ်ထင်ပါတယ်"

"ကျွန်မ ရန်ကုန်ကိုသွားရမှာပေါ့"

"ဟုတ်ပါတယ်"

ထိုသူသည် တနိုင်းခဓဟုတ်ချေ။ တနိုင်းခနဲ့ မင်းမဟာဟူသော သူငယ်ချင်းနှစ်ယောက်ထဲမှ မင်းမဟာဖြစ်သည်။

မင်းမဟာသည် ရုပ်ရည်မချောမောပါ။ အရပ်မြင့်ကာ သွယ်သည်။ ပြီးတော့ စကားအပြောအဆိုရှိသည်။ ရန်ကုန်ဘက်မှာတာဝန်ယူသူက တနိုင်းခ။

* * * * *

စာရေးမလို့ နာမည်တပ်ရပေမယ့် စာရေးမထက် စုံမှာအလုပ်များသည်။ ဦးတနိုင်းခသွားလေရာ ကားကိုလိုက်မောင်းပေးရသည်။ ဖုန်းကိုအယ်တော့မှ ကိုယ်တိုင်မပြောဘဲ စံကတဆင့်ခေါ်ပေးရသည်။ တော်ကပ်ကြေးပဲ ဆိုကြပါစို့။

"မင်းကိုကြည့်ရတာ မရယ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဂရုစိုက်မောင်းနှင်ရင်း စံကားနောက်ကြည့်မှန်ကတဆင့် တနိုင်းခကို ကြည့်ကာ အပြင်သို့အကြည့်ရွှေ့လိုက်သည်။

"အလုပ်လုပ်တာ ရယ်ဖို့လိုလို့လား ဦးတနိုင်းခရဲ့"

"ရယ်ဖို့ထိတော့ မလိုအပ်ပါဘူး၊ ပြုံးသင့်တာပေါ့"

စံ မပြုံးချင်ပါ။ ပြုံးလိုက်လျှင် သွားတက်ချွန်ချွန်ကလေးတွေ ပေါ်လာသော စံ့မျက်နှာသည် လူတစ်ယောက်ကို စိတ်ဘဝညှတ်နူးစေနိုင်သည်။ ဒီမျက်နှာကြောင့် ယောကျ်ားတွေစွဲလန်းတာ ခံရဖူးပြီ။ ဒုက္ခလည်း ရောက်ဖူးပြီ။ ခုတော့တော်ပြီ။ စံမပြုံးချင်တော့။ အပြုံးကို စံစိတ်ကုန်လေသည်။

"ကိုယ် မင်းကိုတစ်ခုပြောရဦးမယ်"

"ဟုတ်ကဲ့"

"ကိုယ့်ဆီကို မင်းမဟာက မင်းအကြောင်းလှမ်းမေးတယ်"

စံက ခေါင်းညိတ်ပြလိုက်သည်။ မင်းမဟာလို သူဌေးတစ်ယောက်က စံ့ကို တယုတယမေးတဲ့အတွက်လည်း စံထူးပြီးစိတ်မဝင်စားပါ။ ပျော်လည်းမပျော်။ စံ့ရဲ့ စိတ်နှလုံးအာရုံသည် ဂျူတီကုတ်နဲ့ လိုက်ဘက်သော ခွန်သင့်ဆီမှာ အလုံးစုံငြိတွယ်ခဲ့ပြီးပြီ။ ခုချိန်ဆို ခွန်သင်တစ်ယောက် ယောက်ဆာဂျင်ဘဝမှာ အလုပ်တွေတအားများနေလိမ့်မည်။ ဆေးကုသဆောင်မှာ ပျော်သောခွန်သင်သည် သမားတော်တစ်ယောက်ဖြစ်ဖို့ ခုကတည်းက စာတွေကိုအသေအလဲ ကျက်နေမှာသေချာသည်။ စံ့ကိုသတိရနေမလား၊





ခွန်သင်စံ့ကို မုန်းတီးသွားလေမလား၊ စံသည် ကတိကိုပေးပြီး မဖြည့်ဆည်းနိုင်ခဲ့သောသူဖြစ်သည်။ ခွန်သင် စံကခွန်သင့်အတွက်ဆို ဘာပဲလုပ်ရလုပ်ရ…ဒါပေမယ့် မေမေက စံ့ကိုချွေးမအနေနှင့် အလိုမရှိဘူးတဲ့။

စံ့ကို သမီးတစ်ယောက်အနေနှင့် လက်ခံထားနိုင်တဲ့ မေမေက ချွေးမအနေနှင့် စံ့ကိုအလိုမရှိနိုင်ဘူးတဲ့လေ…အဖေက ဆရာဝန်၊ အမေက ဆရာဝန်၊ သားကဆရာဝန် ဒီတော့ ချွေးမကိုလည်း ဆရာဝန်ပဲဖြစ်စေရမယ်တဲ့လေ၊ မေမေက ဆရာဝန်မျိုးဆက်ထူထောင်စေချင်တာလား့ဆိုတော့ အဲသလိုလည်း မဟုတ်ရပြန်ဘူးတဲ့။

မေမေဟာ စံ့ကိုယ်ထဲကသွေးနဲ့ သူ့မျိုးဆက်ကို မပတ်သက်စေချင်တာ။ အဲဒီစကားဟာ စံခွန်သင့်ကိုချစ်တဲ့ အချစ်ထက်အများကြီးလေးနက်မှုရှိသည်။ စံ့ရဲ့အနာဂါတ်တစ်ခုလုံးကို အစိတ်စိတ်အမွှာမွှာဖြစ်သွားစေနိုင်အောင်လည်း ပြင်းထန်သည်။

စံလွှင့်ထွက်လာခဲ့တာ မေမေ့ရဲ့ ထောင့်ကန်ဘောလုံးတစ်လုံးနဲ့ တူသော ထိုစကားကြောင့်ဖြစ်သည်။

"ပင်မြင့်စံ…ကိုယ်တို့သွားရမယ့်နေရာ ကျော်သွားပြီ"

တနိုင်းခ သတိပေးမှ စံလည်းလမ်းကျော်သွားတာသိသည်။

"ဆောရီး ဦးတနိုင်းခ"

"မင်းကိုကြည့်ရတာ အတွေးလွန်သွားပုံပဲ"

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



''ကားမောင်းရင် အာရုံစိုက်မောင်းပါ ပင်မြင့်စံ''

အလုပ်ရှင်ရဲ့ ပြောစကားကို စံဂရုမပြုလို့မရပေ။ စံထမင်းစားနေရတာ သူ့ထမင်းမဟုတ်လား။

* * * * *





အဆောင်ပြန်ရောက်လျှင် စံသည်ခုတင်ပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်ပြီး ခေါင်းအုံးအောက်မှ ခွန်သင့်ဓါတ်ပုံကို ဆွဲထုတ်လိုက်သည်။ စံခလွမ်းချင်ပါဘူး။ ဒါပေမယ့် စံရိပ်ငြိမ်ကို စံဘယ်လိုမှမေ့လို့မရ။ စံရိပ်ငြိမ်မှ ဒလိမ့်ခေါက်ကွေးပြုတ်ကျလာခဲ့ရတဲ့ စံ့ရဲ့ဂုဏ်သိက္ခာတွေကို အခုမှလိုက်လံစုစည်းနေတုန်းဖြစ်သည်။

''မိစံ''

စံ့ကိုစိတ်ဆိုးလျှင် နာမည်ရှေ့က မိတပ်ခေါ်သော ခွန်သင့်ရဲ့အသံကို ပြန်ကြားမိသည်။ မိစံ အခုခွန်သင့်ဆီ ပြန်လာချင်တယ်။ ဒါပေမယ့် မိစံဘာမှ မတတ်နိုင်ဘူး ခွန်သင်၊ မိစံအခု မြစ်မျောပေဒါဖြစ်နေပြီ။

''အံမယ်...သူ့အဆက်ကို လွမ်းနေပြန်ပြီ''

အသံနဲ့အတူ စံ့ခုတင်ပေါ်ဝင်ထိုင်သူမှာ စံ့နဲ့အခန်းဖော် အဲလှစ်။

''အဲလှစ်...ဘယ်တုန်းကဝင်လာတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီ…ယူ့ကို နောက်ကနေကြည့်နေတာ၊ ယူ အဲဒီတစ်ယောက်ကို တော်တော်သံယောဇဉ်ကြီးပုံပဲ"

"စံနဲ့သူက အသက်ဆယ်နှစ်ကတည်းက တူတူနေခဲ့ကြတာ"

"အေးပေါ့..သံယောဇဉ်က ထောင့်ငါးရာထပ်ပေါင်းလိုက်တော့ စံဒီလောက်ဆွေးနေတာ ဖြစ်ထိုက်ပါတယ်"

"အဲလစ်..ရေအရင်ချိုးလေ…စံခဏအိပ်လိုက်ဦးမယ်"

ကားမောင်းရတဲ့ဒုက္ခက ညောင်းတာ။ ပြီးတော့ အန္တရာယ်ပေါ်မှာသွားနေရတဲ့အလုပ်။ ကိုယ့်နောက်က လူတစ်ယောက်ကို သယ်ဆောင်ပြီးမောင်းရတာမလွယ် အက်ဖ်အီးစီနဲ့ရပေမယ့် အန္တရာယ်များသည်။

စံမျက်လုံးများ မှိတ်လိုက်သည်။ မကြာခင်မှာ စံအိပ်ပျော်သွားတော့မည်။ အဲဒီအခါ စံ့ရဲ့ဖြစ်ချင်သော ဆန္ဒများကို အိပ်မက်ထဲမှာတွေ့ရပေမည်။

* * * * *





"ပင်မြင့်စံ ဘာသောက်မလဲ"

မင်းမဟာက စံ့မျက်နှာကိုကြည့်ကာ မေးသည်။ စာရင်းရှင်းဖို့ ရန်ကုန်ကိုရောက်လာသော မင်းမဟာကို တနိုင်းခက စံ့ရှေ့မှာဆီးကြိုနှုတ်ဆက်ပုံက တစ်မျိုးဟု စံထင်သည်။

"ငါ့ကို စိတ်မချလို့လား ဟေ့ကောင်" တဲ့။ ပြီးတော့ စံ့ကိုကားမောင်းနိုင်းတဲ့ကိစ္စကို မင်းမဟာတွေ့သွားတော့ ပြောလို့မဆုံး။

"အဓိပ္ပါယ်မရှိဘူး တနိုင်းခ"

"ရန်ကုန်မှာ ဒီလိုပဲကွ၊ သူက ငါ့ရဲ့အနီးကပ် စာရေးလေကွာ"

"စာရင်းကို မင်းစာရင်းကိုင်ငှါးထားတာ ငါသိပြီးပြီ၊ မင်းဒရိုင်ဘာလိုချင်ရင် ဒရိုင်ဘာငှါးပါလား"

စံရောက်လာ၍ နှစ်ယောက်သားငြိမ်သက်သွားကြသော်လည်း မင်းမဟာမျက်နှာက တင်းတည်နေကာ တနိုင်းခမျက်နှာက ပြုံးစပ်စပ်၊ စံ့ကိုဘာသောက်မလဲဟုပင် လှမ်းမေးသော မင်းမဟာကိုလှောင်တဲ့သဘော။

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ၊ တစ်ခုခုသောက်ပါ၊ ကော်ဖီသောက်မလား"

"နတ်စ်ကော်ဖီပဲ သောက်မယ်လေ"

ကော်ဖီသောက်နေရင်း မင်းမဟာက စံ့ကို သူနောက်ထပ်ချဲ့မယ့် လုပ်ငန်းအကြောင်း ပြောပြနေလေသည်။ စိတ်မပါသော်လည်း စံသည် အလုပ်ရှင်ဟူသော မျက်နှာဖြင့် နှစ်ယောက်မတည့်တာ ရိပ်မိပေမယ့် သည်းခံနားထောင်ရလေသည်။

"ကျွန်တော်တို့ အခုဆက်လုပ်မယ်စိတ်ကူးတာ၊ အလှငါးစီးပွားဖြစ်မွေးချင်တာ ပင်မြင့်စံရဲ့၊ အခုနောက်ပိုင်းဆို တေးလ်ငါးက တစ်အားမွေးလာကြတယ်၊ ကျွန်တော်စဉ်းစားတာက ကျွန်တော်တို့ အခုလုပ်နေတဲ့ ရေချိုလုပ်ကွက်တွေကနေ ဆိုက်ကလော့ပ်ပုစွန်မွှားလေးတွေကို စီးပွားဖြစ်အလှငါးတွေ ကျွေးလို့ရတယ်၊ မော်လီငါးနဲ့ ဆိုတေးလ်နှစ်မျိုးလောက် စမ်းလုပ်ကြည့်မယ် စိတ်ကူးတာပဲ"

စံက ငြိမ်သက်နားထောင်နေပေမယ့် တနိုင်းခက-

"သူက ဘာနားလည်မှာမို့လို့လဲ" ဟု ခနဲ့တဲ့တဲ့ဝင်ပြောလေသည်။ စံ့ကိုအသားလွတ်ဒေါက်ဖြုတ်ချင်နေတဲ့ တနိုင်းခကို စံနားမလည်နိုင်။ မင်းမဟာက စံ့ကိုအရေးတယူရှိသလောက် တနိုင်းခက အမြဲအထင်သေးစွာ ဆက်ဆံတတ်လေသည်။ ကိစ္စမရှိပါ။ စံ့ခေါင်းထဲမှာ သူမရှိ။ ဘယ်တော့မှရှိမှာမဟုတ်။

* * * * *





"ကျွန်တော် ပင်မြင့်စံကို ညစာထမင်းကျွေးချင်လို့"

စံအတန့်တန့် ငြင်းပေမယ့် မင်းမဟာက စံ့အဆောင်ကို ညရှစ်နာရီမှာလာခေါ်လေသည်။ အဲလစ်က ယူ့ကိုယူ့သူဌေးက ချိုင်နေပြီဟု ခပ်တိုးတိုးပြောလိုက်သေးသည်။ မကောင်းတတ်၍သာ စံလိုက်လှာရတာ။

ဆိုင်က စံတစ်ခါမှ မရောက်ဘူးချေ။

လင်းလင်းထိန်ထိန်လည်းမဟုတ်။ ဖယောင်းတိုင်တွေနဲ့။ ဆိုင်ကို အမှောင်ထဲမှာ ကဗျာဆန်အောင် ဖန်တီးထားသည်။ စံသည် သီတင်းကျွတ်လပြည့်ညက စံနဲ့ခွန်သင် ဖယောင်းတိုင်တွေအတူတူထွန်းကြတာ သတိရမိပြီး အဖျားတက်သလိုဖြစ်သွားလေသည်။

"စံ...သြော် ကျွန်တော်စံလို့ပဲ ခေါ်မယ်နော်"

"ဟုတ်ကဲ့"

"စံ့ကိုကြည့်ရတာ မပျော်သလိုပဲ"

"ရှင်"

"ဟို ကျွန်တော်ပြောချင်တာ စံ့မျက်နှာက နွမ်းနေကယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကိုပြောချင်တာပါ။ တနိုင်းခက ကျွန်တော့်လိုမဟုတ်ဘူးစံ၊ သူက နည်းနည်းစီးပွားရေးပိုဆန်တယ်၊ လူတွေကိုပိုက်ဆံရှာနိုင်းတဲ့ စက်ရုပ် လုပ်ချင်နေတာ''

''သြော်…ဟုတ်ကဲ့''

''တနိုင်းခနဲ့ ကျွန်တော်က ဘွဲ့ရတဲ့နှစ်ချင်းမတူဘူးဗျ''

''ဟုတ်ကဲ့''

''သူက ပိုကြီးတယ်''

''သြော်…မထင်ရဘူးနော်''

''ဟုတ်တယ်…သူက အသန့်အပြန့်လည်းကြိုက်တယ်၊ နေတတ် ထိုင်တတ်တယ်လေ''

''ဟုတ်လား''

''ကျွန်တော်က သူ့ထက်ငယ်ပေမယ့် ကျွန်တော့်ကိုပဲ ကြီးတယ် ထင်ကြတယ်''

''ဟုတ်ကဲ့''

''စံ့ကို တစ်ခုမေးချင်တယ်''

''မေးပါ''

''စံ တနိုင်းခဆီမှာ အလုပ်လုပ်ရတာ ပျော်ရဲ့လား''

''ရှင်…''

''ကျွန်တော်မေးတာ အကြောင်းရှိပါတယ်''

''ဟုတ်ကဲ့''

''စံ ရန်ကုန်ကိုထွက်သွားပြီး နောက်တစ်ပတ်မှာ ကျွန်တော့်ဆီ





လူတစ်ယောက်ရောက်လာတယ်၊ ဒေါက်တာခွန်သင်ဇာတဲ့၊ စံ့ကိုရှာနေ တယ်လို့ ပြောပါတယ်၊ အဲဒါကျွန်တော်က ကျွန်တော့်ဆီမှာ စံအလုပ် မဝင်တဲ့အကြောင်းပဲ ပြောပြလိုက်ပါတယ်''

''စံ ရန်ကုန်မှာဆိုတာ…''

''မပြောပြလိုက်ပါဘူးစံ''

''ဟူး…တော်ပါသေးရဲ့''

''ကျွန်တော်သိချင်တာက စံတစ်ခုခုကို ရှောင်နေသလိုပဲ… ထားပါ၊ ကျွန်တော် စံ့အတွင်းရေးကို စပ်စုတယ်မထင်ပါနဲ့၊ စံတစ် ကယ်လို့တစ်စုံတစ်ယောက်ကို ရှောင်ချင်ရုံနဲ့ စိတ်ညစ်ခံပြီး တနိုင်းခဆီ မှာ အလုပ်မဝင်ပါနဲ့၊ သူက သူလိုချင်တာပဲသိတယ်၊ သူများကိုနည်း နည်းမှ စဉ်းစားပေးတဲ့လူမျိုးမဟုတ်ဘူး၊ မိန်းကလေးဆိုပြီး အလျှော့ မပေးတတ်ဘူးစံ၊ လူမှုရေးစိတ်လည်းခေါင်းပါးတယ်၊ ဝန်ထမ်းတွေ သူ့လက်အောက်ရောက်ရင် ထွက်ကုန်တာပဲ၊ ကျွန်တော်စံ့ကို အလုပ် မထွက်စေချင်ဘူး အဲဒါ စေတနာပါ''

''ကျေးဇူးတင်ပါတယ်ရှင်''

''ကျေးဇူးအတင်မစောပါနဲ့စံ…ကျွန်တော်ရန်ကုန်တက်လာတာ စံနဲ့တွေ့ချင်လွန်းလို့တက်လာတာ''

''ရှင်''

''First Love ဆိုတာ ကြားဖူးလားစံ၊ မကြားဖူးရင် အခုကြားဖူး ပြီပဲ''

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"အိုးဂေါ်ဒ် . . ယူ့ကို ရည်းစားစကားပြောလိုက်တာပေါ့စံ . . . ယူ့စဉ်းစားနော် . . . ကိုယ့်ကို လေးလေးစားစားနဲ့ ဆက်ဆံတာ၊ ကြည့်စမ်းကွယ်၊ အဲလစ်တို့ကျတော့ အဲဒီလိုမျိုးမကြုံရဘူး၊ စံကံကောင်းလိုက်တာ၊ သူ့ကိုစံစဉ်းစားမယ်မဟုတ်လား"

"စံ ခွန်သင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူးအဲလစ်"

"ယူကလည်း . . ."

"စံ လက်ထပ်ဖြစ်ရင်တောင် ချစ်လို့မဟုတ်ဘူး၊ အခြားအကြောင်းတွေကြောင့်ပဲဖြစ်မှာ ခွန်သင့်ကို ဘယ်သူမှနေရာဝင်မလုနိုင်ပါဘူးကွယ်"

"ယူ ခဏခဏပြောတဲ့ ခွန်သင်ကို အဲလစ်တောင်မြင်ချင်လာပြီ"

"သိပ်ချောတယ် အဲလစ်"

"ဟုတ်လား"

"ပါးချိုင့်တစ်ဘက်နဲ့ အဲဒီအပေါ်မှာ မှဲ့လေးပါသေးတယ်၊ အရပ်က အမြင့်ကြီး ပြီးတော့ မျက်လုံးကသိပ်လှတာ၊ ခွန်သင့်လက်ကလေးတွေက သွယ်သွယ်လေးတွေ၊ ခွန်သင်က ပုဆိုးနဲ့မလိုက်ဘူး၊





အမြဲဘောင်းဘီပဲဝတ်တယ်၊ ဘောင်းဘီအနားစလေးတွေက ခွန်သင့်ရဲ့ ခြေဖမိုးပေါ် ပျော့အိပြီးကျနေတာ၊ ခွန်သင်ကလေ သိပ်ဆုတောင်းကောင်းတာ . . အားလုံးပြည့်စုံတယ်"

"အဲသလို ပြည့်စုံတယ်လူဆိုတာ ရှားတယ်နော်စံ၊ ယောက်ျားလည်းဖြစ်ရသေးတယ်၊ ပညာရေးရော၊ ရုပ်ရည်ရော ပစ္စည်းဥစ္စာရော ပြည့်စုံတာ တော်တော်ဆုတောင်းကောင်းတာပဲ"

"မေမေတို့က ဆရာဝန်တွေလို့ မပြောရဘူး၊ ခွန်သင့်ကိုပုံစံခွက်ထဲထည့်မွေးလာတာ အဲလစ်ရဲ့၊ ဘာမဆို ပြုပြင်ဖန်တီးလို့ရတယ်၊ အဲသလိုပေါ့ . . ခံယူထားတာ"

"ယူ့ကိုလည်း သူတို့ချစ်ကြမှာပါ"

"အင်း . . . ချစ်ကြတယ်၊ စံရိပ်ငြိမ်မှာ သမီးတစ်ယောက်အနေနှင့် စံအချိန်မရွေး ပြန်နေလို့ရပါတယ်၊ ဒါပေမယ့် စံချစ်တဲ့သူကို တစ်ခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်ပေးမှာကို စံကြည့်ဖို့သတ္တိမရှိဘူး"

"ကိန္နရီချောင်းခြားတဲ့ ဇာတ်ပဲ"

"အင်း . . . ဒါပေမယ့်လေ၊ ခွန်သင်နဲ့ဝေးတဲ့နေရာမှာ စံရှိနေပေမယ့် အတွေးနဲ့တင် စံကျေနပ်နေလို့ရတယ်၊ အတူတူနေရမှ အချစ်မဟုတ်ဘူး အဲလစ် . . . စံ့ရင်ထဲမှာ ရှိတဲ့ခွန်သင့်နေရာဟာ ဘယ်တော့မှ ပြောင်းလဲမသွားဘူး၊ ဘယ်သူမှဝင်ယူလို့လည်းမရဘူး . . ."

"စံရယ် . . အဲဒီလောက်ထိချစ်နေတာ ကံကြမ္မာက စံတို့ကို ဆုံဆည်းခွင့်ပေးဦးမှာပါ"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာ သေချာစဉ်းစားပါစံ...တနိုင်းခလက်အောက်မှာ စံ့ကိုထားခဲ့ရမှာ ကျွန်တော်စိတ်မချဘူး"

"ခက်တာပဲ...စံ ဘာတ်ကိုပြန်မလိုက်ချင်ဘူး"

"စပ်စုတယ်မထင်ပါနဲ့စံ၊ စံဘိတ်ကိုပြန်လိုက်ရင် ဒေါက်တာနဲ့တွေ့မှာစိုးလို့လား..."

စံ ဘာဖြေရမှန်းမသိ၊ အမှန်တော့ စံပျော်နေတာမရှိ။ စံရိပ်ငြိမ်မှာ စံ့ရယ်မောသံများ ကျန်ခဲ့ပါပြီ။

"တနိုင်းခက စံ့ကိုပြန်ခေါ်ချင်ခေါ်သွားဖို့ ခွင့်ပြုပြီးပါပြီ"

"ဟုတ်လား...ဒါပေမယ့် စံ ဘိတ်ကိုပြန်မလိုက်ချင်ဘူး"

"ဘိတ်မှာ ဒေါက်တာရှိနေမယ်ထင်လို့လားစံ"

"ဟုတ်ကဲ့"





"စံ့ကိုကြည့်ရတာ ရာဇဝတ်မှု ကျူးလွန်ခဲ့ပုံလည်း မရပါဘူး"

"စံ မကောင်းမှုတစ်ခုကြောင့် ထွက်ပြေးနေတာမဟုတ်ပါဘူး၊ ဦးမင်းမဟာ...စံမတွေ့ချင်လို့ပါ"

"ဘာဖြစ်လို့လဲစံ"

"အဲဒါ စံ့ရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပါတယ်"

"ဆောရီးဗျာ...ကဲပါလေ...စံဒီမှာပဲ နေခဲ့ချင်လည်း စံ့သဘောပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



စံလိုက်သွားခဲ့လျှင် စံအိမ်ထောင်ကျမည်မဟုတ်ချေ။ သို့သော် စံလိုက်မသွားတာကိုက တနိုင်းခအမြင်မှာ အပြစ်တစ်ခုဖြစ်လေသည်။

"မင်းတို့ လိုက်သွားမယ်လို့ထင်တာ…နေပါဦး…ဒေါက်တာ ခွန်သင်ဇာဆိုတာ ဘယ်သူလဲ"

"အဲဒါ စံ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စပါ ဦးတနိုင်းခ"

"ကိုယ်နဲ့မင်းက အကြာကြီးလက်တွဲလုပ်ရမှာ ပင်မြင့်စံ၊ မင်းရဲ့ နောက်ကြောင်းကို သိထားဖို့လိုအပ်တာပဲ"

"ကျွန်မ ကိုယ်ရေးရာဇဝင်ထဲမှာ သိသင့်တာ အကုန်ဖြည့်ပြီးပါပြီ နောက်ထပ်ဘာမှ မသိစေချင်ဘူး"

သူက ခပ်လွန့်လွန့်ပြုံးလေသည်။

သူ ပြုံးလိုက်သောအခါ စံ့လျှို့ဝှက်ချက်တွေ အကုန်ပေါ်သွားသလိုပါပဲ။ ဘက်ဘက်နှုတ်ခမ်းလေးတွေက ထောင့်စွန်းကိုတွန့်ပြီး သွားမပေါ်ဘဲ စေ့ပြုံးပြုံးခြင်းဖြစ်သည်။





"ပင်မြင့်စံကိုတော့ ကိုယ့်အတွင်းရေးတွေ အကုန်ပေးသိထားရမယ်"

"ကျွန်မ မသိချင်ပါဘူး"

"ဒါပေမယ့် ကိုယ်ကပေးသိချင်တယ်၊ ကိုယ်ကလျှို့ဝှက်ချက်တွေရှိတဲ့ မိန်းကလေးမျိုးကို သဘောကျတင် ပင်မြင့်စံ"

စံ ဒေါသထွက်သွားလေသည်။ သူကထပ်ပြောပြန်သည်။

"ပြီးတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်တဲ့ မိန်းကလေးမျိုးကို အိမ်ထောင်ဘက်အဖြစ်ရွေးချယ်ဖို့ ဆုံးဖြတ်ထားတယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုစံ ဘာကြောင့်လက်ထပ်ခဲ့သလဲဆိုတာ စံပြောပြခဲ့ပြီးပေပြီ။ သူကမူ စံ့ကို အချစ်အတွက်နှင့် မရရအောင်ယူခဲ့ခြင်းဖြစ်သည်။ ရက်စက်တဲ့ အတွေးအခေါ်နှင့်ဆုံးဖြတ်လျှင် စံသည် ကိုယ့်ဘဝတစ်ခုလုံး လဲလှယ်၍ လူတစ်ယောက်ရဲ့ အညွန့်ချိုးတာခံလိုက်ရခြင်းဖြစ်ပေသည်။ စံ့လို အညွန့်ချိုးခံရသော မိန်းမတွေဘယ်လောက်များနေပြီလဲ၊ မိန်းမတွေဟာ အချစ်အတွက် ဆိုသောစကားလုံးကို ရှေးကမ္ဘာဦးကတည်းက မိုက်မဲစွာ ယုံကြည်ခဲ့ကြသည်။

စံလည်း အချစ်ဟူသော စကားလုံးဖြင့် သိမ်းပိုက်ခံခဲ့ရသည်။ အပေးအယူသဘောဖြင့် အိမ်ထောင်ရေးကို ညီမျှခြင်းချလျှင် စံသည် ကမ္ဘာမှာ အနစ်နာအဆုံးရှုံးသော မိန်းမတစ်ယောက်ဖြစ်လေသည်။

သဘောထားသေးသိမ်ကျဉ်းမြောင်းသောလူများသည် အသက်နှစ်ဆယ်ကျော်နှင့် မုဆိုးမဖြစ်သောစံ့ကို ရှေ့မှာတင် ဖြက်ရယ်ပြုကြလိမ့်မည်၊ နောက်ကွယ်မှာ မေးငေါ့ကြမည်၊ စံအမွေတွေ ဘယ်လောက်ရခဲ့သလဲဆိုသောမေးခွန်းကို သိုက်တူးချင်တဲ့ ယောက်ျားများက အသောအလဲ စုံစမ်းကြလိမ့်မည်။





စံနဲ့ပတ်သက်သောအသိုင်းအဝိုင်းက ဒီကောင်မလေး ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အညွန့်ကျိုးသွားတာပဲ ဟူသောစကားဖြင့် နှိပ်စက်ကြလိမ့်မည်။ လင်တစ်ယောက်ယူပြီး ထိုလင်သေသွားတာနဲ့ အဲဒီမိန်းမအညွန့်ကျိုးရောလား၊ သွားစမ်းပါ၊ တော်တော်အသုံးမကျတဲ့ အတွေးအခေါ်တွေ။

မိန်းမတစ်ယောက်ရဲ့ အညွန့်ဟာ အဲဒီမိန်းမရဲ့ အရည်အချင်း၊ ကြိုးစားမှုနဲ့ စပ်ဆိုင်တဲ့ တိုးတက်မှု မဟုတ်ဘူးလား။ မိန်းမတစ်ယောက်ဟာ လင်သေတာနဲ့ အညွန့်တုံးသွားဘယ်လို့ သတ်မှတ်ကြရင် လင်သေတဲ့မုဆိုးမတွေကို လူ့အသိုင်းအဝိုင်းက လက်မခံတော့ဘူးဆိုတဲ့သဘောလား၊ လင်သေဆုံးသွားသည့် ခိုကိုးရာမဲ့ အမျိုးသမီးတစ်ယောက်ကို စောင့်ရှောက်ဖို့အတွက် လူထုရဲ့အတွေးအခေါ်တွေကို ပြင်ဆင်ရပေမည်။

အပျိုတစ်ယောက်နဲ့ မုဆိုးမတစ်ယောက်ကို ဂုဏ်သိက္ခာအရ ညီမျှခြင်းချကြည့်လျှင် မုဆိုးမကိုမေးငေါ့ချင်တဲ့ လူတွေများတာ လူ့မှုဝန်းကျင်ထဲမှာ နံပါတ်ရှေ့ဆုံးရှိနေလိမ့်မည်။

ခင်နှင်းယုရဲ့ ရေချိုတွင်းထဲက စကားတစ်ခွန်းကို စံရင်နာနာနဲ့ သတိရမိလေသည်။ ပင်လယ်ဘယ်လောက်ကြီးကြီး သောက်ဖို့ရေမရ၊ ကျွန်းပေါ်က ရေချိုတွင်းသေးသေးကလေးကသာ သောက်ရေရလေသည်။ လင်ဆိုတာ ဒီလိုပဲ။

ယောက်ျားတွေ ဘယ်လောက်များများ လင်ဆိုတာများသည်၊



www.burmeseclassic.com

www.burmeseclassic.com



လင်တစ်ယောက်က ပေးနိုင်တဲ့ ကာကွယ်ပေးနိုင်ခွင့်ဟာ ရေချိုကွင်းသေးသေးကလေးနှင့်အတူပင်တည်း။

ကိုကို့ကို မသေချင်တဲ့ အမိကက လင်ဆိုသောဂုဏ်ကို စံခံစားချင်၍ဖြစ်သည်။ အဲဒါပါပဲ။ တစ်ခြားဘာမှမရှိ။

စံ ကိုကို့ဆီက ဘာမျှမမျှော်လင့်။ စံကိုကို့ဆီကလည်း ဘာမှမရချေ။ အိမ်ထောင်ရေးသုခဆိုတာ ဘယ်မှာနေမှန်းတောင် စံမသိ။ မနက်မိုးလင်းကနေ မိုးချုပ်ကိုကို့ကို ပြုစုရင်း ကိုကို့မျက်လုံးမှိတ်ပြီး အိပ်ပျော်သွားရင်တောင် အိပ်ရင်းနဲ့ သေသွားမှာစိုး၍ စံ စိတ်မချဘဲထိုင်စောင့်နေရလေသည်။

ပိုက်ဆံဆိုလည်း စံ့ ပိုက်ဆံအိတ်ထဲမှာ ကိုကိုပေးသောအထပ်လိုက်သည် ကိုကို့ဆေးဖိုးနဲ့တင် တတိတိကုန်လေသည်။

လတိုင်းသွေးသွင်း၊ အသဲအတွက်ဆေးဝယ်၊ ဒါတွေဟာကြာတော့ စံတို့ကို ခါးပါးပါးနှင့် မွန်းနေသလိုပါပဲ။

လူတစ်ယောက် နာတာရှည်ဖြစ်လျှင် ဆေးဖိုးနဲ့ စိတ်ဓါတ်အင်အားသည် ထိုလူနှင့် မိသားစုကို အနီးကပ် ခြိမ်းခြောက်နေသော လက်နက်များဖြစ်လေသည်။ ဆေးဖိုးတတ်နိုင်ပေမယ့် စိတ်ဓါတ်အင်အားသည် တရိရိဖြစ်ကာ ချို့နွဲ့လာတာကို လူမမာရော အနီးစပ်မိသားစုပါ ခံစားရသည်မှာ သာမန်လူတွေမသိနိုင်သော ခံစားချက်တွေဖြစ်သည်။

လူမမာရှိသော အိမ်မှ ဤခံစားချက်ကို နားလည်ပေမည်။

❀ ❀ ❀ ❀ ❀





စံနဲ့သူသည် ရေစက်ရှိသည်ဟု ဆိုရမလားမသိ။ စံ့အကြိုက်နှင့်သူ့အကြိုက်သည် အံ့သြဖွယ်ရာ တူညီလေသည်။ လမ်းဘေးက ကြက်တောင်ပံကင်ကို စံသည် စားသောက်ဆိုင်ကြီးများမှ ကြက်တောင်ပံကင်ထက်ပိုကြိုက်လေသည်။ သူနဲ့စံ အနီးစပ်ဆုံး အဖြစ်အပျက်မှာ စံကားအက်ဆီးဒင့်ဖြင့် ဆေးရုံတစ်လတက်ရခြင်းဖြစ်သည်။ အဲဒီနေ့က သူမပါ။ စံတစ်ယောက်တည်း မီးပွိုင့်ကိုအကွေ့မှာ တစ်ဘက်ယာဉ်ကြောမှ လိုင်းကားတစ်စီးရဲ့ ထိပ်နဲ့ညီလေသည်။

သူသိတော့ တောက်တခေါက်ခေါက်နှင့်။ စံက ခုတင်ပေါ်ကနေ သူ့မျက်နှာကို အရိပ်အကဲကြည့်နေရသည်။ ဆေးရုံပေါ်ရောက်သောအခါ ဂျူတီကုတ်များကိုမြင်ရလေ ခွန်သင့်ကို စံပိုသတိရလေဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲသောစုံကို သူကအပြုံးဖြစ်နှစ်သိမ့်သည်။ ဆေးရုံတက်တဲ့တစ်လအတောအတွင်း စံသည်ချိုင်းထောက်တစ်ဘက်နဲ့ ထော့နင်းထော့နင်းလမ်းလျှောက်ရလေသည်။ ကျိုးသွားသော ဘယ်ခြေထောက်ကို ကျောက်ပတ်တီးကိုင်ထားရသည်။ သူကနောက်ဆို စုံကိုကားမမောင်းနိုင်းတော့ဟု ဆိုသည်။

ဆေးရုံမှဆင်းပြီးလျှင် စံငါးလမျှ အနားယူရဦးမည်ဖြစ်သည်။

"ခက်တာပဲ အဲလစ်ရယ်…စုံမှာ အဲဒီလောက်ထိ ငွေကြေးမရှိဘူး"

"အဲလစ်လည်း အိမ်ကိုပြန်ပို့နေရတာနဲ့ ခက်တယ်စံ…အဲလစ်စုံကိုကူညီချင်လိုက်တာ"

စုံဘဝမှာ အဲလစ်ဟူသော နာမည်တူနှစ်ယောက်ကို ဆုံခဲ့ရပြီး နှစ်ယောက်စလုံး စုံ့အပေါ်မှာ အကူအညီပေးခဲ့ကြသည်။ ပထမအဲလစ်က ဂေဟာမှူး၊ နောက်တစ်ယောက်က အဆောင်သူငယ်ချင်း။

"ဒီလိုလုပ်လေ…အဲလစ်လက်စွပ်တစ်ကွင်းရောင်းပေးမယ်"

"မလုပ်ပါနဲ့ အဲလစ်ရယ်"

"မဟုတ်တာ…ယူ့မှာ စုထားဆောင်းထားတာ ဘာမှမရှိဘူး"

အဲလစ်ရဲ့ လက်စွပ်တစ်ကွင်းရောင်းရငွေသည် တစ်ကယ်ဘာမှအသုံးမခံ။ တနိုင်းခသိသွားတော့-

"ဒါအလုပ်ခွင်မှာဖြစ်တာ…ကိုယ်အားလုံးတာဝန်ယူတယ်"

ဟုဆိုကာ သူ့အိမ်သို့ စုံကိုပြောင်းရွှေ့ရန် နားချလေသည်။





"မင်း ခုတင်ပေါ်မှာ အနားယူရမယ်စံ မင်းအတွက် အကူတစ်ယောက်ယောက်ကတော့ လိုအပ်တာပဲ၊ ပြီးတော့ ကိုယ့်အိမ်မှာဆိုမင်းကိုကူညီမယ့် ကိုယ့်တပည့်တွေရှိသားပဲ၊ ငွေရေးကြေးရေးကလည်း မင်းခေါင်းထဲထည့်မနေနဲ့၊ ကိုယ်အဲဒီလောက်ထိ လူမှုရေးမညံ့ဖျင်းဘူး"

"မဖြစ်ဘူး…ကျွန်မနဲ့ ဦးတနိုင်းခက သူစိမ်းတွေ၊ ကျွန်မဦးတနိုင်းခဆီ လိုက်နေတာ လူမြင်မကောင်းဘူး၊ ကျွန်မပတ်ဝန်းကျင်မှာရော၊ ဦးတနိုင်းခပတ်ဝန်းကျင်မှာရော လူတွေရှိတယ်လေ။ လူတွေဆိုတာ ပါးစပ်ပါတယ် ဦးတနိုင်းခ၊ ဒီတော့စားမှာပဲ၊ ပြောမှာပဲ၊ အလကားစားရမယ့်ကိစ္စနဲ့ အပြစ်ပြောတဲ့အလုပ်ဆိုတာ ဘယ်လူမှမလုပ်ဘဲနေနိုင်တဲ့ ကိစ္စမဟုတ်ဘူး ကျွန်မ အပြစ်ပြောမခံနိုင်ဘူး"

"လူတွေကို မင်းဂရုစိုက်မှာလား…ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မှာလား၊ မင်းကို လူတွေက ဘာအကျိုးကျေးဇူးပေးလဲ၊ မင်းကိုအပြစ်ပြောတဲ့ကိစ္စဟာ မင်းကျန်းမာရေးလောက် အရေးပါလို့လား၊ အဓိကကျတာစဉ်းစားစမ်းပါ စံ "Use You Brain Ok" "

"ကျွန်မက သူများထက် ပိုစဉ်းစားရတယ်ရှင့်…မိဘရှိတဲ့ မိန်းကလေးတွေ တစ်လှမ်းမှားရင် နောက်ပြန်ဆုတ်ဖို့ မိဘရင်ခွင်ရှိတယ်၊ ကျွန်မက မိဘမဲ့ တစ်ကောင်ကြွက်၊ ပိုစဉ်းစားရတယ်၊ သူများထိုးနှက်ရင် ကျွန်မရှေ့မှာ ကာကွယ်ပေးမယ့်လူမရှိဘူး၊ ကျွန်မတစ်ယောက်တည်းခံစားရမှာ သိရဲ့လား"

"မင်းတစ်ယောက်တည်းလို့ ဘာလို့ထင်ရတာလဲစံ ဟင်…



www.burmeseclassic.com

www.burmeseclassic.com



မင်းရှေ့မှာ ကိုယ်ရှိတယ်၊ ကိုယ်မင်းအတွက် အားလုံးလုပ်ပေးနိုင်တယ်၊ မင်းကိုယ့်ကို ယုံကြည်ဖို့ပဲလိုတယ် စံ"

စံသည် အရှိန်အဟုန်ပြင်းပြင်းဖြင့် ရင်ထဲဝင်ရောက်လာသော ထိုစကားများကို တုန်လှုပ်မိလေသည်။

သူ့နှုတ်ခမ်းပေါ်က အပြုံးသည် ရင်ခုန်တိမ်းမူးဖွယ်ရာ လှပလျှက်ရှိသည်။ မျက်လုံးများကမူ အရောင်တောက်လျှက်၊ စံယုံကြည်ချင်လာသည်။ စံ့ရှေ့မှာ သူရှိနေမယ်တဲ့၊ သူ့ရဲ့မျက်နှာသည် ရုပ်ရည်အရ၊ ပြောပုံဆိုပုံအရ အင်မတန်လေးစားလောက်ဖွယ်ရာ ရှိသည်။ အသံနေအသံထားကအစ မိန်းကလေးတစ်ယောက်ကို ယုံကြည်မှုပေးနိုင်သည်။

"ဦးမင်းမဟာကို အကြောင်းကြားကြည့်ပါဦး"

သူ့မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"ဘာလို့ကြားရမှာလဲ၊ ဒီကောင်က အလုပ်ရှုပ်နေတာ၊ စံ့ကိစ္စကို ခေါင်းထဲထည့်မယ့်ကောင်မဟုတ်ဘူး"

စံကော့ အဲသလိုမထင်ပါ။ သို့သော် တနိုင်းခက ပိတ်ပြောလိုက်သည့်အတွက် စံဘာမှမတတ်နိုင်တော့။ အဲလစ်နှင့်တိုင်ပင်တော့-

"ဒီမှာပဲနေတာက ဟုတ်တယ်စံ၊ ဒါပေမယ့် စံ့ကို စားဖို့သောက်ဖို့ ဘယ်သူလုပ်ပေးမလဲ၊ စံ့ကိုအဲလစ်က ညဘက်မှ ကြည့်ပေးနိုင်တာ"

"ခက်တယ်၊ စံ စိတ်ညစ်တယ်၊ စံဘာဂြိုလ်ဆိုးတွေ ဝင်နေလဲ မသိဘူး"

"စံ့ကို တစ်ခုသတိပေးရဦးမယ်"





"ဘာလဲ အဲလစ်"

"တနိုင်းခကို ကိုယ်သဘောမကျဘူးစံ၊ စံ့ကိုသူ သဘောကျနေတယ်၊ အဲဒါလုံးဝမဖြစ်သင့်ဘူး"

"အဲလစ်က ဘာကိုသဘောမကျတာလဲ၊ ရှင်းရှင်းပြောပါဦး"

"သူ မင်းကိုလိုချင်နေတယ်စံ"

စံ့တစ်ကိုယ်လုံး ကြက်သီးများထသွားလေသည်။

အဲလစ်က စကားဆက်သည်။

"သူ မင်းကိုလိုချင်နေတာ ယောကျ်ားတစ်ယောက်ရဲ့ ရှိသင့်တဲ့စိတ်ဓါတ်နဲ့မဟုတ်ဘူး၊ အရွယ်ရောက်နေတဲ့ ယောကျ်ားတစ်ယောက်ဟာ အိမ်ထောင်ပြုဖို့ စဉ်းစားမှာပဲ၊ ဒါပေမယ့် လိုချင်တဲ့စိတ်နဲ့ စဉ်းစားတာသိပ်ရိုင်းပျတယ်စံ၊ ရှင်းရှင်းပြောရရင် သူမင်းကို တန်ဘိုးမထားဘူးစံ၊ ဦးမင်းမဟာနဲ့မတူဘူး၊ ကြည့်တဲ့အကြည့်ကိုကကွာတယ်၊ ဦးတနိုင်းခက အသက်လေးဆယ်နားနီးပြီ။ မိန်းမအတော်ညက်နေလောက်တာသေချာတယ်။ မင်းရဲ့အားနည်းချက်ကိုသိတဲ့ယောကျ်ားဟာ အဲဒီသော့ချက်နဲ့ မင်းဘဝကို မွှေနှောက်သွားနိုင်တယ်စံ"

"အဲလစ်...စံက မိဘမဲ့...ဒါကိုဆိုလိုတာလား"

"မှန်တာပေါ့၊ လောကမှာ တစ်ချို့ယောကျ်ားတွေဟာ သီလလည်းမစောင့်ထိန်းဘူး၊ အကျင့်လည်းမကောင်းကြဘူးစံ၊ တစ်ချို့ကြပြန်တော့ တစ်ခုကောင်းတယ်၊ တစ်ခုမကောင်းဘူး၊ ဦးတနိုင်းခကို ကြည့်ရတာ နှစ်ခုလုံးမကောင်းဘူး၊ သူလူပျိုအမည်သာခံထားတာ၊



www.burmeseclassic.com

www.burmeseclassic.com



လူပျိုလုံးဝမဟုတ်ဘူး၊ ပြီးတော့ မင်းကိုသူတစ်မက်တယ်စံ၊ ဒါကို တစ်နေ့နေ့မှာ အချစ်လို့ သူခေါင်းစဉ်တပ်လာလိမ့်မယ်၊ စဉ်းစားပါစံ၊ မင်းနားမှာ အဲလစ်အချိန်ပြည့်မနေနိုင်ဘူး၊ မင်းကိုသတိပေးရုံပဲတတ်နိုင် တယ်၊ ဒီလူကို မိန်းမတွေနဲ့ တွဲသွားတွဲလာလုပ်တာ မြင်တဲ့လူတွေရှိ တာပဲ၊ အဲလစ်လည်းတွေ့နေတာပဲ၊ မိန်းမကျွမ်းကြေတဲ့လူတစ်ယောက် က စံ့လိုမအူမလည်နဲ့ မိန်းကလေးတစ်ယောက်ကို အချိန်မရွေးလက် ထပ်ယူနိုင်တယ်စံ"

"စံ ကျေးဇူးတင်ပါတယ် အဲလစ်ရယ်...စံလည်းသူ့ကိုမကြိုက် ပါဘူး၊ စံခုလည်း အဆောင်မှာပဲနေမှာပါ။ သူ့အိမ်လိုက်မနေပါဘူး၊ စံကြောက်ပါတယ်"

စံသည် ရှောင်နိုင်သမျှ ရှောင်ခဲ့လေသည်။ စံ့ဘဝမှာ ကြောက် ရွံ့ခြင်းဖြင့် ရှောင်သလောက် အထာညက်တဲ့ယောကျ်ားတစ်ယောက် ရဲ့လှည့်ကွက်မှာ ကျကျနနမိခဲ့ခြင်းသည် စံ့ရဲ့ကံတရားပင်ဖြစ်သည်။

❀ ❀ ❀ ❀ ❀





စံ့ရဲ့စားပွဲပေါ်မှာ Arrow ပိုက်ဆံအိတ်နဲ့ မွေးနေ့ကတ်တစ်ခုရှိရှိယ်၊ စာအုပ်တွေရယ်၊ လှလှပပရှိနေလေသည်။

"ဒါ စံ့အတွက် မွေးနေ့လက်ဆောင်"

"အားနာစရာပဲ၊ ကျွန်မကိုလက်ဆောင်ပေးရအောင် ကျွန်မက မွေးနေ့မှမလုပ်တာပဲ ဦးတနိုင်းခရဲ့"

"မရဘူး...စံကိုယ့်ကို နေ့လည်စာကျွေးရမယ်"

စံသက်ပြင်း ခပ်ငွေ့ငွေ့ချလိုက်သည်။

"စံ လမ်းမလျှောက်နိုင်သေးဘူး"

"ရပါတယ်၊ ကိုယ်ဒီကိုလာပို့ဖို့ ဟော်တယ်ကိုဖုန်းဆက်လိုက် မယ်"

သူက ခါးမှဟန်းဖုန်းဖြင့် ဟိုတယ်တစ်ခုမှ လှမ်းမှာနေသံကြားရ သည်။

"ရှင်မှာတာတွေ ဈေးကြီးနေရင် ကျွန်မ မရှင်းနိုင်ဘဲဖြစ်နေဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိဘူး၊ ကိုယ်ရှင်းမှာပါ၊ ဲ…စံ ကိုယ့်လက်ဆောင် ကြိုက်လား ပြောပါဦး…"

"စံ့မှာ ပိုက်ဆံအိတ်ကောင်းကောင်းမရှိတာတော့ အမှန်ပဲ၊ ဒါနဲ့ ကျွန်မ မွေးနေ့ကို ဘယ်လိုသိသလဲ"

"ကိုယ်ရေးရာဇဝင်မှာသိတယ်"

"ဪ…"

"စံ့အသက်ငယ်သေးတာပဲ၊ နှစ်ဆယ့်နှစ်ဆိုတာ တစ်ကယ့်ကလေးတစ်ယောက်အသက်ပဲ၊ စံ..ကိုယ့်အသက်မှန်းကြည့်စမ်း"

"ကျွန်မ မမှန်းတတ်ဘူး"

ငယ်အောင်နေအောင်ပြင်ဆင်တတ်ပြီး ရေဘင်မျက်မှန်ရွှေကိုင်းတတ်သောသူ့ရုပ်သွင်ထက် ကြည်လင်နူးညံ့သော ခွန်သင့်မျက်နှာကို စံပိုနှစ်သက်ပါသည်။ စံ့ချစ်သူလောက် ဘယ်ယောက်ျားကိုမှ စံစိတ်မဝင်စားပါ။ သူ့အသားက ခွန်သင့်ထက် အများကြီးညိုကာ အရပ်လည်းပုသေးသည်။

"ဟား..ဟား..အနီးစပ်ဆုံး မှန်းကြည့်လေ"

"သုံးဆယ်ကျော်ပေါ့"

"အင်း…ကိုယ့်အသက် သုံးဆယ့်ငါးနှစ်ကျော်ခဲ့ပြီ၊ ကိုယ်က တစ်ဦးတည်းသောသားလေ၊ မိဘတွေက ဘိတ်မှာပဲဆိုပါတော့၊ မာမီတို့က ငှက်သိုက်ရောင်းတယ်၊ ကိုယ့်ထက်ဝင်ငွေကောင်းတယ်၊ သူတို့က ချွေးမသိပ်လိုချင်နေတာ၊ ချွေးမငယ်ငယ်ချောချောလေးတစ်ယောက်လောက်လိုချင်နေကြတာ စံရဲ့"





စံငြိမ်သက်နေကာ ဘာစကားမှ မတုံ့ပြန်မိ။ ကျွန်းရောင်ပါကေးဆီကိုသာ အကြည့်ပို့ထားမိသည်။ သူ့ခြေဖျားတွေက အတော်ကလေးညိုသည်။ ကတ္တီပါလေးညှင်းရောင်စီးတတ်သော ခွန်သင့်ခြေချောင်းဖြူဖြူကလေးများကို ဖျတ်ခနဲသတိရမိကာ စံမျက်နှာညိုးသွားရပြန်သည်။

"ဟင်…စံ ကိုယ်ပြောတာ ကြားလား"

"ရှင်…ဘာပြောလိုက်တာလဲ"

"ကိုယ်သဘောကျတဲ့ အရည်အချင်းတွေ စံ့ဆီမှာရှိတယ်လို့ပြောတာလေ"

စံ ခေါင်းကုတ်လိုက်မိသည်။ သူကရယ်ကာ-

"စံက တစ်ခါတစ်လေကျရင် ဖယောင်းပန်းရဲ့ ပွင့်ချပ်ကလေးလိုပဲ နူးညံ့တယ်၊ တစ်ခါတစ်လေကျရင်တော့ ကျောက်တုံးကျောက်စိုင်တွေလိုပဲမာကျောတယ်၊ ဒါပေမယ့် ကိုယ်က မာကျောတဲ့ပင်မြင့်စံကိုပဲ သဘောကျတယ်"

စံကတော့ ရှင့်ကိုဘယ်တော့မှ သဘောကျမှာမဟုတ်ဘူးဟု စိတ်ထဲက ပြန်ပြောမိလေသည်။ စံသည် အမြဲတမ်းရိုးရိုးသားသားနေခဲ့သည်။ လူတွေကို စံ့ရဲ့ရိုးသားမှုနှင့်ပင် ဆက်ဆံခဲ့သည်။ အဲဒီအခါ လူတွေရဲ့ တုံ့ပြန်မှုကလည်း ရိုးသားလိမ့်မည်ဟု စံထင်ခဲ့သည်။

တစ်ကယ်တော့ ဤလောကတွင် မရိုးသားသောယောက်ျားတွေများပြားလှကြောင်း နောင်ကိုယ်တွေ့အဖြစ် စံသိခဲ့လေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



စံနှစ်ဆယ့်နှစ်နှစ်ပြည့်ပြီးနောက်ပိုင်းမှာ သူသည်စံ့ဆီကိုပို၍ အလာစိပ်လာသည်။ ညနေတိုင်း ကားနဲ့လာခေါ်၍ အင်းလျားမှာ အကြော်စား၊ အအေးသောက်သည်။ သူကနိုင်ငံခြားတွင် သုံးနှစ်ခွဲမျှနေခဲ့ဖူးသူဖြစ်ရာ ထိုအကြောင်းတွေကို စီကာပတ်ကုံးပြောပြလေသည်။ စံ့မှာ အားနာစိတ်ဖြင့် နားမထောင်ချင်ဘဲ အောင့်အီးနားထောင်ရလေသည်။

"ကိုယ်နိုင်ငံခြားက ပြန်လာတုန်းက ငွေဆယ့်ရှစ်သိန်းလောက် ပါလာခဲ့တယ်၊ ဒီကိုပြန်လာတာ Medical Leave (ဆေးခွင့်)နဲ့ ပြန်လာတာ၊ ကိုယ့်ကို Within 2 weeks must be died (နှစ်ပတ်အတွင်းသေမည်)ဆိုတဲ့ ဆေးစာနဲ့ပြန်လွှတ်လိုက်တာ၊ ဒီရောက်တော့ ဒယ်ဒီနဲ့မာမီက ကုပေးတယ်လေ၊ သေ တွင်းကတစ်ခါထွက်ခဲ့တာပါ"

စံ အမှုမဲ့ အမှတ်မဲ့ပင် နားထောင်နေလိုက်သည်။





"အဲဒီတုန်းက တော်တော်ခံလိုက်ရတာ စံရဲ့...............

..................................................................

မင်းမဟာက ကိုယ့်လိုမဟုတ်ဘူး၊ မချစ်တတ်ဘူး၊ ...........

.................................................................."

ကြာတော့ စံနားညီးလာလေသည်။ ကျေးဇူးရှိတယ်ဆိုသောအသိနဲ့ စံနားထောင်ပေးခြင်းဖြစ်သည်။ သူ့ဟာသူ ငွေဘယ်နှစ်သိန်းပါလာပါစေ၊ စံမက်မောသူမဟုတ်၊ ငွေကိုရှာနိုင်တဲ့ မိန်းမသည် ငွေမမက်ချေ။ စံသည် လူ့လောကထဲတွင် ကိုယ်အလိုချင်ဆုံးသည် ကိုယ့်စိတ်ချမ်းသာမှုပင်ဖြစ်ကြောင်း သိထားသူပီပီစံငွေကို မက်မောခဲ့သော မိန်းကလေးတစ်ယောက်မဟုတ်ခဲ့ပေ။

"စံ ပြန်ချင်ပြီ"

"ကိုယ်နဲ့နေရတာ ပျင်းလာလို့လား"

"စကားပြောတာ ကြာတော့ နားညောင်းတာပေါ့"

စံသည် ရိုးရိုးသားသား ဆိုတတ်ခဲ့သူဟု ပြောခဲ့ပြီးပြီ၊ ပြီးတော့ ပွင့်လင်းသည်။ စံ့ရဲ့စကားကြောင့် သူမျက်နှာပျက်သွားလေသည်။

"ကိုယ့်ဘဝမှာ ကိုယ့်ကိုဒီလိုပြောရဲတာ မင်းတစ်ယောက်ပဲရှိတယ်စံ"

စံ ပုခုံးတွန့်ပြလိုက်သည်။ မတတ်နိုင်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် စံ့ခြေထောက် အခြေအနေကောင်းလာလေသည်။ အလုပ်ပြန်စဆင်းသောအခါ စံသည် ကွန်ပျူတာရှေ့မှာပဲ အလုပ်လုပ်ရတော့သည်။ အဆောင်အပြန်ကို သူလိုက်ပို့သည်။ စံသုံးသော Head & Shoulder ရှန်ပူကို သူ လတိုင်းဝယ်ပေးလေသည်။ စံမပြောဘဲနဲ့ စံဆိုးလေ့ရှိသော လက်သဲဆိုးဆေး အကြည်ရောင်ကို ဝယ်ပေးတတ်သည်။ စံ့မှာ အံ့သြစွာနှင့် လက်ခံရသည်။

အဲလစ်တောင် "ထင်မထားဘူး" ဟု ချီးကျူးရလေသည်။

အဲဒါ မိန်းမသဘာဝပင်။ အသေးစိတ်ကအစ ဂရုစိုက်လျှင် ပီတိဖြစ်တတ်သည်။ စံ့လိုမိန်းမ ပိုဆိုးတာပေါ့လေ။

စံသည် ခွန်သင့်ကို မေ့စေရန် ဦးတနိုင်းခကို အစားထိုးကြည့်သည်။ မရ။ သို့ရာတွင် ဖူးစာကပါလာလျှင် ရှောင်လွှဲလို့မရ။

တစ်ညနေတွင် သူမျက်နှာသည် သိသိသာသာပျက်ယွင်းကာ တုန်လှုပ်လျက်ရှိသည်။





"ဘာဖြစ်နေတာလဲ ဦးတနိုင်းခ"

"ကိုယ် ဒီနေ့ အလုပ်တစ်ခုကို အလုခံလိုက်ရတယ်"

"အော် . . . စီးပွားရေးလောကဆိုတာ ဒီလိုပဲလေ . . . သူ့အလှည့် ကိုယ့်အလှည့်တော့ ရှိတာပေါ့ရှင်"

"ကိုယ် စိတ်ဓါတ်ကျတယ်စံ"

"ဘာလို့ကျရမှာလဲ၊ ဒီမှာဦးတနိုင်းခ၊ ကျွန်မသာ စိတ်ဓါတ်ကျရင်ပေတောလေလွှင့်နေတဲ့ မိန်းမတစ်ယောက်ဖြစ်သွားတာ ကြာပြီသိရဲ့လား"

သူ့မျက်လုံးများသည် စံ့စကားကြောင့် တောက်လက်သွားကြသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



စံသည် ကိုယ့်ဘဝကို ထက်ပိုင်းမှဖြတ်ပစ်မယ့် ယောကျ်ားတစ်ယောက်ရဲ့လက်ကို အားကိုးတကြီးဆုပ်ကိုင်မိခဲ့လေသည်။

လက်ထပ်စာချုပ်ပေါ်တွင် စံလက်မှတ်ထိုးခဲ့ခြင်းသည် ဘယ်သူ့တိုက်တွန်းမှုမှမပါ။ အနီးဆုံးအဲလစ်တောင်မသိ။ ကိုယ့်သဘော၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ စံလက်ထပ်ခဲ့သည်။

လက်ထပ်တယ်ဆိုတာ ဘဝနှစ်ခုကို တစ်သားတည်းဖြစ်အောင် ပေါင်းစပ်လိုက်တာပဲ၊ စံသည် လက်ထပ်သည့်ညက ကိုကို့ကို မေးခွန်းတစ်ခုထုတ်၍ ကတိတစ်ခုတောင်းခဲ့သည်။

“စံ့ကို တစ်သက်လုံး စိတ်ချမ်းသာအောင်ထားမှာလား”

“ထားမှာပေါ့ ကိုကိုကတိပေးတယ်၊ လေးလေးနက်နက် ကတိပေးတယ်”





“ကိုကို မပြောင်းလဲရဘူးနော်”

“အေးပါကွာ”

စံ့ကို မနိုင်တနိုင်ပွေ့ချီသော ကိုကို့လက်မောင်းတွေသည် အသားများပြည့်တင်းလျှက်ရှိသည်။ ယောကျ်ားတစ်ယောက်ရဲ့ ဘဝဟာ အသက်လေးဆယ်မှ စတာတဲ့၊ အသက်လေးဆယ်မိန်းမကတော့ ဓမ္မာရုံသွားဖို့ တံတားထိုးတဲ့အရွယ်ဖြစ်သည်။ ဒွေးချ်းကို လေးတိုးဟု ကိုကို မကြာခဏပြောလေ့ရှိသည်။

ကိုကိုနဲ့စံ့အသက်က ဆယ်စုနှစ် တစ်နှစ်ခွဲမျှ ကွာဟတာကိုး၊ စံသည် ဆေးရုံပြတင်းပေါက်မှတစ်ဆင့် လမင်းကြီးကို ငေးကြည့်ကာ ပြုံးမိလေသည်။ ထို့နောက် တစ်ချက်ရှိုက်လိုက်သည်။ ခဏကလေးပဲ။

ကိုကိုဆိုတဲ့ ကြိုးတစ်ကြိုးမှာ ပင်မြင့်စံ ခဏလေးဖက်တွယ်ခွင့် ပဲရမှာတဲ့လား၊ စံမယုံနိုင်ပေ။ ကိုကို့ကို ဒီလိုလူမမာဖြစ်လာဖို့ စံဘယ်တုန်းကမှ သံသယမဝင်ခဲ့။

သံသယဆိုတာ ပူလောင်တတ်တယ်။ စံသည် လက်တွေ့ကျသော မိန်းမဖြစ်သည်။ တစ်ခါတစ်ရံမှာတော့ ဘဝထဲမှ သင်္ချာဇ်နှစ်ခုစာ အကြောင်းအရာများကို စက္ကူလိုဖြဲပြီး ဆုတ်ပစ်လိုက်ချင်သည်။

စံမငိုချင်ပေ။ သို့ရာတွင် ညသည် စံ့အပူကို သိသောတစ်ဦးတည်းအဖော်ဖြစ်သည်။ စံ့ရဲ့စေတသိက်များအားလုံးသည်။ မဟူရာကောင်းကင်ပြင်တွင် ဟိုဟိုဒီဒီ ပြေးလွှားနေကြလေသည်။

စံသည် ချည်တိုင်တစ်ခုကို ဆောက်ခဲ့မိပြီ။ သို့ရာတွင် စံ့ချည်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်သည် မကြာမီမျက်စိရတော့မည်။ ဘဝဟာ စံ့အတွက် ကမ်းနား သစ်ပင်ပဲ။

"ညည်း ကိုကို့ကို ကိုကိုလောက်မချစ်ပါဘူးစံရာ"

"မချစ်ဘဲနဲ့ ယောကျ်ားတစ်ယောက်ကို ယူလို့ရမလားကိုကိုရဲ့၊ ချစ်တာပေါ့၊ စံက ကိုကို့ကို အစ်ကိုလို၊ အဖေလို၊ လင်သားတစ်ယောက်လို ရှိသေပြီးချစ်တာ"

တစ်ကယ်တော့ မိန်းမများသည် သံယောဇဉ်ဖြင့် အိမ်ထောင်ပြုတတ်ကြကြောင်း ကိုကိုမသိမဟုတ်ပါ။ ကိုကိုမသိချင်ယောင်ဆောင်နေခဲ့ခြင်းဖြစ်သည်။ ကိုကိုနဲ့စံသည် စကားဆယ်ခွန်းပြည့်အောင် ပြော၍မရပါ။

အမြဲရန်ထဖြစ်တတ်သည်။ စံက စံလက်ခံထားသော အမှန်တရားကို သည်းခံစိတ်ဖြင့် အမှားဟု လက်မခံတတ်။ စံသည် ငယ်ရွယ်သူဖြစ်သည်။ ထို့ကြောင့် ခေါင်းမာလေသည်။ ထိုခေါင်းမာမှုကြောင့် စံဆုံးရှုံးခဲ့ရသောအရာများစွာတွင် အပျိုစင်တစ်ယောက်ရဲ့တန်ဘိုးကို စံနှမြောတသဆုံးဖြစ်လေသည်။

စံ့ဘဝမှာ ငွေလည်းရှာနိုင်သည်။

ငွေကိုရှာနိုင်လျှင် တစ်ခြားအရာတွေ ပြုပြင်ဖန်တီးနိုင်သည်။ သို့ရာတွင် အပျိုစင်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို စံဒီတစ်သက် ဘယ်တော့မှ ပြန်မရနိုင်တော့။ စံ့ကိုလူတွေ အကဲဖြတ်ရာတွင် ထိုအရည်အချင်းကို ထည့်သွင်းစဉ်းစားကြမှာဖြစ်သည်။





စံ့ကို အတ္တကြီးတယ်ဟု ကိုကိုကစွပ်စွဲသည်။

စံအတ္တမကြီးဘဲ နေပါ့မလား၊ စံသည် မုဆိုးမ အလောင်းအလျာဘဝနဲ့ လူမှုရေးမှာ ခေါင်းပုံဖြတ်ခံရတာတွေ ကိုကိုမှမသိဘဲ။

လူတွေရဲ့အကြည့်သည် စံ့ကိုယ်ပေါ်က အပြစ်သေးသေးကလေးကိုတောင် ချမ်းသာမပေးဟု စံထင်ပါသည်။

နှုတ်ဖျားက သနားလိုက်တာ၊ ကံကောင်းတယ်လို့ ပြောမဆုံးသေးဘူး ဟူသော ပြောဆိုဂြားစိတ်ထဲက ကြိတ်ဝမ်းသာသောလူတွေရဲ့ အပြုံးကို စံသဘောပေါက်တာပဲ။ စံ ငတုံးမမှ မဟုတ်တာ။

ကိုကို့မှာရှိစဉ်က ချေးငှားခဲ့သော သူများသည် ကိုကိုနေမကောင်းစဉ်မှာ တစ်ခေါက်မျှ သတင်းမေးဖော်မရခဲ့။

တစ်ချို့က တစ်ခေါက်နှစ်ခေါက်လာသည်။

ဒါ လူမှုတာဝန်ကျေပြီပဲ။ နောက်ဆုံး စံနဲ့ကိုကိုနှစ်ယောက်တည်းကျန်သည်။ ကိုကိုက ရောဂါခံစားနေရစဉ်မှာ လူတွေထက်သူ့ကိုယ်သူသာဂရုစိုက်မိပေလိမ့်မည်။

လူကောင်းဖြစ်သောစံသည်သာ လူတွေရဲ့သဘောထားကိုဘေားတိုက်ရှုမြင်နေရသလိုဖြစ်သည်။

"ကြည့်စမ်း...မိစံ၊ နင့်ယောကျ်ားအိမ်ရာထဲလဲတာနဲ့၊ ခါတိုင်းတစ်ဝက်အကြွေးတစ်ဝက်ချေစနစ်နဲ့ လုပ်နေတဲ့လုပ်ငန်းရှင်တွေ ငွေကိုအကြွေတောင်းတော့တာပဲ။ ဘဏ်ကနို့တစ်စာခဏခဏလာပို့တယ်၊ ငွေရှင်ကြွေးရှင်တွေက တစ်ပတ်တစ်ခါ လှဲ့လွှတ်ပြီးလာကြည့်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သေသွားရင် အကြွေးမရမှာစိုးလို့…အဲဒါပဲမိစံ၊ လောကဆိုတာ အဲဒါပဲ၊ လူတွေဟာ အရပဲ၊ ဘယ်သူမှမပေးချင်ကြဘူး၊ နင့်ယောက်ျား ရဲ့ ကောင်းလှပါတယ်ဆိုတဲ့ သူငယ်ချင်းတွေ ဘယ်သူက်များ ဆေးရုံ ကိုလာကြည့်လဲ၊ လာကြည့်တဲ့လူက ငွေအဆက်အစပ်ရှိတဲ့လူတွေ သူတို့အတွက်ပဲ သူတို့လာတာ"

စံသည် ပြုံး၍အရာရာကို ရင်ဆိုင်နိုင်အောင် ကြိုးစားပါသည်။ မင်းမဟာကို စံသတိပြင်းထန်စွာရသော်လည်း မင်းမဟာကမူ ဥရောပရောက်နေခဲ့ပြီ။ လာချင်ရင်တောင် အဝေးကြီး။ ကော်ဖီလုပ်ငန်းနှင့် အောင်မြင်နေချေပြီ။

စံသည် အသက်နဲ့မလိုက်အောင် အတွေ့အကြုံတွေအများကြီးကို ကိုကိုနေမကောင်းသော ဆယ်လအတောအတွင်းမှာ သင်ယူခဲ့ရသည်။ စုံ့အတွက်သိပ်ခါးသီးသည်။ ဆိုးဝါးသည်။

လူတွေရဲ့ မျက်နှာဖုံးအောက်က ရွံရှာဖွယ်ကောင်းသော ဟန်ဆောင်ပန်ဆောင် သနားမှုများကို စံကျောခိုင်းပစ်ချင်သည်။

စံသည် နှစ်ကိုယ်ခွဲဖြစ်၍ နေပေပြီ။

စံတစ်ကိုယ်က ဘာဝဲလာလာရင်ဆိုင်မယ်ဆိုသော ရင့်ကျက်မှုမျိုးဖြင့် မာကျောတတ်ခဲ့ပြီး စံတစ်ကိုယ်ကတော့ ဒူးနှစ်ချောင်းပေါ်လက်ကလေးတင်ကာ ခေါင်းငုံ့ပြီး ရှိုက်ကြီးတငင်ငိုကြွေးတတ်ခဲ့သော ကလေးမလေးဖြစ်လေသည်။ နှစ်ဆယ်ကျော်ဆိုတာ ဘဝတစ်ခုလုံးနဲ့ ယှဉ်ရင် ကလေးပဲ။





သို့သော် စုံ့ကိုရိုက်နှက်သော ကံကြမ္မာဆိုသည့် ကြိမ်လုံးသည် အင်မတန်ကြီးမားလှသည်။ ထို့ပြင် မညှာမတာရက်စက်လှပါသည်။ စံသည် မင်္ဂလာဆောင်သည့် နေ့ကဝတ်သော စကားဝါရောင်ဇာဝမ်းဆက်နှင့် Gucci ရွှေရောင်နှစ်လက်မခွဲ ဒေါက်ဖိနပ်ကို စက္ကူနှင့်ထုပ်၍ ချောင်ထိုးထားမိသည်။

ဒါတွေဟာ ပကာသနတွေပဲ၊ ရွှေအိုရောင် ကတ်ထူဖြင့် ဖုံးထားသောလက်ထပ်စာချုပ်ကိုလှန်ကြည့်တိုင်း စံငိုကြွေးရလေသည်။ တစ်ပတ်အကြာမှာ–

လက်ထပ်ပြီး တစ်ပတ်အကြာမှာ ဒီလိုတွေဖြစ်မယ်လို့ စုံ့ကိုဘယ်ဗေဒင်ဆရာမှ မဟောခဲ့ချေ။

အိမ်ထောင်ရေးကံကောင်းမယ်၊ စိတ်ချမ်းသာပျော်ရွှင်ရမယ်ဟုပင် ဟောခဲ့ကြသည်။

လောကသည် ဟန်ဆောင်မှုများဖြင့် ပြည့်နေသော နွံကြီးပင်ဖြစ်သည်။ ပြီးတော့ ရက်စက်သည်။

စုံ့ကိုညာခဲ့သည်။ တစ်သက်လုံး စိတ်ချမ်းသာစေရမယ်ဟူ၍ ကိုကိုကတိပေးခဲ့သည်။ ခုတော့ စံဒူးနဲ့မျက်ရည် သုတ်နေရပြီ။

အသက်ရှင်ချင်သေးသောကိုကိုနှင့် သေဖို့ခန့်မှန်းထားသောအချိန်ကာလနှစ်ခုကြားတွင် အရှုံးမသဖွယ် ပွုပင်သောက ဗျာပါဒပွေရသည်မှာစံပဲဖြစ်သည်။ ဒါတောင်စံသည် ကိုကို့အလုပ်မှာ ကျွမ်းကျင်ပါနိုင်မှုရှိကာ ဈေးကွက်နားလည်သော မိန်းမတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်းတစ်ခုသာရှိလျှင် မိန်းမပေမယ့် ဘ၀ကိုပြန်မတည့် မတ်နိုင်စရာ အကြောင်းမရှိပေ။

သို့သော်စံသည် မေ့ဖို့ဘာကြောင့် ကြိုးစားနေသနည်း။ စုံ့ရဲ့စိတ်သည် ဘာကြောင့် နှစ်ခွဖြစ်နေရသနည်း။

စံသည် ကိုကို့ထက် အသက်အများကြီးငယ်သည်။ ထို့အတွက် ကိုကို့ကို မှီတွယ်လိုသည်။

ဂါဝန်တွေ၊ ရှော့ပင်တွေ ဝတ်တတ်သော ကလေးမလေးသည် ကိုကို့ရင်ခွင်ကို မိုးကောင်းကင်ကြီးတစ်ခုပမာ အားထားပါသည်။

နှုတ်ခမ်းပုံဖော်၍ ဆိုးကာလောကကြီးကို ရှုတင်းတင်းစိုက်ကြည့်တတ်သော မိန်းမသည် ကိုယ့်ကိုကိုယ်ယုံကြည်မှုဖြင့်လည်း ဘ၀ကိုရပ်တည်နိုင်ပါသည်။

ခက်တာက ထိုကလေးမလေးရော၊ ထိုမိန်းမရောသည် ပင်မြင့်စံတစ်ယောက်တည်း ဖြစ်နေခဲ့ခြင်းပင်။

ပြီးတော့ ပင်မြင့်မှာ စံတဲ့ပန်းဆိုတာ တစ်သက်မှာတစ်ခါပဲမိုက်တဲ့ မိန်းမမျိုးဖြစ်သည်။

ဆရာသခင်ကိုယ်တော်မှိုင်း(ဆရာလွန်း)ကို ကလေးတွေနဲ့ မိန်းမကလည်းဆုံးသွားတော့ တပည့်တပန်းများက နောက်မိန်းမထပ်ယူဖို့ အခါခါတိုက်တွန်းကြသည်။ ဆရာကြီးက ဤသို့ပြန်ဖြေခဲ့သည်။

"ဟေ့...ငါတစ်သက်မှာ တစ်ခါပဲမိုက်မယ်ကွ"

အိမ်ရာထူထောင်ရသော လူ့ဘောင်သည် အမိုက်အမဲတွေ စုဝေးနေသောနေရာပင်ဖြစ်ရလေသည်။





စံသည် ပျော်ရမယ်ထင်ကာ အိမ်ထောင်ပြုခဲ့သည်။ အိမ်ထောင်ပြုလိုက်တာနဲ့ စံရခဲ့သောအရာမှာ စိတ်၏အဆမတန် နာကျင်ဆင်းရဲခြင်းပင်ဖြစ်သည်။

အဆမတန်ဆိုသည့် စကားလုံးကို သုံးသင့်ပါသည်။ အကြောင်းမှာ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ယောက်ရဲ့အသဲဟာ လူ့လောကရဲ့ ဆေးဆိုးထားသော အပြုံးများကို ခံယူနားလည်တတ်ရန် မမာကျော မရင့်ကျက်သေးပါ။

ခုတော့စံသည် ဦးနှောက်နဲ့ မဆန့်သောပုစ္ဆာတစ်ပုဒ်ကို အဖြေသည့်ကြီးမှန်းသိလျှက်နဲ့ တွက်ချက်ထုတ်နေရလေသည်။

ပေါင်တစ်ရာငါးဆယ်အလေးချိန်ရှိသော စုံ့ခန္ဓာကိုယ်သည် ပေါင်ကိုးဆယ်ပဲရှိတော့သည်။

အပျိုဘ၀က ကြိုးသိုင်းဖိနပ်နှင့် နှုတ်ခမ်းနီမပျက်သောစံ၊ ကျောလယ်ရှိ စတက်ဆံပင်ကောက်ကောက်ကလေးများကို ဖွာခနဲနေအောင် စတိုင်လ်ကျကျနေသောစံသည် မျက်နှာမှာ သနပ်ခါးမတင်နိုင်၊ ဆံပင်ကိုပြီးစလွယ် ဖြီးသင်ပြီး ခေါင်းစည်းကြိုးနှင့် စည်းထားရလေသည်။

တစ်ချို့လူတွေက အိမ်ထောင်မကျသေးတဲ့ အပျိုဟုပင်ထင်ကာ အမေးခံရတတ်သည်။ အဲဒီအခါ စံသိပ်ဝမ်းနည်းလေသည်။

အိမ်ထောင်ပြုတာမှားခဲ့လေပြီ၊ အဲဒီလိုလည်းတွေးသည်။ စုံ့ဘ၀ဟာ အိမ်ထောင်ပြုသင့်တဲ့ အသက်မှာရှိပေမယ့် စံနှောင်တရခြင်းမှာ ရောဂါသည်လူမမာတစ်ယောက်ကို လင်လုပ်ရသည့်အတွက် စံဝမ်းနဲရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ဘဝထဲက သက္ကရာဇ်နှစ်ခုစာ ဆုတ်ဖြဲချင်တာပေါ့၊ အဲလစ်ကတော့ ပြောခဲ့တာပဲ၊ တစ်နှစ်ဆိုတာ ပြင်ဆင်ချိန်ရှိသေးသတဲ့။ မိန်းမတစ်ယောက်ဟာ သူ့ယောက်ျားသေဆုံးတော့မယ်ဆိုတာသိရင် ဘာကိုအရင်ပြင်ဆင် ထားသင့်ပါသလဲ။

ငွေကြေးနောက်ခံ ကိုယ့်အတွက် ကျန်ခဲ့ဖို့လား။

ဒါဆို ကိုကို့ကို ဆေးဆက်မကုရဘဲ အသေခံပစ်လိုက်ရတော့မှာပါလား၊ ဟင့်အင်း၊ သူမ မမက်မောသော အရာအတွက်တော့ ကိုကို စောစီးစွာ အသက်မထွက်စေရပါ။

သူမသည် နောက်ဆုံးထွက်သက်အထိ ကိုကို့ကို ငွေနဲ့ဆက်ကုလို့ရရင် ဆက်ကုချင်ပေသည်။

ဘဝကို ငွေနဲ့ဆွဲဆန့်ထားနိုင်ရင်ပဲ ကျေနပ်လှပြီ။ ကိုကိုမရှိတာနဲ့ ရှိတာ သူမအတွက် ဘာမှထူးသော အခြေအနေမဟုတ်တာမှန်ပေမယ့် သူမသည် ပိန်ချုံးချိနဲ့၍ မျက်ကွင်းဟောက်ပက်ဖြစ်နေသော လင်ယောက်ျားကို မရှိမှာထက် ရှိတာကို ပိုတပ်မက်သူဖြစ်သည်။

ကိုကိုအသက်ရှိနေသေးတယ်ဆိုတဲ့အသိဟာ သူမကို ဘယ်လောက်ထိ ခွန်အားဖြစ်စေသလဲ၊ အဲဒါကို ဘယ်သူမှမသိနိုင်။ နားမလည်နိုင်။

ကိုကို့အသက်က သူမဘဝအတွက်ရော၊ သူမဂုဏ်သိက္ခာအတွက်ပါ အရေးကြီးတာကို ဘယ်သူမှ မသိနိုင်။

ကိုကိုမရှိတာနဲ့ ပြောင်းလဲသွားတော့မယ့် လူတွေရဲ့သဘောထား





တွေ၊ အရင်ကတည်းက ခေါ်ပြောဆက်ဆံခဲ့တဲ့လူတွေဟာ ကိုကိုမရှိတဲ့နောက်ပိုင်းမှာ ပြောဆိုဆက်ဆံဖို့ ခပ်စိမ်းစိမ်းဖြစ်သွားကြတော့မယ်။ ကိုယ်ကတော့ အစ်ကိုတွေလို ရင်းနှီးစွာ ခင်မင်ပေမယ့် သူတို့စိတ်ထဲမှာ မုဆိုးမဆိုတဲ့အသိနဲ့ တစ်ဆင့်နိမ့်ချဆက်ဆံတော့မယ်။

ကဲ…။

လင်ယောက်ျားတစ်ယောက်ရဲ့ အသက်ဟာ မိန်းမရဲ့အဝတ်တန်ဆာဖြစ်တယ်၊ လင်ယောက်ျားတစ်ယောက်ရဲ့ တည်ရှိမှုဟာ မိန်းမရဲ့အရိပ်ဖြစ်တယ်။ လင်ယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ဟာ မိန်းမရဲ့ ဇရပ်ဖြစ်တယ်။

သူမသည် ရူးမိုက်သောအချစ်ဖြင့် ကိုကို့ကို လက်ထပ်ခဲ့တာမဟုတ်။ ဝုန်းခနဲတောက်သောအချစ်သည် ဝုန်းခနဲငြိမ်းပေမည်။ ကိုကိုရှိနေခြင်းကို ကမ္ဘာလောကရှိ အရာအားလုံးထက် သူမတပ်မက်မောလှပါသည်။

သို့ရာတွင် ဤခံစားချက်များသည် သူမသေသည်အထိ သူမနှင့်ပါသွားမယ့်အရာများဖြစ်လေသည်။ သူမသည် ရံဖန်ရံခါ ငါသာသေလိုက်ချင်တယ်ဆိုသော စိတ်ကူးများဖြင့် ကိုကို့အသက်ကို ကယ်ဆယ်အစားထိုးလိုသော စိတ်ပြင်းပြခဲ့ဖူးလေသည်။

ကိုကိုမသိ၊ ဘယ်သူမှမသိ။

သူမသည် ကိုယ့်ဒုက္ခကို ငိုတတ်သော မိန်းမမှမဟုတ်ဘဲ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



တစ်ရေးနိုးလာသောအခါ နေ့လည်နှစ်နာရီပင် ထိုးနေပြီ။ စံ့ကို ရှာလိုက်တော့ အနားကဒရင်ဘက်ပေါ်မှာ ထိုင်လျက်သူ့ကိုငေးကြည့်နေသည်။

"ကိုကို နိုးလာပြီလား"

"အေး"

"စွပ်ပြုတ်သောက်မလားကိုကို"

"ဘယ်သူ လာပို့ထားလို့လဲ"

"စံ ကိုကိုအိပ်နေတုန်း အိမ်ပြန်ပြေးပြီးပြုတ်ထားတာ"

"ဘာဆန်ပြုတ်လဲ"

"ငါးရံ့"

"သိပ်ကောင်းတာပေါ့"

ကိုကို့ပါးစပ်ထဲခွံ့ပေးတော့ စားလေသည်။





"ဒီနေ့ ကိုကို့မျက်နှာတွေ အရမ်းလန်းတာပဲ၊ မနေ့ကသွေးသွင်းလိုက်လို့ဖြစ်မယ်၊ နှုတ်ခမ်းတွေဆို ရဲနေတာပဲ"

"စံ့မျက်ကွင်းတွေ တစ်အားညိုတာပဲ"

"အင်း…အိပ်ရေးပျက်တာ များလို့ဖြစ်မယ်"

"ကိုကို စိတ်မကောင်းဘူးကွာ"

"အဲဒါတွေ မပြောနဲ့ကိုကို၊ စိတ်ဓါတ်ကျစရာတွေ မပြောပါနဲ့"

"ကိုကိုက စံ့ကိုအားနာနေတာ"

"ရပါတယ် ကိုကို"

တစ်ကယ်တော့ စံအိပ်ရေးပျက်ခဲ့တာ ကြာလှပေပြီ။ အိမ်မှာဆိုရင်လည်း ညတစ်နာရီနှစ်နာရီမှ စိတ်ရှုပေါက်ပြီးခေါ်သော ကိုကို့ကြောင့် စံစိတ်ညစ်ရသည်။ ဘာလို့လဲမေးလျှင် သတိရလို့ဟုပြောစမြဲ။ အိပ်ရာခွဲအိပ်ပေမယ့် ကိုကို့ဧည့်ခေါ်သံကို အမြဲနားစွင့်ထားရသည်။

ကိုကို့ရဲ့အခြေအနေကို ဆရာဝန်က ပြောလိုက်ကတည်းက စံသည် ခံနိုင်ရည်ရှိအောင် ကျင့်ယူထားပြီးသားဖြစ်သည်။ အဲဒီနေ့က ကိုကိုအက်ဆီးဒင့်ဖြစ်ပြီး နှစ်ပတ်မြောက်ဖြစ်သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်နှစ်ချောင်းလုံးကို ဒူးအထက်ကနေဖြတ်ပစ်လိုက်ရတာတော့ သမီးသိပါတယ်"

"ဟုတ်ကဲ့"

"အခုဆရာခေါ်ပြောတာ သူ့ရဲ့ကျန်းမာရေးအခြေအနေကို ဆရာတို့စစ်ဆေးကြည့်လိုက်တော့ သူ့မှာအသဲရောဂါဖြစ်နေတယ်သမီး"

"ရှင်"

စံသည် ထိတ်လန့်တုန်လှုပ်မှုကို ထိန်းမရချေ။

"ပြီးတော့ လိုအပ်တဲ့ စစ်ဆေးမှုနဲ့ ရောဂါရာဇဝင်တွေ တိုက်ကြည့်လိုက်တဲ့အခါ သမီးခင်ပွန်းမှာ အယ်လ်ဖာသာလာဆီးမီးယားရောဂါကိုသွားတွေ့ရတယ်၊ အဲဒီရောဂါက မွေးရာပါ သွေးရောဂါတစ်မျိုးပဲသမီး၊ သွေးအမြဲသွင်းဖို့ မလိုအပ်ပေမယ့် ရောဂါတစ်ခုဖြစ်လာရင် တစ်ခြားလူသာမန်တွေထက် ခန္ဓာကိုယ်ခုခံအားပိုကျတယ်။ အခု အသဲကိုပါသွားထိတော့ ဆရာတို့လည်း တော်တော်စဉ်းစားရတယ်။ နောက်ပြီး သူ့ရဲ့အဆုတ်ကလည်း တီဘီဖြစ်နေတာ မှနေပြီ"





စံသည် ကိုယ့်အနားမှာ ဗုံးတွေတစ်လုံးပြီးတစ်လုံးလာကြဲသလို ခံစားရလေသည်။ စံ့ရဲ့စိတ်တွေ ဆင်းရဲပင်ပန်းလှသည်။

"သူ့မှာ ကောင်းတဲ့ကလီစာ ဘာကျန်သေးလဲဆရာ"

ဆရာကြီးက စံ့ကိုပြုံးကြည့်ကာ ခေါင်းညိတ်ပြလေသည်။

"သူ့ရောဂါက အဲ··အသဲက အနုမှစဖြစ်တာ သူကအရက်ကို နှစ်နှစ်ခြိုက်ခြိုက်သောက်ခဲ့ဖူးတဲ့ ဟစ်စထရီလည်းရှိတော့ ဒါဟာ Alcoholic Cirrhoris လို့ ရောဂါတပ်တယ်သမီး၊ လွန်ခဲ့တဲ့လေးနှစ်က သူ့အကေတီဖိုး(တီဘီဆေး)တွေ ခြောက်လတိတိ သောက်ခဲ့ဖူးတယ်တဲ့၊ အဲဒီတုန်းက အပြတ်မကုတော့ အခုချိန်မှ ပြန်ထလာတဲ့သဘောပဲ၊ တီဘီရောဂါက မြန်မာပြည်မှာတင်မကဘူး အခုလက်ရှိတစ်ကမ္ဘာလုံးမှာ ပြန်လည်ဦးမော့လာတဲ့အနေအထားမှာ ရှိတယ်ကွယ်၊ ဒါပေမယ့် တီဘီရောဂါက ဆေးမှန်မှန်သောက်ရင်ပျောက်တယ်သမီး၊ အသဲခြောက်ရောဂါကတော့ အင်း···သမီးကိုနားလည်အောင်ရှင်းပြရရင် ခြောက်တဲ့အသဲဟာ ဘယ်တော့မှပြန်မကောင်းနိုင်တော့တာ အမှန်ပဲသမီး၊ ဒါပေမယ့် နောက်ဖြစ်လာမယ့် နောက်ဆက်တွဲတွေကို ကာကွယ်နိုင်ရင်တော့ သမီးခင်ပွန်းက အနည်းဆုံးဆယ်နှစ်အထိ အသက်ရှည်နိုင်ပါတယ်"

"နောက်ဆက်တွဲဆိုတာ ရောဂါရဲ့ နောက်ဆက်တွဲဖြစ်နိုင်တဲ့ ဆိုးကျိုးတွေကို ပြောတာလားဆရာ"

"ဟုတ်တယ်သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ရောဂါက နောက်ထပ်ဘာတွေထပ်ဖြစ်နိုင်လဲဆိုတာ..."

"ဆရာ ရှင်းပြပါ့မယ်၊ ဒီအသဲခြောက်ရဲ့ နောက်ဆက်တွဲက သာမန်လူတွေနားလည်လောက်တယ်၊ အသက်အန္တရာယ်လည်း ဖြစ်နိုင်တဲ့နောက်ဆက်တွဲတွေ ဆရာ သမီးကိုပြောပြနိုင်ပါတယ်၊ ဆရာတို့အနေနှင့် လူနာရှင်တို့ ရောဂါအကြောင်း သေချာရှင်းပြမှ သမီးတို့လူနာရှင်တွေဘက်ကလည်း ရောဂါရဲ့အနေအရင့်၊ ဆေးဖိုး၊ လူ့သက်တမ်းတွေချိန်ဆပြီးတော့ ရွေးချယ်နိုင်မှာပေါ့၊ ဆရာဝန်ကတော့ ဆေးအကောင်းစားတိုက်၊ နောက်ဆုံးပေါ်နည်းသုံးချင်တာပေါ့ သမီး"

"ဟုတ်ကဲ့၊ နားလည်ပါတယ်ဆရာ"

"ဒါပေမယ့် နာတာရှည် ရောဂါထဲမှာ အသဲခြောက်ရောဂါပါတော့ လူနာရော၊ လူနာရှင်ရော စိတ်ရှည်ဖို့လိုအပ်တယ်"

"ဟုတ်ကဲ့ ဆရာ"

"နောက်ဆက်တွဲတွေထဲမှာ လူသိများလာတာကတော့ ရေဖျဉ်းပေါ့လေ၊ ဗိုက်ကြီးဖောင်းလာတာပေါ့၊ အသဲခြောက်တော့ သွေးကြောတွေက ရှေ့ကိုစီးလို့မရဘူး၊ ဒီတော့ ရှေ့သွားလို့မရတဲ့ သွေးကြောကအားကိုအရည်ညှစ်ထုတ်တော့ ဗိုက်ထဲကို ရေတွေဝင်ကုန်တာပေါ့၊ ဗိုက်ထဲမှာရှိတဲ့ သွေးကြောတွေထဲက ဖိအားများလို့ ဖြစ်တာပေါ့သမီးရယ်...ဗိုက်ထဲကသွေးတိုးပေါ့"

"*ကုလို့မရဘူးလားဟင်...*"

"ဆေးနဲ့ထိန်းလို့ရပါတယ်၊ ပြီးတော့ အငန်မစားသင့်ဘူး၊ မြန်မာ





တွေက နှယ်ချိုပါတဲ့ ရက်ဆားတွေစားကြတယ်၊ အဲဒီနှယ်ချိုဟာ ဗိုက်ဖောင်းစေတာပဲ"

စံ လန့်သွားလေသည်။ ကိုကိုတစ်ခုခုစားပြီးတိုင်း အစာကြေလျက်ဆားကျွေးမိသည်ကို စံသတိရလိုက်သည်။ ကျန်းမာရေးဗဟုသုတဆိုတာ လူ့အသက်ကို အများကြီးကယ်နိုင်တာပဲ။

"ရေလျှော့သောက်ရမယ်၊ ရေများများသောက်လေ ရေဖျဉ်းစွဲလေပဲ၊ နောက် ပုလင်းကြီးချိတ်တဲ့လူတွေ၊ အသဲအားနည်းလို့ ပုလင်းကြီးချိတ်တဲ့လူတွေ ရေဖျဉ်းပိုဆိုးတယ်"

"ဗိုက်ကြီးဖောင်းလာတာကို စံတို့သာမန်လူတွေ ကြောက်ကြတယ်ဆရာ"

"ဟုတ်တယ်သမီး...ဗိုက်ဖောင်းတာကို သာမန်အားဖြင့်တော့ ကြောက်စရာကြီးလို့ မြင်ကြတယ်ပေါ့လေ၊ ဒါပေမယ့် ဗိုက်ဖောင်းပြီး အသက်ရှင်နေတဲ့ လူတွေအများကြီးပါပဲ၊ Not live threatening (အသက်အန္တရာယ်ကိုမထိခိုက်စေနိုင်)ပါသမီးရဲ့၊ အဲဒီဗိုက်ဖောင်းတာကို နည်းမျိုးစုံနဲ့ကျဖို့ ကြိုးစားကြတယ်ပေါ့လေ၊ ကတက်ခေါက်ပြုတ်တိုက်တာတို့၊ ရှားစောင်းလက်ပတ်နဲ့ မြန်မာဆေးတွေ ကျိုတိုက်တာတို့၊ အဲဒါတွေကသိပ်အန္တရာယ်များပါတယ်၊ လူနာက အားနည်းနေတာ၊ ဗိုက်ထဲကအရည်တွေ ဝမ်းဆိုပြုတ်ကျတော့ ခန္ဓာကိုယ်က အရည်တွေ ရုတ်တရက်ဆုံးရှုံးသွားတာ လူနာမှာရှော့ခ်ရသွားတတ်တယ်"

"ကိုကိုက ဗိုက်မဖောင်းသေးပါဘူးနော်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"Ultra Sound ရိုက်ကြည့်တာ သူ့ဗိုက်ထဲမှာ ရေရှိနေတယ်သမီး၊ သူ့ရေဖျဉ်းကိုဆရာတို့ ဆေးနဲ့ထိန်းချုပ်ထားနိုင်ပါတယ်"

"ခြေထောက်တော့ ဖောတာကျတော့ရော ဆရာ"

"အဲဒါက အသဲတအသားဓါတ်ထုတ်တာနည်းသွားလို့ ဖြစ်တာပါသမီး၊ ကြောက်စရာမရှိပါဘူး၊ အသဲထိတဲ့လူဟာ အိပ်ရာထဲမှာ အဓိကနားရမှာပဲ၊ ပြီးတော့ အစားအစာရှောင်ရမယ်၊ ဆေးမှန်မှန်သောက်ရမယ်၊ အဲဒါအဓိကပဲ၊ နောက်အသက်အန္တရာယ်ဖြစ်စေတဲ့ ဆိုးကျိုးတစ်ခုကတော့ အစာအိမ်သွေးကြောတွေပေါက်ထွက်တာပေါ့လေ၊ အဲဒီလူနာမျိုးဟာ သွေးအန်တယ်၊ နောက်တစ်ခုက အညစ်အကြေးစွန့်တဲ့ မစင်အိတ်(Rectum)ပတ်ပတ်လည်က သွေးကြောတွေ ပေါက်ထွက်တာပေါ့လေ၊ စအိုဝက သွေးထွက်ချင်ထွက်မယ်၊ ဝမ်းသွားတဲ့အခါ အမဲတွေသွားမယ်..."

"အဲဒီအဆင့်ဆိုရင် မရတော့ဘူးလား ဆရာ"

"အဆင့်မှီတဲ့ဆေးရုံမှာဆိုရင် အစာအိမ်သွေးကြောပေါက်တာ၊ ဗိုက်ပွင့်ပြီး သွေးကြောတွေချည်ပေးလို့ရပါတယ်၊ နောက်ဆုံးအဆင့်ကတော့ သတိလစ်သွားတာပေါ့လေ၊ အခုနောက်ပိုင်း ဆေးတွေသိပ်ကောင်းလာတော့ မေ့မျောသွားတဲ့လူတောင် ပြန်ကောင်းသွားတာ ဆရာတို့ တွေ့ရတယ်၊ ဆီးမထွက်နိုင်တဲ့လူ၊ ကျောက်ကပ်ထိသွားတဲ့လူတောင် မသေသင့်တဲ့လူ၊ မသေအောင်ဆရာတို့ ဆေးပညာနဲ့ ကယ်နိုင်ပါတယ်"





"ဒါဆို ကိုကိုမသေနိုင်သေးပါဘူးနော်"

"ဆရာတို့ ဆရာဝန်တွေ လူတစ်ယောက်အသက်ကို မှန်းလို့မရဘူးသမီး၊ တစ်ခါက အရက်သိပ်သောက်ပြီး အသဲခြောက်ဖြစ်တဲ့လူငယ်တစ်ယောက် အစာအိမ်သွေးကြောပေါက်ပြီး ဆေးရုံရောက်လာခဲ့တယ်၊ ချက်ချင်းသွေးဆယ့်သုံးပုလင်းသွင်း၊ ဗိုက်ဖွင့်ပြီး သွေးကြောတွေပြန်ချည်ပေးခဲ့တယ်၊ အဲဒီကလေးကို ဆရာတို့မရတော့ဘူးလို့ တစ်ထစ်ချတွက်ပေမယ့် အတတ်နိုင်ဆုံးလုပ်ပေးခဲ့တယ်..."

"အဲဒီတစ်ယောက် ရှင်သွားလားဆရာ"

"ရှင်တယ်သမီး"

စံ စိတ်ချမ်းသာသွားလေသည်။

"အခုဆို ငါးနှစ်တောင်ရှိပြီ၊ နောက် ဆရာဟောက်စ်ဆာဂျင်ဘဝက နယ်ဆေးရုံတစ်ခုမှာ တွေ့ခဲ့တာ...အဲဒီလူက အရက်အတော်သောက်တာ၊ ဗိုက်ကြီးဖောင်းနေတာပဲ၊ ဒါပေမယ့် နောက်ဆယ်နှစ်ကျော်ပြန်တွေ့တဲ့အခါ အဲဒီလူကို ဗိုက်ဖောင်းရက်နဲ့ပဲ အသက်ရှင်ရက်ဆရာတွေ့ခဲ့ရတယ်။ ဒါကြောင့် အသက်တရားဟာ ဆရာတို့ဆေးပညာနဲ့လိုက်မမှီအောင် ဆန်းကြယ်တယ်ဆိုတာ လက်ခံရမယ်သမီး"

"ဟုတ်ကဲ့ပါဆရာ..အခု ကိုကို့ရောဂါ အခြေအနေက..."

"တုလို့ရတယ်သမီး..သူ့ရဲ့ အသဲလုပ်ငန်းတွေကို ဆရာတို့စစ်ဆေးကြည့်တဲ့အခါ အသားဓါတ်တစ်ခုပဲ နည်းနည်းလျော့နေတာတွေ့တယ်၊ ကျန်တဲ့အသဲကထုတ်တဲ့ အစာချေအင်ဇိုင်းတွေအားလုံး ပုံမှန်ပဲ၊ ပြီးတော့ သူ့မှာ ဘီပိုးရှိတယ်"

www.burmeseclassic.com



"ဟုတ်ကဲ့"

စုံရဲ့အသံသည် အားပျော့နေခဲ့သည်။

"ဘီပိုးရှိတာနဲ့ Death Sentence (သေဒဏ်)ကျတယ်လို့ မယူဆစေချင်ဘူးသမီး၊ ဘီပိုးရှိတဲ့လူ (၁၀၀)မှာ ၃-ယောက်ပဲ၊ ရောဂါလက္ခဏာပြပြီးခံစားရတာ၊ သမီးခင်ပွန်းက ဘီပိုးလည်းရှိတယ်၊ အရက်ကလည်းသောက်ထားဖူးတယ်၊ နောက်အသဲထိတဲ့ တီဘီဆေးတွေသောက်ထားတဲ့ ဟစ်စရီလည်းရှိတယ်။ နောက်ပြီး သွေးရောဂါအခံကလည်းရှိတယ်။ ကိုယ်ခံအားကျတဲ့ တီဘီကလည်းရှိတယ်။ သူစီးကရက်ကိုအသက်ဆယ့်ခြောက်နှစ်ကတည်းက သောက်ခဲ့တာလို့ပြောတယ်၊ တီဘီကတော့ ပိုးကြောင့်ဖြစ်တာ။ ဒီတော့ ရောဂါက အကြီးကြီးတွေသုံးခုဆုံနေတယ်သမီး၊ ဘီပိုးနဲ့သာဆီမီးယားကလည်းရှိတယ်သမီး၊ အမ်ဘီအေတက်နေတဲ့လူပဲ၊ ဒီလောက်အကြောင်းတွေများနေမှတော့ သမီးယောက်ျား ဒီလိုပုံရက်လဲကျတာ သဘောပေါက်မှာပေါ့၊ သမီးတို့အိမ်ထောင်သက် ဘယ်လောက်ရှိပြီလဲ"

"သမီးတို့ မင်္ဂလာဆောင်ပြီးတစ်ပတ်မှာ ကိုကိုကားအက်ဆီးဒင့်ဖြစ်တာပါဆရာ"

"အို...ကျွတ်...ကျွတ်...အက်ဆီးဒင့်ကတော့ မမြင်နိုင်ဘူးပေါ့လေ၊ သမီးသူ့ကို လက်မထပ်ခင် သွေးမစစ်ခဲ့ဘူးလား..."

"သမီး အိပ်ချ်အိုင်ဗွီပဲ စစ်ခဲ့ပါတယ်"

"အင်း ခုခေတ်မှာ အိမ်ထောင်ပြုမယ့် မိန်းကလေးတွေ စစ်ရမှာ





HIV တစ်ခုတည်းမဟုတ်ဘူးကွဲ့၊ ဘီ၊ စီ၊ အကုန်စစ်၊ ဘီကတော်သေးတယ်၊ စီဆို ခဏလေးနဲ့ သွားမှာပဲ၊ လက်ထပ်တော့မယ်ဆိုရင် ဘာရောဂါမှမရှိဘူးဆိုတာ သေချာအောင် အကုန်သာစစ်ပေတော့ကွယ်၊ အပျော်အပါးကလည်းများ၊ စီးကရက်ကလက်ကမချ၊ ဘီယာလေးကတမြမြနဲ့၊ ပွဲချင်တိုင်းပွဲကြတာ၊ လက်ထပ်ပြီးတော့မှ သူတို့ပေးတဲ့ဒုက္ခကို မိန်းကလေးတွေ စုပြီးခံစားရတာ သမီးရယ်...အစကတည်းကစစ်ခဲ့ပါလား၊ အခု သမီးတို့ကလေးဘယ်လိုယူမလဲ၊ သူ့မှာဘီရှိရင်မွေးလာတဲ့ကလေးက ဘီပါလာမှာ၊ ပြီးတော့သာလာဆီးမီးယားကမျိုးရိုးလိုက်တာ"

"ဆရာ...စံတစ်ခုပဲပြောနိုင်ပါတယ်၊ ကံပေါ့ဆရာ၊ ကိုယ်စိုက်တဲ့အပင်ကအသီးကို မကြိုက်လည်းစားရတော့မှာပေါ့ ဆရာ"

ဆရာကြီးက စုံ့ကိုဂရုဏာသက်တဲ့အကြည့်နဲ့ ကြည့်ကာသက်ပြင်းချသည်။

"သူ့ရောဂါ တအားဆိုးလာရင် ဘယ်လောက်ခံမယ်ဆိုတာကိုရော ခန့်မှန်းပေးလို့ရမလား ဆရာ"

"အင်း...ရပါတယ်၊ တစ်နှစ်ခွဲပေါ့၊ ဆရာအမြင်မှာတော့ သမီးခင်ပွန်း အဲဒီလောက်ထိ ဆိုးရွယ်မယ်မထင်ဘူး၊ သူ့ရောဂါကဖြစ်စပဲရှိသေးတာ၊ ဒါပေမယ့် မိုးမပြိုပြိုခဲ့သည်ရှိသော် သဘောမျိုးပေါ့သမီးကြိုတင်ပြင်ဆင်ထားဖို့တော့ လိုလိမ့်မယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



နာရီသံတစ်ချက်ချက်မြည်နေသံက သူ့ခေါင်းထဲမှာ ဆူညံနေသည်။

"စံ..."

"ရှင်...ကိုကို"

ဆေးရုံကဆင်းလာတာ နှစ်ရက်မြောက်ဖြစ်သည်။

"နာရီစက်သံ သိပ်ဆူနေတယ်"

"ဟုတ်ကဲ့ ကိုကို...စံ ဧည့်ခန်းမှိ့လိုက်မယ်"

စံက စားပွဲတင်နာရီကိုယူပြီး အိမ်ရှေ့ထွက်သွားသည်။ ပြီးတော့ ခုတင်နားမှာ လာထိုင်ကာ သူ့ရဲ့ခန္ဓာကိုယ်အောက်ပိုင်းကို စောင်လွှမ်းပေးသည်။

"ခြေတုကျင့်ရဦးမယ် ကိုကို"

"မကျင့်ချင်တော့ဘူး"

"လမ်းလျှောက်ကျင့်မှ ကိုကိုအကျင့်ဖြစ်မှာပေါ့၊ နို့မို့ဆိုဘယ်လိုလုပ်မလဲ၊ တစ်သက်လုံးပက်လက်နေလို့မရဘူး"





"ခက်တာပဲ...မင်းကအငယ်လား၊ ငါကအငယ်လား"

"ခုချိန်မှာ ကိုကိုနေမကောင်းဘူး၊ ကိုကိုနားရမယ်၊ စံ့စကားကို နားထောင်ရမယ်"

"ဆရာဝန်က ဘာပြောလိုက်လဲ"

"ကိုကို့ရောဂါက...စံအမှန်အတိုင်းပြောမှာနော်"

"ပြော..."

"အလွန်ဆုံး ဆယ်နှစ်"

"ဟား..ဟား..ဟား ရယ်ရတယ်၊ ဒီမှာကြည့်စမ်းစံ...ကိုကို့လက်က အသက်လမ်းကြောင်း ခုနစ်ဆယ်တမ်း၊ ရှစ်ဆယ်တမ်းနေရမှာ သိလား..."want a baby like you, He must be clever, must be a computer technician. I collet many books for him. I want only one son from you.""

စံသည် ငိုချင်စိတ်ကို ထိန်းသိမ်းကာ ကိုကို့ကိုလှပစွာ ပြုံးပြလိုက်လေသည်။ ကိုယ့်ကိုကိုယ် မသယ်နိုင်တဲ့ ယောကျ်ားတစ်ယောက်က စံနဲ့သဝေမတိမ်းတူသော၊ ချောမောချစ်စရာကောင်းတဲ့ သားယောကျ်ားလေးတစ်ယောက်လိုချင်သတဲ့၊ စံ ကိုကိုနေကောင်းရင် ပေးမှာပါကွယ်၊ ဒါပေမယ့် အခုအနေအထားက ဘယ်လိုမှမဖြစ်နိုင်ဘူးလေ၊ စံတို့ဘယ်လိုမှ လှပတဲ့မိသားစုတစ်ခု မဖြစ်နိုင်တော့ဘူး၊ ကိုကိုကတော့ မျှော်လင့်မှာပေါ့လေ။

"စံ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် စံ့ရဲ့လက်ဖဝါးကို သူ့လက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်ကာ မေးလိုက်သည်။ သူသည် လူနာ၊ လက်ထပ်ပြီးစယောကျ်ားတစ်ယောက်ရဲ့ စိတ်ဆန္ဒများကို သူအများကြီးစိတ်ဆင်းရဲစွာ မျိုသိပ်ရသည်။ စံကငယ်တော့ သူ့စိတ်မချပေ။ အမ်ဘီအေ ဒုတိယနှစ်တက်နေသော စံသည် ကျောင်းတစ်ဘက်၊ သူ့ကိုတစ်ဘက်ဖြင့် မအားလပ်ပေ။

"ဘာမှ မဖြစ်ပါဘူးကိုကို"

"စံ စိတ်အားငယ်နေလား"

"ရှင်…"

"စံ့မျက်နှာ ဒီနားတိုးဦး"

စံ့ပါးပြင်ကို ခပ်ဖွဖွလေးနမ်းလိုက်သည်။

"စံ့ကိုလေ ကိုကိုသိပ်ချစ်တာ၊ ဒီကောင်မလေးနဲ့ ကိုကိုမခွဲနိုင်ဘူး၊ ကိုကိုနေပြန်ကောင်းလာရမယ်၊ ပြီးတော့ခြေတုတပ်မယ်၊ ကိုကိုသားလေးတစ်ယောက်လောက် လိုချင်တယ်ကွစံ၊ မိန်းမယူပြီးကလေးမရသေးရင် လူမဖြစ်ဘူးတဲ့…"

"ကိုကို့ကို ဘယ်သူပြောလဲ"

"ဟာ…ဒီလိုပဲပေါ့"

"ကိုကိုက အရမ်းစိတ်မာတာပဲ"

"ကိုကိုက စံ့ထက် အသက်အများကြီးကြီးတယ်၊ ဒီတော့ အတွေ့အကြုံအများကြီးရှိတာပေါ့၊ စံက ကလေးပဲရှိသေးတာ၊ ဟိုဟိုဒီဒီ လျှောက်မတွေးနဲ့နော်စံ၊ စိတ်ဓါတ်မကျရဘူး၊ ဒီမှာကြည့်စမ်း… ကိုကို





တို့လက်တွဲပြီး တိုက်စရာအများကြီးရှိသေးတယ် သိလား…၊ ကိုကိုအခုစီးပွားကျတယ်နော်၊ ဒါပေမယ့် ဒါခဏပဲ၊ တနင်္ဂကို အချိန်တန်ရင် လူတွေပြန်ခစားရမှာပါကွာ"

"အဲဒါတွေ မစဉ်းစားနဲ့ကိုကို…စံ့အတွက်လည်း မစဉ်းစားနဲ့၊ ကျန်းမာရေးက အဓိကပဲကိုကို နော်…"

"စံ့ကို အားနာတယ်"

"ဘာအတွက်လဲ"

"ကိုကိုကြောင့် စံ စိတ်ညစ်မှာစိုးပါယ်"

"မဟုတ်တာ…စံ့မှာ ကျောင်းစာနဲ့ ကိုကို့ကိုပြုစုရတာနဲ့ စိတ်ညစ်ဖို့တောင် အချိန်မရဘူး"

"သိချင်နားထောင်ချင်တယ် စံ"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘဝကို စနစ်တကျ မတည်ဆောက်ခဲ့ပေ။ ဘဝမှာ သုံးဖြုန်း၍ ပျော်သလိုနေခဲ့သည်။ ရည်းစားပေါင်း မြောက်များစွာထား ခဲ့သည်။ စုံကိုတွေ့တဲ့အချိန်မှာ သူလိုချင်တဲ့ မိန်းကလေးမျိုးဆိုတာ သူတပ်အပ်သိသည်။

တနိုင်းခသည် လိုချင်တာကို အမြဲရအောင်ယူခဲ့သည်။ စုံကိုရဖို့ သူသိပ်မကြိုးစားလိုက်ရပါ။

သူ စိတ်ဓါတ်ကျသောအချိန်မှာ-

"ဘာလို့ကျရမှာလဲ၊ ဒီမှာဦးတနိုင်းခ. .ကျွန်မသာ စိတ်ဓါတ်ကျ ရင် ပေတေလေလွင့်နေတဲ့ မိန်းမတစ်ယောက်ဖြစ်သွားတာ ကြာပြီသိ ရဲ့လား. . ."

သူ့မျက်လုံးများသည် စုံစကားကြောင့် တောက်လက်သွားကြ သည်။ သူ့ကို အားပေးနိုင်တဲ့ကောင်မလေး၊ စုံကိုသူ သဘောကျခြင်း





မှာ အဓိကက သွက်လက်ထက်မြက်မှုကြောင့် ဖြစ်သည်။ သူ့ဘဝမှာ အိမ်ထောင်ပြုဖို့ စဉ်းစားတိုင်း အဆင်မပြေခဲ့ပေ။ သူ ဒီတစ်ကြိမ်တော့ ကြိုးစားတော့မည်။ စုံ့ရဲ့မျက်လုံးများသည် အဝေးတစ်နေရာကို အမြဲ ငေးမောနေတတ်သည်။

ဒါလည်း ဘယ်သူ့ကြောင့်ဆိုတာ သူရိပ်မိသည်။

စုံ့ဆီက ပြန်လာပြီးနောက် သူသည် သူငယ်ချင်းများနှင့် အရက် ဝိုင်းဖွဲ့လိုက်သည်။ သူ့ဟန်းဖုန်းက ခဏနေမှာမြည်လာပြီးနောက် ဖုန်းထဲမှ အသံကိုကြားရသည်။

"ဟဲလို. . .ဦးတနိုင်းခလား. . ."

"ဟုတ်ပါတယ်"

"စုံပါ"

"အင်း. . .ပြောလေ၊ ကိုယ်နားထောင်နေတယ်"

"စိတ်ညစ်ပြီးအရက်သောက်နေမှာစိုးလို့ ဆက်တာပါ၊ အခုဘာ လုပ်နေလဲ"

"ညာပြောရမလား"

"ဟင့်အင်း. . .မညာနဲ့"

"ညာပြောရရင် စုံ့ကိုသတိရတယ်၊ အမှန်အတိုင်းပြောရရင် စုံ့ကို လွမ်းလို့ အရက်သောက်နေတယ်"

"အရက်သောက်ထားတဲ့လူနဲ့ ကျွန်မစကားမပြောချင်ဘူး ဦးတနိုင်းခ"



www.burmeseclassic.com

www.burmeseclassic.com



အထံပြတ်တောက်သွားသည်။ သူထပ်ခေါ်တော့ ဖုန်းမကိုင်တော့ပေ။ သူငယ်ချင်းတွေက "ဘယ်သူလဲ" ဟု လှမ်းမေးကြသည်။

"စံ"

"ဘာတဲ့လဲ"

"အရက်သောက်ထားတဲ့လူနဲ့ ကျွန်မစကားမပြောချင်ဘူးတဲ့"

"အဲဒါ မင်းဘာလုပ်ရမလဲ သိလား..."

"သူက အရက်မသောက်စေချင်တဲ့ပုံပဲ"

"ဆက်သောက်...ကိုယ့်လူ...ဆက်သောက်..ဆက်သောက်၊ နောက်ထပ်တစ်ခွက်လောက်..."

သူ့လက်တွေသည် အရက်ဖန်ခွက်ကလေးကို မလိုက်သည်။ ဖန် ခွက်ထဲမှာ စံရောက်နေသည်။ မျက်နှာကတင်းလျှက်။

သောက်တယ်ကွာ၊ မင်းကငါ့ကိုစကားမပြောချင်ဘူးဆိုတော့ ငါအရက်ပဲ သောက်မယ်။ သူ့အတွက် အလဲထိုးခံရခြင်းသည် အရက်နဲ့အစားထိုးမှ သက်သာပေမည်။

* * * * *





ရွှေတိဂုံဘုရား၏ စနေထောင့်မှာ စနေနေ့တိုင်း သူပုတီးစိပ်လေ့ရှိသည်။ နိုင်ငံခြားရောက်နေတဲ့ ကာလမှလွဲ၍ မြန်မာပြည်တွင် ရှိနေသမျှသူစနေဆို ဝတ်မပျက်။ ဒီစနေမနက်တော့ ညကအရှိန်နဲ့ မနက်ကိုးနာရီမှနိုးသည်။ ခေါင်းလည်းမူးနေသည်။

ဘုရားပေါ်ရောက်တော့ သူ့ထောင့်မှာ သူ့အရင်ပုတီးစိပ်နေသောစံ့ကိုတွေ့ရသည်။ မူးနေသောခေါင်းများ ချာချာလည်သွားသည်။ ခဏအကြာစံက သူ့ဘက်လှည့်ကြည့်သည်။

"ရောက်လာပြီလား..."

"စံ ကိုယ်ဒီကိုရောက်မယ်ဆိုတာ ဘယ်လိုသိလဲ"

"ကျွန်မ ရှင့်ရဲ့ဒရိုင်ဘာ လုပ်ဖူးတယ်လေ"

"ဟုတ်သားပဲ"

"ရှင့်မျက်နှာက ဖောသွပ်သွပ်နဲ့"

"ဟာ...ကိုယ်ညက နည်းနည်းများသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့တွေ အရက်သောက်တာ ဘာအကျိုးကျေးဇူးရလဲ"

"မူးတာပေါ့ စံ"

"မူးတော့ ဘာဖြစ်လဲ"

"မေ့တာပေါ့"

"အရက်သမား အမှားတစ်ရာတဲ့"

"စံကလည်း- စီးပွားရေးသမားဆိုတာ အသောက်အစားကင်းတယ်လို့ မရှိပါဘူး"

"ရှင် အောင်မြင်ချင်တယ်ဆို ဒီပုံစံနဲ့ လမ်းခုလတ်မှာတင် ဒုက္ခရောက်လိမ့်မယ်သိလား၊ ထိပ်ကိုရောက်အောင်တက်ပြီးမှ ပြန်ပြုတ်ကျတာလူကြားကောင်းသေးတယ်၊ လမ်းခုလတ်မှာပဲ ပြုတ်ကျတာ လူကြားမကောင်းဘူး"

"ကိုယ်က အရက်ကို ရံဖန်ရံခါ သောက်တာပါ"

"ရှင့်ကို မိတ်ဆွေအနေနှင့် စံပြောနေတာ"

"ကိုယ်နားထောင်ပါတယ်"

"ကျွန်မ ပြန်တော့မယ်"

"ဟာ...နေပါဦး"

"ကျွန်မ အထင်သေးဆုံးလူက အရက်သောက်တဲ့လူပဲ"

"ဟာ..."

"ရှင့်ကို ကျွန်မအလုပ်ရှင်အနေနဲ့ လေးစားခဲ့တယ်၊ ရိုသေခဲ့တယ်၊ ဒါပေမယ့် ရှင်ညက ပြောတဲ့စကားကို ပြန်စဉ်းစားကြည့်၊ ရှင်ရိုသဲ့သဲ့





မလုပ်သင့်ဘူး၊ အလုပ်ရှင်ဆိုတာ ကိုယ့်အလုပ်ကိုယ်လေးစားရတယ်၊ ကိုယ့်ဂုဏ်သိက္ခာကိုယ်ထိန်းသိမ်းမှ ကျွန်မရှင်နဲ့လက်တွဲလုပ်ချင်တော့ဘူး၊ ဦးမင်းမဟာဆီ ပြောင်းတော့မယ်"

"ဟာ...စံကလည်း ကိုယ်တောင်းပန်ပါတယ်၊ Please ကိုယ်ကတိပေးတယ်၊ မဟာ့ဆီကိုတော့ မပြောင်းပါနဲ့ ကိုယ်မင်းလေးစားအောင်နေပါ့မယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



သူသည် အရက်ကိုဖြတ်ခဲ့သည်။ ဇိစကီကိုဖြတ်ခဲ့သည်။ စီးကရက်ကိုဖြတ်ခဲ့၏။ သူပုံမှန်သောက်သည်မှာ ဘီယာ။

"ဘီယာလောက်တော့ သောက်သင့်ပါတယ်ကွာ၊ အခုကတည်းကကျိုးပြမနေနှင့်…ဒီလိုခပ်ငယ်ငယ်ကောင်မလေးတွေက သိပ်ဆရာလုပ်တာ၊ သူတို့ကိုအလိုလိုက်ရင် ခင်ဗျားနောင်မထိန်းနိုင်ဘူး"

အတူတွဲဖော် သောက်ဖက်က အကြံပေးသည်။

"သူ့ကို ကျွန်တော် ဖွင့်ပြောရသေးတာမဟုတ်ဘူးဗျ"

"အဲဒါများဗျာ"

"ဟာ…မလုပ်နဲ့၊ ကျွန်တော်တစ်ကယ်ယူမှာသူပဲ"

"ကျုန်တာတွေရော…"

"ကံစီမံရာပေါ့"





သူသည် စုံမျက်နှာညှိုးမှာ သေမလောက်ကြောက်သည်။ ပြီးတော့ စုံကိုသူချစ်သည်။ မိန်းမတစ်ယောက်ယူပြီး ပျော်ရွှင်ချင်ရင် များများအလိုလိုက်ပြီး နည်းနည်းနားလည်ဖို့ ကြိုးစားရမည်။ သူသည် စုံရင်ထဲကတစ်ကောင်ကိုတော့ မနှာလိုဖြစ်သည်။ စံက ဆကူရာတာဝါအောက်က လက်ဘက်ရည်ဆိုင်မှာ သူ့ကိုရင်ဖွင့်ဖူးသည်။

"ကျွန်မတို့မှာ ဖူးစာပါမလာဘူးထင်ပါရဲ့ရှင်…သူလည်း ကျွန်မကိုချစ်ရက်နဲ့ ဝေးရတယ်"

"စံရော…သူ့ကိုချစ်သလား"

"ကျွန်မ မညာပါဘူး"

သူ့ရင်ထဲမှာ အောင့်သွားလေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



သူသည် မနက်ဘက် စံကျောင်းသွားမှာ တော်တော်ကြောက်သည်။ အိမ်ဖော်တစ်ယောက်နှင့် သူယောင်ချာချာ။

စံကျောင်းက ပြန်လာပြီဆိုရင်တော့ လွယ်အိတ်ပစ်ချကာ သူ့ပါးကိုတစ်ချက်နမ်းကာ ဈေးဆွဲခြင်းဆွဲပြီး အပြင်ထွက်တော့သည်။

သူစားတဲ့ငါးက သုံးမျိုးပဲရှိသည်။ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ပြီးတော့ သူကဝက်သားအလွန်ကြိုက်သည်။

မြန်မာတိုင်းရင်းဆေးဆရာက ဝက်သားအဆီလွတ်စား၍ရတယ်ဆိုသဖြင့် စံသည် အသားချည်းပဲ ဝက်သားကို တရုတ်ချက်သကြားနဲ့ ထည့်ချက်ပေးသည်။

သူ့ပန်းကန်ထဲက ထမင်းများလျှင် စံ့မျက်နှာကသဘောကျတတ်သည်။

"စံက အိမ်မှာဟင်းမချက်ခဲ့ရဘူး ကိုကိုရဲ့၊ အခုစားရတာအဆင်ပြေရဲ့လားဟင်"

"ပြေတာပေါ့၊ မီးမချက်ရင် အကုန်လုံးကောင်းတယ်"





စံသူ သူနေကောင်းရင် ဘယ်လောက်စိတ်ချမ်းသာမယ်မသိ၊ ကျန်းမာရေးသည် အိမ်ထောင်ရေးမှာ အဓိကပြဿနာဖြစ်သည်။ မကျန်းမာတော့ ဘာတစ်ခုမှ အဆင်မပြေ။ မနက်ဘက်ကျောင်းသွားခါနီးလျှင် စံ့ကိုသူအရိပ်အခြည်အမြဲကြည့်သည်။

စံနှုတ်ခမ်းနီဆိုးလျှင် သူလုံးဝမကြိုက်ချေ။ စံကလည်းသိသည်။ သူ့ရှေ့မှာ သီချင်းတောင်မညည်း။

"ဘဝမှာကိုကို ကျေးဇူးအတင်ဆုံးက ဘာလဲသိလား"

"ပြောလေ"

"စံ့ကိုလက်ထပ်ခွင့်ရတဲ့အတွက်ပဲ"

"စံလည်း ကိုကို့လောက် သီးခံမယ့်လူ မတွေ့နိုင်တော့ပါဘူး"

သူနဲ့စံသည် သူသေသွားမယ်ဟူသော ခန့်မှန်းချက်ကို လျှစ်လျူရှုထားခဲ့ကြသည်။ သူကမူ ကံတရားသည် သူ့အပေါ် ဒီလောက်မရက်စက်နိုင်ဟု ယုံကြည်သည်။ ယူထားတာ ဘယ်လောက်မှမကြာသေး။ သူရောဂါဖြစ်ပြီး အိပ်ရာထဲလဲရသည်။ ပြန်ကောင်းကိုကောင်းလာရမယ်၊ သူအဲဒီလိုယုံကြည်သည်။

"အမှန်အတိုင်းပြောရင် စံလေ သိစကအရမ်းငိုရတယ်"

*စံက သူ့လက်မောင်းတစ်ဘက်ကို ခေါင်းအုံးကာ တဖွဲ့တနွဲ့ပြောပြသည်။*

"ကိုကို့ကို စံအရမ်းသံယောဇဉ်ကြီးမှန်း အဲဒီနေ့ကမှ စံသိလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စံ့နှဖူးပေါ်ဝဲကျနေသော ဆံစများကို လက်ဖြင့်အသာသပ်ကာ ဖျတ်ခနဲ မွှေးလိုက်သည်။

"ကိုကိုသေရင် စံ့ကိုဘယ်သူက စောင့်ရှောက်မှာလဲ၊ စံတစ်သက်လုံးပင်ပန်းခဲ့တာ၊ အခုကိုကိုဒီလိုဖြစ်တော့ အလဲထိုးခံရသလိုပဲ၊ စံလုံးဝမယုံဘူး၊ ယင်ငယ်ရွယ်ရွယ်နဲ့ စံမုဆိုးမ မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး၊ ဘာလို့ဖြစ်ရမှာလဲ"

"စံကလည်း မုဆိုးမ မဖြစ်ချင်ပါဘူးကိုကိုရာ၊ ကိုကိုနဲ့ပဲ တစ်သက်လုံးနေချင်တယ်၊ အိမ်ထောင်ဆက်များတာ စံ လုံးဝမကြိုက်ဘူး"

"အရူးမလေး ကိုကိုကအကောင်းကြီးရှိသေးတယ်"

"ကိုကို စိတ်ဓါတ်မကျနဲ့နော်...အသဲခြောက်တိုင်းမသေဘူးတဲ့"

"အေးပါ"

"ဆေးသောက်ဖို့ မပျင်းနဲ့"

"အင်း"

"နေကောင်းရင် မန္တလေးလိုက်ပို့ပေး၊ စံသွားလည်ချင်တယ်"

"ဟာ...ပို့ပေးမှာပေါ့၊ ကိုကိုကအရှေ့တောင်အာရှတောင်သွားလည်ချင်တာ...ကိုကို့မှာမှ ဒီရောဂါလာဖြစ်ရတယ်လို့ကွာ"

"ဟိုတစ်ခါဖြစ်တာ ဘာရောဂါလဲ ကိုကို"

"ဘယ်တစ်ခါလဲ"

"နိုင်ငံခြားက ပြန်လာစလေ"





"အင်း...အဆုတ်ပဲ"

"တီဘီလား"

"ဟား...မဟုတ်ပါဘူး"

တီဘီဖြစ်တာ ရှက်စရာဟု သူယူဆပါသည်။ ထို့ကြောင့်စံ့ကို မပြော။

"ကိုကို့မှာသာ ရောဂါရှိတာမဟုတ်ဘူးကိုကို...လူတိုင်းမှာရှိတယ်၊ မသိကြလို့သာ၊ ဒါနဲ့သာလာဆီးမီးယားရှိတာ စံ့ကိုဘာလို့အသိမပေးခဲ့သလဲ"

"အဲဒါက..."

"ညာတာမဟုတ်လား"

"စံကလဲကွာ"

"စံပွင့်ပွင့်လင်းလင်းပြောမယ်နော်၊ မနာနဲ့၊ စောစောစီးစီးကကြိုသိရင် စံကိုကို့ကို လုံးဝလက်မထပ်ဘူး"

သူ့ရင်ဘတ်ထဲက ထိုစကားကြောင့် အောင့်တက်လာသည်။

"လက်ထပ်တော့မယ်ဆိုရင် တစ်ယောက်အကြောင်း တစ်ယောက်အကုန်သိသင့်တယ်၊ ကိုကိုက စံ့အပေါ်မှာ ပွင့်လင်းမှုဘာမှမရှိဘူး၊ ထိုကိုဘာများမှန်မှန်ကန်ကန် ဝန်ခံခဲ့ဖူးလဲ၊ စံကသာ အကုန်ပြောပြခဲ့တာ"

"ပြောလို့ဖြစ်မလားစံရ...ကိုကို့ကို ညည်းဘယ်ယူမလဲ"

"ဘယ်မိန်းမမှ ယူမှာမဟုတ်ဘူးကိုကို၊ ကျန်းမာရေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ယောက်ျားတစ်ယောက်ကို ကြိုက်ရင် ဘယ်သူမှ မစဉ်းစားဘူး၊ အက်ဆီးဒင့်ကထားပါတော့၊ အခုကြည့်…ကိုကို့ရောဂါက အရက်သောက်လို့ဖြစ်တာ…အရင်တုန်းကပေါ့၊ တော်၊ လေနေတာ ဘာမှမဖြစ်ဘူး၊ စုံ လက်ထဲရောက်တော့ ချိုကျိုးနွားရွက်ပဲဖြစ်ကရော"

"မင်းတို့ မိန်းမတွေ အသာစီးပဲလိုချင်ကြတာပဲ"

"ကိုကို့မှာ အမေရှိတယ်မဟုတ်လား၊ ကိုကို့အမေနဲ့ ကိုယ်ချင်းစာကြည့်လေ၊ မိန်းကလေးတစ်ယောက်ကို ကျန်းမာရေးအရ ကိုကိုလိမ်ထားတာတွေ အခုပေါ်ပြီ၊ နောက်စီးပွားရေးတို့ လူမှုရေးတို့ စဘာကိုယုံရမလဲ"

"မယုံနဲ့သွား၊ မင်းကိုငါလက်ထပ်ခဲ့တာ၊ တစ်ခြားမိန်းမတွေထက် အသိဉာဏ်မြင့်မားမယ်ထင်လို့၊ အခုတော့ မင်းလည်းအတူတူပဲ"

"ဒါကတော့ ကျွန်မရောဂါသည်ဖြစ်ပြီး ရှင်လူကောင်းဆိုရင် ဒီထက်ပိုဆိုးဦးမှာ၊ ဘာလို့လဲသိလား၊ ရှင်ကနို့အိုးမှာတောင် မလိုင်တက်မှကြိုက်တဲ့လူ၊ ဘာမဆိုအမြင့်မှန်းတယ်၊ ကျွန်မကိုလည်းတွက်ယူတာပဲ၊ အခုရှင်ဒီလိုဖြစ်တာ ရှင့်စိတ်ဓါတ်ကြောင့်ပဲ"

သူသည် ဒေါသတကြီးဖြင့် အနားကပုလင်းတစ်လုံးကို နံရံကိုဖောက်ခွဲလိုက်သည်။

စကားလုံးတွေနှင့် ဒီမိန်းမ ဘာကြောင့်နိပ်စက်တတ်သလဲ၊ အသက်ကနှစ်ဆယ်ကျော်ရှိသေးတာ။

"ငါမင်းထက် အသက်အများကြီး ကြီးတယ်"





"ကျွန်မက ရှင့်ထက်အများကြီးငယ်တယ်၊ သဘောပေါက်တယ်မဟုတ်လား"

"လင်ငယ်နေချင်တဲ့မိန်းမ"

သူမသည် မြွေဟောက်လို ပူပြင်းတဲ့မျက်လုံးတွေနှင့် သူ့ကိုစိုက်ကြည့်သည်။ သူမနှုတ်ခမ်းတို့သည် ညွတ်ကွေးလျှက်ပြုံးနေကြသည်။

"ကျွန်မသာ Sex ကိုအဓိကထားတဲ့ မိန်းမဆိုရင် ဒီလိုညမျိုးမှာ ရှင့်နားမှာရှိမှာမဟုတ်ဘူး သိရဲ့လား၊ ကျွန်မခေါင်းထဲမှာ အနာဂါတ်ပဲရှိတယ်၊ ပိုက်ဆံရှာဖို့ပဲသိတယ်၊ ရှင်ကဘယ်သိမှာလဲ၊ ရှင်ကပိုက်ဆံရှာနိုင်တဲ့ စက်ရုပ်တစ်ရုပ်ရထားပြီလေ"

"တော်တော့…မြွေခွေးမ"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး မမှားဘူးကိုခ"

"မင်းဘာကြောင့် အဲသလိုပြောတာလဲ မဟာ"

"သူ ခင်ဗျားကို ရွေးကတည်းက ဘယ်လောက်သတ္တိရှိလဲဆိုတာပြတာပဲ၊ ခင်ဗျားသူ့ကို လူတန်းစေ့အောင် ဘာလုပ်ပေးနိုင်ခဲ့လဲကိုခ၊ အခု ခင်ဗျားသေသွားရင် ခင်ဗျားမိန်းမဝမ်းနည်းပြီး ငိုဖို့မျက်ရည်တောင်ကျမှာမဟုတ်ဘူး"

"ဘာကွ"

"ခင်ဗျားအကြွေးတွေ သူလည်ပင်းနစ်နေမှာလလေ၊ ခင်ဗျားမိန်းမယူတာ ခင်ဗျားဘက်က ကြည့်ရင်တော့ တန်တာပေါ့၊ ငယ်ငယ်လေး၊ ပညာတတ်လေး၊ ဟိုဘက်ကကြည့်ရင် အရှုံးချည်းပဲ၊ ခင်ဗျားနည်းနည်းကိုယ်ချင်းစာပေါ့၊ ခင်ဗျားမှာပိုင်ဆိုင်တာ ဘာရှိလို့လဲ၊ ခင်ဗျားသိပါတယ်"

"မင်းက ငါသေမယ်ထင်လို့လား"

"မထင်ပါဘူး၊ ခင်ဗျားက အသက်ပြင်းတယ်၊ ဒါပေမယ့်





ပင်မြင့်စံက အဆိပ်ပြင်းတယ်ဆိုတာ ခင်ဗျားသဘောပေါက်ထားနော်၊ ခင်ဗျား မြွေသေးသေးလေးဆိုပြီး အထင်မသေးနဲ့၊ မြွေဟောက်မှန်ရင် အကောင်သေးလည်း အဆိပ်ရှိတာပဲ"

"ငါမသေဘူးကွ"

"ကျွန်တော်ကလည်း မသေစေချင်ပါဘူး၊ နုံကိုမုဆိုးမ မဖြစ်စေချင်ဘူး၊ ယောကျ်ားဆိုတာ ခင်ဗျားသဘောပေါက်ပါတယ်၊ အပျိုတွေဒီလောက်ပေါနေတာ၊ မုဆိုးမကို ဘယ်သူမှစိတ်ကူးထဲမထည့်ဘူး၊ ခင်ဗျားမိန်းမကိုတော့ မြင်သေးတယ်ဗျာ..."

သူသည် အိပ်မက်မှ လန့်နိုးလာသောအခါ ချွေးစေးများပြန်လျက်ရှိသည်။ လုပ်ငန်းလည်ပတ်မှုသည် အပေါ်ယံသာသာပဲရှိတော့သည်။ ဆေးရုံတက်ရသည့် စရိတ်စက၊ ဆေးဖိုးစရိတ်စကကို သူစိတ်ညစ်သည်။

"ကိုကို့အတွက် ဇေဒင်လေးဘာလေး မေးပေးဦး"

"ကိုကိုက ဘာသိချင်လဲ"

"ကျန်းမာရေးပေါ့"

ကိုးထပ်ကြီးဘုရားရှိ ဆရာတစ်ယောက်ထံမှာ သူ့မွေးသက္ကရာဇ်နဲ့စံသွားတွက်ချက်လာသည်။ သကြိန်ကျော်ရင်ကောင်းမယ်တဲ့။ ဒါဆိုအခုမှ ခုနစ်လပိုင်းရှိသေးတာ၊ သူဒီဝဋ်ဒုက္ခကို ခံစားနေရဦးမှာ၊ အကြာကြီးကျန်ခဲ့သည်ပဲ။

"စံရောတွက်ခဲ့သေးလား"



www.burmeseclassic.com

www.burmeseclassic.com



စံက ပြုံးစိစိလုပ်နေသည်။

"စံ့ကို အိမ်ထောင်နှစ်ဆက်တဲ့ကိုကို…ရယ်ရတယ်"

သူမျက်နှာပျက်သွားတာ စံမသိနိုင်ပါ။

"ကိုကိုဗုဒ္ဓဘာသာပဲ၊ တရားလေးဘာလေးမှတ်ပေါ့၊ လူတစ်ယောက်အသက်ထွက်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး၊ စံဖြင့်ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်မယ်ဆိုတာ ဘယ်လိုမှလက်မခံနိုင်ဘူး"

"စံက ကိုကို့အတွက်တွေးတာလား"

"စံမုဆိုးမဖြစ်ရမှာ ကြောက်တယ်ကိုကို၊ လူတွေက အပြစ်ကိုနားလည်မှာမဟုတ်ဘူး၊ နားလည်အောင်ကြိုးစားကြမှာလည်းမဟုတ်ဘူး၊ အပြစ်ပဲမြင်မှာ၊ အသက်ဆယ်နှစ်ကျော်ကြီးတဲ့ယောကျ်ားကိုယူထားတာ ကိုယ့်ထက်အရင်သေမယ်လို့ ယေဘုယျပြောနိုင်တာပဲကိုကို၊ ဒါပေမယ့် ဖြစ်လာရင် စံဘယ်လိုရင်ဆိုင်မလဲ၊ စံမနည်းအားမွေးရမယ်၊ စံတို့မြန်မာလူမျိုးတွေမှာ အမြင်ကျဉ်းမြောင်းမှုတွေက ရှိနေတုန်းပဲ၊ ပညာတတ်လေ၊ ပိုဆိုးလေပဲ၊ မုဆိုးမကို အဆင့်တစ်ခုနိမ့်ပြီးအထင်သေးကြတာ၊ ရှေ့မှာသာသနားမှာ၊ နောက်ကွယ်မှာ လင်အသက်ကြီးကြီးယူထားတာ ခုတော့တွေ့ပြီလို့ မေးငေါ့ကြမှာပဲကိုကို၊ စံငွေမက်လို့ ယူထားတာမဟုတ်ဘူးဆိုတာ ဘယ်သူမှသိမှာမဟုတ်ဘူး၊ ဒီနေ့အထိ ကိုကို့ပိုင်ဆိုင်မှုဘာတွေရှိလဲ စံမသိဘူး၊ အကြွေးတွေတော့ ပြောထားခဲ့ဦး၊ တော်ကြာ စံဒုက္ခရောက်နေဦးမယ်"

"လုပ်ငန်းလုပ်နေတာ အကြွေးတော့ရှိတာပေါ့စံ"





"ကိုကိုရှိနေရင်တော့ အကြောင်းမဟုတ်ဘူး၊ ငှက်တွေရဲ့သဘောကိုစံအခု သဘောပေါက်လာပြီ၊ ရှုံ့ဖို့သိပ်ကောင်းတယ်"

"ဒါ အစပဲရှိသေးတယ်"

"ကိုကို့သူငယ်ချင်းတွေကို စံအရွံဆုံးပဲ၊ သူတို့ကိုစံအထင်အသေးဆုံးပဲ၊ မိတ်ဆွေသူငယ်ချင်းဆိုတာ နေမကောင်းတဲ့အချိန်မှာ ရှိသင့်တယ်"

"ညည်းသူငယ်ချင်းတွေကလည်း ဘာထူးလို့လဲစံ၊ ဝတ်ကျေတန်းကျေတစ်ခါပဲ"

"ဒါပေါ့…သူတို့ကို စံအသေအလဲချစ်တဲ့ သူငယ်ချင်းတွေလို့ မပြောခဲ့ပါဘူး၊ အစကတည်းက စံဟာတစ်ယောက်တည်းပဲကိုကို၊ ကိုကိုပြောတာမမှားပါဘူး၊ မိဘမဲ့မိန်းမတစ်ယောက်ဟာ လင်ယောကျ်ားအရှိန်နဲ့ပဲ ခရီးဆက်ရမှာ…အခုကိုကိုနေမကောင်းဖြစ်တော့ စံခြေနှစ်ဘက်ရိုက်ချိုးလိုက်သလိုပဲ"

"တော်ပါတော့စံ…"

"အဖြစ်မှန်တွေကို ကိုကိုရှောင်လို့မရဘူး၊ ကိုကိုရှောင်နေရင် စံက ပိုဆိုးမှာပေါ့၊ စံ့စိတ်ထဲမှာ ကိုကိုဒီအသက်နဲ့ သေသွားမယ်လို့ လုံးဝမထင်ထားဘူးနော်၊ လူတွေက ကိုကို့ကို သေမယ်ဆိုတဲ့ အမြင်နဲ့ကြည့်ပေမယ့် စံက ဘယ်တုန်းကမှ အဲသလိုမကြည့်ခဲ့ဘူး၊ ဒါသတ္တက်လို့သာစံပြောမယ်၊ ဒါပေမယ့် ကိုကိုဟာစံ့ယောကျ်ား၊ ဘယ်တော့မှကိုကို့ကို စံမသေစေချင်ဘူး၊ အဲဒါစေတနာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်စံ"

လင်နဲ့မယား အိမ်ထောင်သက်တမ်းသည် သူ့ကိုပြုစုရင်းဖြင့် စံအချိန်ကုန်ရသည်။ ကျောင်းကိုလည်းပြေးတက်ရသေးသည်။ သူ့မိဘတွေကိုသူဒုက္ခမပေးချင်ပေ။ အသက်တွေကကြီးပြီ။

"ကိုကို အလုပ်တွေခဏထားပြီး ကိုကို့မိဘအိမ်ခဏပြန်နိုင်ပါလား"

"ဘာလို့လဲစံ"

"နားရတာပေါ့"

"မပြန်ချင်ပါဘူး၊ ဟိုမှာ ပျင်းစရာကြီး၊ ဟိုမှာမနေချင်လို့ ရန်ကုန်ကိုတက်လာတာ"

စံသည် ကိုကို့ကို ပြုံး၍ခေါင်းခါလိုက်သည်။ ကိုကို့ရဲ့ အပျော်အပါးခုံမင်မှုကို စံသိသည်။ စံတို့နှစ်ယောက်လက်မှတ်ထိုးပြီးခါစဆိုအိမ်မှာကပ်တယ်လို့ကိုမရှိ။ အမြဲအပြင်ထွက်နေတာ များသည်။

ကိုကို့သူငယ်ချင်းတွေနဲ့ စားသောက်ဆိုင်တွေသွားကြ၊ ဒါမှမဟုတ် ရုပ်ရှင်ဝင်ကြည့်၊ စံ့ဘဝသည် အဲဒီအခိုက်အတန့်မှာ ငြိမ်အေးပြီလို့ ထင်မှတ်ခဲ့သည်။ လက်မှတ်ထိုးပြီးမှ တွေ့ရသော ကိုကို့မိဘများကိုလည်းစံသည် ပုံမှန်ပဲမြင်ခဲ့သည်။ စံ့အပေါ်မှာ အညိုးအတေးများရှိခဲ့မည်ဟုမတွေး။

နောက်မှသိခဲ့ရသော အကြောင်းအရာများကို စံစိတ်မဆိုးပေမယ့် ကိုကို့ရဲ့ ညာတတ်သောစိတ်ကိုတော့ အံ့သြမိလေသည်။

ကိုကိုသည် သူပြောခဲ့သလို တစ်ဦးတည်းသောသားမဟုတ်ပေ။





သူ့မှာ သူ့အမေရဲ့ ပထမအိမ်ထောင်နဲ့ရသော ရှူးနေသည့် အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက်ရှိလေသည်။ ကိုကို့အစ်မသည် စံ့ကို မဲ့ရွဲ့သောမျက်နှာထားနှင့် အမြဲကြည့်တတ်ပေမယ့် ကိုကိုက-

"သူက ဒီလိုပဲ"ဟု နှစ်သိမ့်တတ်လေသည်။ အခုကိုကိုနေမကောင်းသော်ငြား တစ်ခေါက်နှစ်ခေါက်ကအပြင် ပိုမလာ။

ဆေးရုံတက်သည့် ရက်များအတွင်းမှာ တစ်ညသာလာစောင့်အိပ်ပေးလေသည်။

"ကျောင်းတစ်ဘက်နဲ့ စံ့မှာလုံးပတ်ချာလည်ရိုက်နေတာ ကိုကို၊ ဒါကိုသူဒီလိုနေနိုင်တာ စံအံ့သြတယ်"

"သူက အရင်းမှမဟုတ်တာစံရဲ့၊ ကိုကိုက စံ့ကိုပိုအားကိုးတယ်"

စံသည် ကိုယ်ရင်ဆိုင်ရသော ဒုက္ခများကို ဘယ်သူ့အားတိုင်တည်ရမှန်းပင် မသိချေ။ အဲလစ်ကိုပြောပြတော့-

"အေးလေ သူကအရင်းမှမဟုတ်တာ"

ဟူသော ဖြေသိမ့်စကားပဲရသည်။

"သူ့အမေက အရင်အိမ်ထောင် ရှိတယ်အဲလစ်ရဲ့"

"ဟုတ်လား"

"သူက ဖုံးထားတာ"

"ဒါမရိုးသားတာပဲ"

"အဘွားကြီးရဲ့ယောကျ်ားက သူပုန်တဲ့"

"အမယ်...ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"နောက် ပိုးထိပြီး ဆုံးသွားတာတဲ့"

"ကလေးနှစ်ယောက် ကျန်ခဲ့တယ်ဆို"

"အင်း…တစ်ယောက်ကအရှုး"

"သူရှက်လို့နေမှာပေါ့၊ ဒါမျိုးကလည်း နားလည်ပေးဖို့ခက်တယ်စံ၊ သူကတစ်ဦးတည်းအကောင်းပါတာ"

"စံကြားသိခဲ့လည်း အပြစ်မတင်ပါဘူး၊ စံပေါင်းမှာ ဒီယောက်ျားနဲ့ပဲ"

"ကောင်းပါတယ်စံ၊ မင်းစေတနာ မင်းကိုအကျိုးပေးမှာပါ"

* * * * *





သို့သော် စံငိုခဲ့ရသည်။

"စုံလက်ထဲတွင် ပိုးစိုးပက်စက် အဖြစ်မခံနိုင်ဘူး" ဟု သူ့အစ်မက သူတို့အမျိုးတွေရှေ့မှာ ကြေပြာခဲ့သည်။

စံသိစက ယမ်းမီးပုံကျ ဒေါသထွက်ရသည်။

"ဆေးရုံဆယ့်သုံးရက်တက်တာ နှစ်ရက်လာတယ်၊ တစ်ညစောင့်တယ်၊ ဒီလိုမိန်းမက စုံလက်ထဲမှာ ပိုးစိုးပက်စက် အဖြစ်မခံနိုင်ဘူးဆိုတော့ရယ်ရသေးတယ်၊ ကိုကို ရှင့်မှာဒီလိုအောက်တန်းကျတဲ့ အတွေးအခေါ်နဲ့ မိသားစုရှိရင် ကျွန်မရှင့်ကို တဲတွေးလှည့်တွေးမှာတောင် မဟုတ်ဘူး"

"စံကလည်း သူပြောချင်တာပြောပါစေ"

"စံက ခေါင်းငုံ့ခံနေရမှာလား"

"ညည်းက ကလေးမဲ့"

"ဘာကလေးလဲ၊ ကလေးဆို လင်မယူဘူး၊ ဒီမှာကိုကို၊ ကျွန်မအိမ်ထောင်ရှင်ဖြစ်နေပြီ၊ ရှင့်လုပ်ငန်းကို ကျွန်မဝင်လုပ်ပေးနေတာမနည်းတော့ဘူး၊ ဘယ်သူ့ကြောင့် ပုံမှန်ဆေးကုဖို့ ပိုက်ဆံရနေလဲဆိုတာ ရှင့်အစ်မသိအောင် ပြောပြလိုက်ဦး"

"သူလည်း ပိုက်ဆံပေးတယ်"

"ငွေလေးခုနှစ်သောင်းလောက်နဲ့ ပါးစပ်ထဲထည့်ပြောမနေနဲ့ကိုကို၊ ရှင့်အဖေရှာကျွေးတာ သူစားလာတာ၊ နေပါဦး…ရှင်နေမကောင်းတာကျွန်မကြောင့်မဟုတ်ဘူးနော်၊ သေချာပြန်စဉ်းစား၊ ကျွန်မဆီက



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရောဂါကူးတာမဟုတ်ဘူး၊ ရှင့်ဘာသာရှင် အစကတည်းက ပေတေလေလွင့်လာတာတွေ…ကျွန်မလို အပျိုနုနုထွတ်ထွတ်ကို ရှင်ကတိပေးပြီးဘာများ ဖြည့်ဆည်းနိုင်ခဲ့လဲ၊ ရှင်သာ ဝိုးချယ်ပေါက မိန်းမကိုလက်ထပ်ရရင် ကျွန်မထက်ဆိုးဦးမယ်၊

နာခြင်းနာ ကျွန်မကနာရမှာပါ။ ရှင်တို့အမျိုးတွေဘက်က နာနေတာ သိပ်မဟုတ်ဘူး၊ ဘယ်နှယ့်…စဉ်းစားကြည့်ပါဦး၊ ပိုက်ဆံရဖို့အလုပ်လည်း လုပ်ရသေးတယ်၊ ကျောင်းလည်းတက်ရသေးတယ်၊ ရှင့်ကိုလည်း တစ်ဘက်ပြုစုရသေးတယ်၊ ဒီလောက်သောကများတာ တစ်ချက်လာကူဖော်မရဘူး၊ ပြီးတော့ ကျွန်မလက်ထဲမှာ ပိုးစိုးပက်စက်အဖြစ်မခံနိုင်ဘူးလို့ပဲ သူကပြောရသေးတယ်"

"တောင်းပန်ပါတယ်စံရယ်၊ ကိုကိုတောင်းပန်ပါတယ်၊ စံကောင်းတာ ကိုကိုသိတယ်"

"ကိုကို စံချီးကျူးခံချင်လို့ ပြောနေတာမဟုတ်ဘူး၊ နေမကောင်းတာ ဘာလို့စံ့အပေါ်ကို အပြစ်ပုံချလဲ၊ ကဲ…ရှင့်အသိုင်းအဝိုင်းဆီ ရှင်သွားရင်ရှင့်သချိုင်း ရှင်တူးတာနဲ့ အတူတူပဲ"

* * * * *





"နင်တို့နှစ်ယောက်က ဒီလောက်တည့်တာနော်"

အဲလစ်က ပုခုံးတွန့်သည်။

"ငါစကားမပြောဘူး အဲဒီမိန်းမကို…တစ်ခုပဲဆုတောင်းပါတယ်၊ အဲလစ်ရယ်…ငါ့ကိုဖိနှိပ်သလို သူ့သမီးအလှည့်ကျရင် မခံရပါစေနဲ့၊ ငါ့ဘဝကို သူမောင်အညွန့်ချိုးတာခံရသလို သူတို့သမီးအလှည့်မှာ မခံရပါစေနဲ့၊ ငါလည်းဝဋ်ကြွေးရှိရင် ဒီဘဝနဲ့ ကျေချင်ပြီ။ ငါ ဒီလူကြီးကို လက်ထပ်ခဲ့တာကိုက အမှားပဲ၊ ငါတစ်ကယ်မိုက်ရူးရဲ့ပဲ"

"သူကကော ပြန်မယ်တဲ့လား"

"အေး…ပြန်သွားပြီ"

"ဟယ်"

"နှစ်ပတ်လောက် သူ့အဖေစိတ်တိုင်းကျနေပြီး ပြန်လာမယ်တဲ့"

"နင်မလိုက်သွားတော့ ဘယ်လိုလုပ်မလဲ"

"နေ့မယားတာဝန်ကျေတယ်လို့ ငါ့လိပ်ပြာသန့်ပါတယ်၊ သူတို့အိမ်လည်း ငါမလိုက်ချင်ဘူး၊ စိတ်နာနေတယ်အဲလစ်၊ စံစိတ်နာနေတယ်



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးကို စံမြေမြှုပ်ပစ်ချင်တယ်။ တစ်ခါတစ်ခါ သူသေသွားရင်ကောင်းမှာပဲလို့တောင် တွေးမိတယ်၊ အဲဒီလောက်ထိပဲ"

"လင်မယားကြားမှာ သူများဝင်ရှုပ်တာ တော်တော်ဆိုးတာပဲ"

"ယောင်းမဆိုတာ မွေးတာပဲ စံရဲ့"

"အသဲသမားက ခရီးဝေးတွေ၊ သွားလို့မရဘူးအဲလစ်"

"အဲဒါကို သူခဏခဏသွားလိုက်၊ ပြန်လိုက်လုပ်နေတယ်"

"ငါရှိတော့ ငါ့ဆီပြန်လာမှာပေါ့ဟ၊ ရှင်းနေတာပဲ၊ သူချစ်လို့ယူထားတဲ့မယားပဲ၊ ဘယ်သူဘယ်လောက်ခွဲခွဲ ငါ့ဆီပြန်လာမှာပဲ"

စံ့အတွေးမှန်ပေသည်။ လေးရက်မြောက်သောနေ့မှာ စံ့ကျောင်းက အပြန် သူအိမ်ပြန်ရောက်နေပြီ။

"ကိုကို"

"စံ့ကိုအရမ်းလွမ်းလို့ ပြန်လာတာ"

သူ့မျက်နှာသည် လူရုပ်ပင်မရှိတော့။ မျက်ကွင်းက ချိုင့်နေတာ၊ အသက်ကိုမနည်းရှူနေရသည်။ ဗိုက်ကတော်တော်ပူနေပြီ။ ဗိုးချဲလ်ကို စံ့အနားထိတွန်းရင်း စံ့ကိုပွေ့ဖက်လိုက်သောလက်တွေသည် အရိုးပြိုင်းပြိုင်းထနေသည်။

"ကိုကို ဆေးမသောက်ဘူးမို့လား"

သူစံ့ကိုညာမရပေ၊ စံကသူ့နားရွက်လှုပ်တာနဲ့သိသည်။

"ဆေးမပျက်ရဘူးကိုကို၊ သိရဲ့သားနဲ့"

"အမေက ဓါတ်လုံးတွေ သွေးတိုက်တယ်"





"ကျွတ်...ခက်တာပဲကိုကို၊ ကိုကို့မှာရှိတဲ့ သာလာဆီးမီးယားရောဂါဆိုတာ သံဓါတ်နဲ့ လုံးဝမတည့်ဘူး၊ ဓါတ်လုံးတွေ သွေးတိုက်တော့ သံဓါတ်က အသဲမှာ သွားစုမှာပေါ့၊ ပိုဆိုးတာပေါ့"

စံသည် ကျောင်းကို အချိန်ပိုင်းမျှပင် သွားကာ သူ့နားမှာ အသေအချာဆေးတိုက်ရလေသည်။

Aldactone ကို သွေးချိန်ပြီးမှ တိုက်သင့်သောပမာဏနှင့်တိုက်ရာ ဗိုက်သည် ဆေး Control ရသွားသည်။ ကနဖော့ရွက်သုပ်ပြီးကျွေးလျှင်မစားပေ။ နောက်မြေရုပ်ကလေးတွေပါသော အရွက်တစ်မျိုးလည်း စံသုပ်ကျွေးရသည်။ မဟာကာကြံဆစ်လားဘာလားမသိပါ။

"အစာနဲတန်ပြောခဲ့တယ်...ဆေးမပြတ်ပါနဲ့ဆိုတာ ကိုကိုဘယ်တော့မှ စံ့စကားနားထောင်မှာလဲ"

"Let it be ကွာ"

ကြက်ဟင်းခါးရွက်ကိုထောင်းပြီး ပျားရည်နဲ့ အတူရောတိုက်လျှင် ရေဖျဉ်းကျသည်ဟုဆိုသည်။ တစ်လလောက်စိတ်ရှည်လက်ရှည်တိုက်ရာ ရေဖျဉ်းတော်တော်ကျသွားလေသည်။

တစ်လခွဲလောက် ဆေးသေချာပြန်တိုက်ရာ သူ့ရုပ်သည် အတော်ပြည့်ဖြိုးလာခဲ့သည်။ ETB ကို မနက်စောစော ဘာမှမစားခင်မှာ သောက်ရမယ့်ကိစ္စ ခေါင်းမူးတယ်ဟု အကြောင်းပြကာ မသောက်ပေ။

"ကိုကို တီဘီပျောက်ရင် ပြန်ဝလာမှာ၊ ETB မသောက်လို့မရဘူး၊ Streptomycin ထိုးရုံနဲ့ မပျောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်ဆို အိမ်နားကဒေါက်တာ ဆေးလာထိုးပေးသည်။ သောက်ဆေးနဲ့ ထိုးဆေးနှစ်မျိုးတွဲ အနည်းဆုံး ခြောက်လကုမှ တီဘီ ရောဂါကိုနိုင်မှာ။

"ပင်ပန်းလို့ပါကွာ၊ ပြီးတော့ တီဘီသာဆိုတယ်၊ ချောင်းလည်း မဆိုးဘူး၊ အမေကပြောတယ်..."

"ကိုကို ဆေးပညာကို ဘယ်လောက်နားလည်လဲ၊ ဓါတ်မှန်ရိုက် စစ်ထားတဲ့အဖြေနဲ့၊ ကိုကို့ရောဂါရာဇဝင်ကို ကိုကို့ရဲ့ မလောက်လေး မလောက်စားဦးနှောက်နဲ့ ကိုယ်ထင်တာ ဖွတ်မပြောနဲ့၊ ကိုကို့အမေပညာ မတတ်လို့ ပြောလိုက်တဲ့စကားကို ကိုကိုနားယောင်တာ အံ့ဖွယ်ပဲ၊ ကိုကိုတော်တော်ဝေးတာပဲ၊ မှုန်ဝါးဝါးနဲ့"

တီဘီဆေးများတွင် အသဲကိုထိခိုက်စေနိုင်သော သတ္တိပါရှိသည်။ လူသိများသည့် အေကေတီဖိုးသည် အသဲကိုထိစေသည်။ တစ်ချို့လူ များအသဲခြောက်ဖြစ်လာလျှင် အေကေတီဖိုးသောက်ဖူးတယ်၊ သောက် နေဆဲဟူသော အဖြေထွက်လာလေ့ရှိသည်။

အသဲကိုမထိစေသော တီဘီဆေးမှာ ETB ဟု အတိုကောက်ခေါ် ကြသော Ethambutol နဲ့ Streptomycin ထိုးဆေးသာရှိသည်။

R - cin ဟုခေါ်သောဆေးသည်ပင် သဲခြေအိတ်ကို ယောင်စေနိုင် သည်။ အသဲနဲ့မတည့်သော ဆေးများတွင် ပါရာစီတမောတို့၊ ဆက်ထ ရင်တို့ ထိပ်ဆုံးကပါသည်။ ထို့ကြောင့် အသဲရောဂါဖြစ်လျှင် အကောင်း ဆုံးကဆေးများများမသောက်တာပင်။ ဆေးအများစုက အသဲမှာခေ





ဖျက်တာ၊ အခုက တီဘီအတွက် မသောက်လို့မှမရတာ၊ အသဲအား တိုးဆေးဆိုတာလည်း ဗိုက်တာမင်ပါပဲ၊ ဘာမှမထူးခြား။

ကိုကို့ကို ဆေးပေးဖို့ ဆရာဝန်တွေ အတော်ခေါင်းစားတာ ကိုကို မသိ။ သူကဆေးမသောက်ချင်တာပဲရှိသည်။ ETB ကို မသောက်တဲ့ နောက်တော့ Strepto - mycin တစ်မျိုးတည်းနဲ့ ဘယ်လိုမှမပျောက်။

"တီဘီဆိုတာ ခုခံအားကျဆင်းတဲ့ ရောဂါပဲကိုကို၊ အသဲက အလုပ်မလုပ်၊ ဆေးကလည်းပြတ်၊ တီဘီဆေးလည်း မသောက်ချင်၊ ရှင်ဘယ်လိုစိတ်ကူးပေါက်နေလဲ၊ သေချင်နေတာလား၊ အဲဒါဆိုလည်း ဆေးဆက်ကုမနေနဲ့တော့၊ စံက အသက်ငယ်ငယ်လေးရှိသေးတာ၊ နောက်တစ်ယောက် အသာလေးပဲ သိရဲ့လား..."

စံဦးဘ်ဆိုးဆိုးနဲ့ ပြောချင်တာစွတ်ပြောလျှင် သူသည် ဒေါသတကြီး ဖြစ်သွားသည်။ ဆွဲဆောင်ဖြားယောင်းနိုင်ဆဲဖြစ်သော သူ့မနူတ်ခမ်းတို့ ဆီက ဘာကြောင့်ဒီလောက်ရက်စက်တဲ့ စကားထွက်လာခဲ့ပါလိမ့်။

ကြည့်စမ်း...မိန်းမဆိုတာ အသာစီးလိုချင်ကြတာချည်းပါပဲ၊ အနစ်နာခံဖို့၊ ပေးဆပ်ဖို့ဆိုတာ သူတို့မလုပ်နိုင်ကြဘူးပဲ၊ သူသည် ဒေါသဖြင့် အသက်ကိုခဲခဲယဉ်းယဉ်း ရှူသွင်းနေရသည်။ အိမ်ထောင် ရေးဟာ သူ့အတွက်တော့ ငရဲတစ်ခုပါလား။ မိန်းမတစ်ယောက်ကို ချစ်နေရက်ကနေ စိတ်နာနေသောသူသည် ငရဲနှင့်တူသော အိမ်ထောင် ရေးကို သူ့ဘဝထဲမှ စက္ကူစုတ်တစ်ရွက်လို ပြန့်ပစ်ဆုတ်ဖြဲပစ်လိုက်ချင် သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မိန်းမတစ်ယောက်ကို အစွမ်းကုန်ပေးဆပ်မယ်ဟူသော မျှော်လင့်ချက်ဖြင့် လက်ထပ်ခဲ့သည်။ သူ့ရဲ့အနာဂတ်မှာ ပင်မြင့်စံသည် အတော်ဆုံးသောစီးပွားရေးပါရဂူဘွဲ့ရ သူ့ဇနီးဖြစ်ရမည်။ သူတို့မှာ ဉာဏ်အလွန်ထက်သော သားလေးတစ်ယောက်ရှိရမည်။ ထိုသားကို အမေရိကားသို့လွှတ်၍ ပညာသင်ကြားစေမည်။ သူသည် ဇနီးရယ်၊ သားရယ်၊ စီးပွားရေးရယ်၊ ဘဝသည် စိတ်ကူးထဲတွင် အလွန်လှပနေလေသည်။

သူသည် လိုချင်တာပဲသိသည်။

ပင်မြင့်စံကို တွေ့စကတည်းက အရယူမည်ဟု သူ့ဒိုင်ယာယီထဲတွင် ရေးမှတ်ထားခဲ့သည်။ သူ့မှာခံစားချက်တစ်ခုရှိသည်။

အဲဒါ သူ့မိသားစုအတွင်းရေးနဲ့ ပတ်သက်သည်။ သူ့အဖေသည် ပတွေးဟူသောအမည်ဆိုးကို ဖျောက်ဖျက်ပစ်ရန် မယားပါ သားသမီး





တွေအား အလွန်အလိုလိုက်ကာ သူ့ကိုတော့ မျက်နှာသာဘာယ်တော့မှ မပေးခဲ့ချေ။ သူသည် အိမ်တွင်အပယ်ခံဖြစ်သည်။

ထို့ကြောင့် အသက်ဆယ့်ခြောက်နှစ်ကတည်းက သူသည် ရန်ကုန်တွင် အခြေချနေထိုင်ခဲ့သည်။ သူ့ရည်ရွယ်ချက်က စီးပွားရေးတစ်ခုအခြေချဖို့၊ ပြီးတော့ရန်ကုန်သူတစ်ယောက်ကို လက်ထပ်ဖို့။

တစ်ကယ်တွေ့ခဲ့ရသော သူသည်မေတ္တာငတ်နေသော မိန်းခလေးတစ်ယောက်ကို မေတ္တာပေးနိုင်ရန် အရလက်ထပ်ခဲ့သည်။

သူသည် အယုံသွင်းသောနည်း၊

လှည့်ပတ်သောနည်း၊

ကြွားဝါသောနည်းဖြင့် စံ့ကိုလက်ထပ်ခဲ့သည်။

သို့ရာတွင် သူ့အမေပြောသလို သူ့အစ်မပြောသလို စံသည်သူ့အတွက် ကံဆိုးသော မိန်းမတစ်ယောက်များဖြစ်နေခဲ့သလား။

လုပ်သမျှ ဘာမျှမအောင်မြင်၊ အရက်ဆိုင်မှ အပြန်ကားပြိုင်မောင်းရင်း သူဒုက္ခိတဖြစ်သွားခဲ့သည်။ ထို့နောက် ရောဂါဆိုးတွေ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့သည်။

စံပြောသလို ပေတေလေလွင့်ခဲ့တဲ့ဒဏ်တွေ စုဖြစ်တာပဲနေမှာပါ။ စံ့အကြောင်းတွေးလိုက်လျှင် သူသည်စိတ်မချမှုဖြင့် ပူလောင်လာလေသည်။

ဒီကောင်မလေး တော်တော်ငယ်သေးတာ၊ သူမရှိလျှင်...

ဒီအတွေးမျိုး သူမတွေးရဲ၊ သူမသေနိုင်ပါဘူး၊ အသဲခြောက်ရော



www.burmeseclassic.com

www.burmeseclassic.com



ဂါဆိုတာ သေတဲ့ရောဂါမှမဟုတ်တာ။ သူ့ဘာကြောင့် စံနဲ့လက်ထပ်ပြီးမှ ဒီလိုတွေဖြစ်ရသလဲ၊ တစ်ခုခုမှားနေလို့သာပဲ၊ ဖြစ်နိုင်တာတော့ သူ့ကစနေ၊ စံကကြာသပတေး၊ မဗ္ဗသောတ၊ အင်းဝရာဇာတဲ့၊ အိမ်ထောင်ဘက်အသက်မရှည်ရာ၊ ဒါပေမယ့် အဲဒီခေတ်က ကျန်ခဲ့ပြီပဲ၊ အခုခေတ်က အင်တာနက်ခေတ်၊ အိုင်တီခေတ်၊ ကလေးတွေ Computer ကိုင်ပြီး အင်တာနက်ကြည့်နေချိန်မှာ မမ္ဗာလို့သွားပြောကြည့်၊ မမ္ဗာရုံလားလို့မေးမှာ။

ဒီလိုတိုးတက်နေတဲ့ခေတ်၊ အင်း...ဘာပဲဖြစ်ဖြစ်၊ တတ်ကျွမ်းတဲ့ဆရာတစ်ယောက်ဆီ မေးဦးမှ၊ စံ့ကိုအသိပေးလို့မဖြစ်။ စံသည် လက်တွေ့ကျတဲ့မိန်းကလေးဖြစ်သည်။ ယုံမှာမဟုတ်။

"ကိုကို့မိတ်ဆွေတစ်ယောက်နဲ့ ချိန်ထားလို့စံ၊ ဒီနေ့နေ့လည်တောင်ဥက္ကလာသွားစရာရှိတယ်"

"မိုးကလည်း ညို့နေတာပဲ၊ ကိုကိုစံလိုက်ခဲ့မယ်လေ နော်...တစ်ယောက်တည်း"

"ကိုကို့ကို မပေးဖို့ အလုပ်သမားတစ်ယောက်ပါပါတယ်စံ"

"ဘာဖြစ်လဲ၊ စံလိုက်ချင်လို့ပဲ"

* * * * *





ပုတီးအလုံးတွေက နည်းတာမဟုတ်။ ဆရာဆိုသူသည် ဘုရားစင်အောက်မှ ပေါင်တင်ပျဉ်ခွေထိုင်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေလေသည်။ စံမျက်လုံးပြူးသွားသည်။ ကိုကိုတော့ ပယောဂနှင့်လာပြတာဖြစ်မှာ၊ ခက်တာပဲ၊ ကိုကို့ရိုက်ရင်...စံမျက်လုံးဝေ့ကာ ရှာလိုက်တော့ ထီးအမဲတစ်ချောင်းကို ဝရန်တာမှာ ထောင်ထားတာမြင်သည်။ တွေ့မယ်..ဒီဆရာ။

"မင်းတို့ဒီလောက် ဆေးတွေကုနေတာ ဒါတစ်ယောက်ယောက်နှောက်ယှက်တာပဲနေမှာ၊ ကဲ...မှင်းကိုစမ်းလို့မရရင် မင်းမိန်းမကိုစမ်းမယ်"

ဗုဒ္ဓေါ၊ စံသည် စိတ်ထဲမှဘုရားတလိုက်မိသည်။ လက်ကလည်း ထီးကိုလှမ်းဆွဲပြီးသား...။

"စံရေ ခဏ"

စံ့ကို ခြေထောက်ဆင်းနိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆရာအမိန့် စနေသားကို အနှောက်အယှက်ရှိရိုးမှန်ရင် ဒီခြေထောက်အပေါ်မမြှောက်နိုင်ဘဲ ရှိစေ။

သို့ရာတွင် စံ့ခြေထောက်နှစ်ဘက်သည် ပေါ့ပါးလွတ်လပ်စွာပင် အဲဒီဆရာ၏ မျက်နှာကိုတောင် ခပ်မိတော့မလိုဖြစ်သေးသည်။

ခြေထောက်မရတော့လက်၊ လက်နှစ်ဘက်ကို ရှေ့သို့ဆန်းတန်းထုတ်ထားသည်။ စံကရင်တုန်တတ်သူဖြစ်ရာ လက်တွေဆန့်ထုတ်လျှင် လက်ဖျားတွေ တုန်တတ်သည်။

မတုန်ရဘူး၊ ငါစိတ်ကိုတင်းထားမှ၊ ငါမယုံတဲ့ကိစ္စကို အချောင်လုပ်စားတာ မခံဘူး။

အဲဒီအတွေးနဲ့ စံသည် စိတ်ကိုထိန်းချုပ်ကာ ဆရာနဲ့မျက်လုံးချင်းဆိုင် ကြည့်လိုက်သည်။

အမြဲရိုးရိုးသားသား မှန်မှန်ကန်ကန်ပြောသော လူတစ်ယောက်မျက်လုံးအကြည့်ကို ထိုသူမခံနိုင်။ နောက်ဆုံး မဲက ဘိုးမင်းခေါင်ကျသွားလေသည်။

"အဘက သားတော်ကိုစောင့်ရှောက်မယ်တဲ့၊ သားတော်က မိန်းမယူတာကိုး...သားတော်က ဘုန်းကြီး ဒါမှမဟုတ် ဆေးသမားဖြစ်ရမှာ"

* * * * *





" Nonscene Stupid Brains, Useless idea. They all are Liars".

"အလကား အသုံးမကျတဲ့ ဦးနှောက်နဲ့ သုံးစားမရတာတွေ၊ အားလုံး လူလိမ်တွေ"

စံသည် ဒေါသတကြီးဖြင့် ဆဲဆိုတာ အဝတ်တွေကို တစ်ထည်ချင်းဆွဲထုတ်ဖွပ်နေမိသည်။ ကိုကိုက ခေါင်းကုတ်ကာ စံ့ကိုမျက်နှာငယ်လေးနဲ့မော့ကြည့်နေသည်။

"I never think you may have such cruel idea"

(ဒီလောက်ဆိုးရွားတဲ့အတွေးအခေါ်တွေ ရှိနေမယ်လို့ ဘယ်တော့မှ မထင်ထားဘူး)

"ကျေးဇူးပြုပြီး မြန်မာလိုပြောပါစံ"

"ပြောမယ်၊ မြန်မာလိုရော၊ အင်္ဂလိပ်လိုရော၊ တကတည်း ဒီမှာ ရှင်သွေးဖောက်စစ်ထားတာနော်၊ ရှင့်ရဲ့အဘက ကျုပ်နဲ့ယူလို့ ဒီရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်ဆိုတာသိရအောင် နေပါဦး ရှင်သူ့ဆီအီးမေးလ်ပို့လိုက်လို့လား၊ ရှင်ဘယ်ဝက်ဆိုက်က လှမ်းလိုက်တာလဲ၊ ကျွန်မတောင်မသိဘူး"

"အဲဒါပဲ၊ စံက အယုံအကြည်ကိုမရှိတာ"

"ကမ္ဘာကြီးက ရွာဖြစ်နေတဲ့ခေတ်မှာ အသာတွေ၊ အမေတွေ လာလုပ်မနေနှင့်ကိုကို၊ လွမ်းစရာတွေဖြစ်သွားပြီ"

"ခက်တာပဲ"

"ဘာမှမခက်ဘူး၊ ရှင့်ကိုအသိဉာဏ်မြင့်မယ်လို့ထင်ထားတာ၊ အံ့ဖွယ်ပဲ"

"စံ ကိုကို့ကို စော်ကားလွန်းပြီ"

"စော်ကားတာ ဘယ်သူလဲ၊ ဒီမှာ...သွေးဖောက်စစ်ပြီး ဘယ်အင်ဇိုင်းက ဘယ်လောက်၊ ဘယ်ဓါတ်က ဘယ်လောက်ဆိုတာ သိနေတဲ့ကိစ္စ၊ CXR (ဓါတ်မှန်) Ultra Sound (အန်ထရာဆောင်း)နဲ့ ရိုက်စစ်ထားတဲ့ကိစ္စပါကိုကို့ရဲ့၊ ကိုကိုလုပ်ချင်တယ်ဆိုလို့ သဲအိုးခံပြီး၊ အပေါ်ကသဘော်သီးမှာ အလံကိုးတိုင်စိုက်ပြီး ယတြာလုပ်ပေးခဲ့ပြီ၊ ဟင်...ပုဏ္ဏားကသက္ကရာဇ်ဖြို့ရမယ်ဆိုလို့ ဇာတာအသစ်လည်း ဖွဲ့ပြီးပြီ၊ ကဲ...ဘာတွေထပ်လုပ်ချင်သေးလဲ ဆေးကျတော့ မှန်မှန်မသောက်ချင်ဘဲနဲ့၊ ပေါက်ကရစိတ်ဝင်စားတယ်"

"ညည်းလုပ်လို့ ငါဦးနီတိဒဏ်ခံရတာလည်း ထည့်ပြောဦး"

စံ နှုတ်ဆိတ်သွားသည်။

* * * * *





အဲဒီတုန်းက စံသည် လမ်းထိပ်က တရုတ်ဆိုင်မှာ အချဉ်ရည်တစ်ပုလင်းဝင်ဝယ်ရင်း စကားစပ်မိတာဖြစ်သည်။

ဟော်ကားအလွန်မှာ ဦးနီတိဆိုတာရှိတယ်တဲ့။

လူမှာကို ဖျာပေါ်ထိုင်နိုင်းပြီး သမာဓိနဲ့ကုတာတဲ့။

ရောဂါပြင်းလျှင် နာသည်။ ရောဂါနုရင် သိပ်မနာတဲ့။ စံသည် သမဓိနဲ့ကုတယ်ဆိုတာ ကိုကို့ကိုပြောတော့-

"အိုကေ သွားမယ်"

ဟော်ကားအလွန် ရွာကလေးတစ်ရွာကို လင်မယားနှစ်ယောက် ယောင်ချာချာနဲ့၊ ဟိုရောက်တော့ လူမရှိ။ ဦးနီတိဆိုတာ ဆံပင်ဖြူဖြူနဲ့အဘိုးကြီး။ တွေရာလေးပါး စကားပြောပြီးနောက် ကဲကုမယ်ဆိုကာ ဖျာပေါ်ထိုင်နိုင်းသည်။ စံ့စိတ်ထဲမှာပြီးပြီပေါ့။

ဒါပေမယ့် တျေးစူးရှင်က လက်သဲနဲ့ကုတ်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သွေးခြင်းခြင်းရဲတော့ စံမနေနိုင်တော့။

"တော်ပြီ…တော်ပြီး…နောက်နေ့မှထပ်လာမယ်"

စံသည် ကိုကို့ကျောကို Miconazole ညှစ်ဆေးပွတ်ပေးရင်း ထိုညက ငိုရလေသည်။ စံ့ကြောင့်၊ စံ့ကြောင့်…စံဟာ တော်တော် မိုက်မဲတာပဲ၊ ကိုကို စံ့ကြောင့် နာကျင်ရပြီ။ စံ့မျက်ရည်ကို ကိုကိုက သူ့လက်ညှိုးနဲ့သုတ်ပစ်ကာ-

"ဘာဘီ မငိုရဘူးလေ၊ ကိုကိုငိုတာမကြိုက်ဘူး"

ငိုနေတဲ့မျက်ရည်ကို အတင်းပြန်သိမ်းကာ ကိုကို့ကို ခေါင်းညိတ် ပြရလေသည်။ ကိုကို့ရဲ့ ဘယ်ဘက်လက်မောင်းပေးမှာ ခေါင်းအုံးပြီး စံထိုညက ကြိတ်ငိုရလေသည်။ အသားတွေနာကျင်လျက် အသားနီ တွေလန်နေသော ကိုကိုသည် သုံးရက်မျှ လက်သည်းဒဏ်ကို ခံလိုက် ရသည်။

တစ်ကယ်လို့သာ စံ့ရှေ့မှာ တစ်ခြားလူနာတစ်ယောက်ရှိနေလျှင် ဒီလိုကုမှုနဲ့ စံကိုကို့ကိုကုမှာမဟုတ်။

စံသည် ဘယ်တော့မှ နောက်တစ်ကြိမ်မမိုက်မဲရန် ဆုံးဖြတ်ချက် ချလိုက်သည်။

လူနာနဲ့ လက်ပွန်းတတီးနေရတဲ့ လူတွေမှာ စံ့လိုအမှားမရှိနိုင်ဟု ဘယ်သူပြောနိုင်မလဲ။

စံတို့ မမိုက်မဲဖို့ပဲ လိုပေသည်။

* * * * *





"အဲဒီတုန်းက ကိုကို့ကို သိပ်သနားတာပဲ"

"စံလည်း တစ်အားငိုတာ ကိုကိုသိပါတယ်"

"ဆုံးဖြတ်ချက်က သိပ်အရေးကြီးတယ်ကိုကို၊ နောက်တစ်ကြိမ် ထပ်မှားရင် ကိုကိုအသက်ပါသွားမှာ စံသတိပေးတယ်နော် ကြပ်ကြပ် သတိထားပါ"

စံတို့သည် ရင်ခုန်ကြည်နူးဖွယ်ရာ အထိအတွေ့ဖြင့်မဟုတ်ဘဲ ဖြူစင်သန့်ရှင်းသော နေထိုင်မှုမျိုးဖြင့် သေခြင်းတရားကို ခုခံတိုက်ခိုက် ခဲ့ကြသည်။ ဘုရားပန်းပုံမှန်လဲသောစံက ဖောဖျွင်သုတ်ရွတ်ဖတ်ပြီး ကိုကိုက သာဓုခေါ်သည်။

ကိုကို တရားမှတ်နေလျှင် စံသည်လည်း ဦးဆန်းလွင်ရဲ့ ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်လာသူတစ်ယောက်အကြောင်း စာအုပ် ဖြင့် ငြိမ်သက်နေကြသည်။

စံငြိမ်းချမ်းအောင် စိတ်ကိုထိန်းသည်။ ဆရာဦးသုခ ရေးသား သော ဗုဒ္ဓသမီးတော်များ စာအုပ်ကို စံဖတ်ပြီး စိတ်အနည်ထိုင်သွား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စံ ကိုကို့ကိုစောင့်ကြည့်ရင်းနဲ့ အဲဒီစာအုပ်ကိုဖတ်တာ စကားတစ်ခွန်းတည်းနဲ့ စံ့ရင်ထဲက အပူတွေငြိမ်းသွားတယ်ကိုကို"

"ဦးသုခလား"

"အင်း…သားသေလို့ လူမသေတဲ့အိမ်က မုန်ညှင်းဆီလိုက်တောင်းရင်းနဲ့ ဘုရားက တရားပြလို့ကျွတ်သွားတဲ့၊ ဂေါတမီကို ပဋ္ဌာစာရီထေရီမက ပြောတဲ့စကားတစ်ခွန်းလေ…အမယ်လေး ဂေါတမီရယ်…ငါ့လောက်ပူတဲ့လူရှိပါဦးမလား ဆိုတာလေ"

ကိုကိုက ပြုံးပြီးနားထောင်နေသည်။

"သေချာစဉ်းစားကြည့်နော် ကိုကို၊ ပဋ္ဌာစာရီဆို လင်ဆုံးသားဆုံး၊ မိဘဆွေမျိုးအကုန်ဆုံးတာ လင်ရှိမိန်းမမှန်ရင် လင်သေတော့မုဆိုးမဖြစ်ရမှာပဲ၊ ကြောက်နေလို့မရဘူး၊ လင်တစ်ယောက်ဆုံးမှုဲ့ကိစ္စဟာ တစ်ကယ်တော့ သိပ်အရေးကြီးတဲ့ ကိစ္စမဟုတ်ပါဘူး"

"ညည်းက ငါ့ကိုသေစေချင်ပြန်ပြီ"

"ဘာသာရေးရှုထောင့်က ကြည့်တာလေ၊ ကိုကိုအရင်သေပြီးရင် ကျွန်မလည်းသေမှာပဲ၊ ပြီးတော့ ဒီဘဝက အကြောင်းတွေဘာမှသိတော့မှာမဟုတ်ဘူး၊ ခန္ဓာအသစ်မှာ၊ ဘွယ်တာမှုအသစ်နဲ့ သေချာစဉ်းစားကြည့်နော်၊ အခု ကျွန်မတို့ အရင်ဘဝက တော်စပ်ခဲ့ဖူးတဲ့ လင်သားဇနီးမယားဆိုတာရှိမှာပဲ၊ ဒါပေမယ့် ကျွန်မတို့ မသိနိုင်ဘူးလေ၊ လူတွေမှာ မသိခြင်းငါးမျိုးရှိတယ်ကိုကို၊ ဘယ်သချိုင်းမှာမြှုပ်ရမှာ၊ ဘယ်နေ့သေမှာ၊ ဘယ်လိုသေမှာ၊ ဘယ်နေရာမှာသေမှာ





ဘယ်ဘဝကိုသွားမှာ ဘယ်သူမှမသိနိုင်ဘူး၊ အသက်လေးရှိနေလို့သာ ပြိုင်ဆိုင်နေကြတာ၊ သေသွားပြီးနောက်ဘဝမှာ ဒီဘဝက ဘာအကြောင်းတွေမှ သိနိုင်တာမဟုတ်ဘူး၊ မသေခင်တော့ အသက်ကိုဉာဏ်နဲ့စောင့်ထိန်းရမယ်ကိုကို"

ညအိပ်မီးအဝါရောင်ဖြင့် မြင်ရသော ကိုကို့မျက်နှာသည် ထိတ်လန့်စရာကောင်းသည်။ နံရိုးတွေပြိုင်းပြိုင်းထကာ ဗိုက်မှုန်ကားနဲ့ လက်မောင်းရိုးတွေ ငေါထွက်နေပြီး အကျီပွပွဝတ်မှ လူမြင်ကောင်းလေသည်။

"ကိုကို မှန်ကြည့်ရင် ကြောက်လာတယ်"

"ပိန်လို့လား"

"အင်း…"

"ခဏပါ၊ ပြန်ဝမှာပေါ့"

"စံ"

"ရှင်"

"ကိုကို ကလေးတစ်ယောက်လောက် လိုချင်တယ်"

ကိုကိုလက်ချောင်းတွေသည် စံ့ပုခုံးသားပြည့်ပြည့်ကို ဆုပ်ကိုင်ထားသည်။ ကိုကို့မျက်လုံးကိုကြည့်တာနဲ့ စံသည်စိတ်မောစွာ သက်ပြင်းချမိလေသည်။

"ကိုကို အခုနေမကောင်းဘူးလေ၊ ကလေးရရင် ဘယ်ကျန်းမာမလဲ၊ နေကောင်းသွားပြီဆိုတာ သေချာမှ စံတို့ကလေးယူကြမယ်"

"စံက ကိုကို့ကိုစိမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့အနားမှာ ကျောင်းသွားတဲ့အချိန်ကလွဲပြီး စံရှိနေတာပဲ"

"မဟုတ်ဘူး"

"အရှုံးမထနဲ့ကိုကို မဖြစ်နိုင်ဘူး၊ ကလေးတစ်ယောက်ယူဖို့ဆိုတာ ထမင်းစားတဲ့ကိစ္စမဟုတ်ဘူး"

"စံက ငယ်လို့"

"ဟုတ်တယ် အဲဒါဘာဖြစ်လဲ၊ စံ့ကိုတစ်ချို့ဆို၊ အပျိုထင်ပြီး ရည်းစားစကားတောင် လိုက်အပြောခံရသေးတာပဲ၊ ကိုကို့ကို စံ့စိတ်ထဲမှာ ခင်ပွန်းနေရာပေးထားပြီးပြီ၊ တော်ပြီပေါ့၊ ကိုကိုသိပ်လိုချင်တတ်တာပဲနော်၊ တစ်ဘက်သားအတွက် ဘာမှမစဉ်းစားဘူး၊ ဗိုက်ဖုံးအင်္ကျီဝတ်ပြီး ကျောင်းမတတ်ရဲဘူး"

"ရှက်လို့လား"

"အခြေအနေတွေကိုစဉ်းစားကြည့်၊ ကိုကိုက လူမမာ၊ အလုပ်ကစံဝင်လုပ်နေရတာ၊ ဒီကြားထဲ ဗိုက်တစ်ဘက်နဲ့ အမယ်လေး စံ့လောက်လူဖြစ်ရှုံးတာ ဘယ်သူမှမရှိတော့ဘူး"

"ညည်းက ကိုကို့သေရင် ရည်းစားဟောင်းနဲ့ ပြန်ယူမှာပါ"

"မဆိုင်တာတွေ ပြောပြန်ပြီ"

"ညည်းမှ ကိုကို့ကိုမချစ်တာ"

"ကိုကို့အသုစ်အကြေးကို ဘယ်သူလုပ်ပေးသလဲ၊ ကဲ..ဘယ်သူကိုကို့ကို အနီးကပ်ပြုစုလဲ၊ စံပဲရှိတာ၊ အဲဒါကိုတောင် အပြစ်မြင်ရင်တော့ သနားတယ်ကိုကို"

* * * * *





"သူ တော်တော် အတွေ့ကြီးတာပဲစံ"

အဲလစ်ကို စံငေးကြည့်မိသည်။ အဲလစ်ဘဝများ၊ အင်းလေ...အပျိုကြီး..အပျိုဆိုတာ တင့်တယ်တာပေါ့၊ လှလှပပနဲ့ ကျော့နေနိုင်တာပေါ့၊

"နင်ကလေးယူဖို့ လုံးဝမဖြစ်နိုင်ဘူးစံ"

"ငါသိပါတယ်၊ သူလည်း အနိုင်နိုင်ပါဟာ၊ အလကားအရှုံးထတာ"

"ဒါနဲ့ နင်ပြောတော့ သူ့မှာ Impotence (ယောက်ျားမပီသခြင်း)ရှိတယ်ဆို"

"ဟုတ်တယ်..ဗိုက်ပူလို့ဖြစ်တာ၊ Parahymosis ဝင်သွားသေးတယ်...အချိန်မှီသိလို့ပေါ့"

အသဲခြောက်ရောဂါသည်များတွင် မျိုးဥသေးငယ်လာခြင်း၊ ကပ်ပယ်အိတ်ရောင်ခြင်း၊ ပြီးတော့ လိင်အင်္ဂါထိပ်ဝယောင်ယမ်း၍ ပူဖောင်းသဖွယ်ဖြစ်လာခြင်း၊ တစ်ကိုယ်လုံးက အမွေးအမျှင်တွေကျွတ်ခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားနိုင်လေသည်။ ရောဂါကြောင့် လူစဉ်မမှီတော့ပေ။

"ယောက်ျားတွေ အရက်ကိုသိပ်ကြိုက်ကြတယ်နော်အဲလစ်၊ ဒီလိုတွေဖြစ်တာကို သူတို့ မသိလို့ပဲနေမှာ၊ ကိုကိုဆို အခုသိပ်နောင်တရတယ်၊ ဒါပေမယ့် ဘာမှလုပ်လို့မရတော့ဘူး၊ ဆန္ဒပဲရှိတယ်၊ ခန္ဓာကမရှိဘူး၊ အိမ်ထောင်မရှိတဲ့လူ ဖြစ်ရင်တော့ သိပ်မထူးဆန်းဘူး၊ အိမ်ထောင်ရှိတဲ့လူမှာကျတော့ စိတ်ဓါတ်ဝါကျတာ"

"အမယ်လေး အဲဒါလည်း သောက်နေကြတာပါပဲ၊ နှစ်နှစ်ခြိုက်ခြိုက်နဲ့ကို သောက်နေတာ..."

"မဖြစ်သေးလို့ပါ၊ ဖြစ်မှသိမယ်"

"စီးကရက်သောက်တာ စတိုင်လ်လို့ထင်ပြီး သောက်နေတဲ့လူတွေလည်းရှိသေးတာပဲစံရှဲ၊ သူတို့ယောက်ျားတွေက မိန်းမနဲ့စီးကရက်ကိုတွဲသောက်မှ ကျေနပ်တာ"

"မိန်းမက ဒုက္ခမပေးဘူး၊ အချိန်တန်လို့ သက်တမ်းစေ့မနေရဘဲကင်ဆာဖြစ်မှ စီးကရက်ကောင်းကျိုးသိလိမ့်မယ်၊ စီးကရက်ကို အနည်းဆုံးသုံးနှစ်လောက်သောက်ရုံနဲ့ လူတစ်ယောက်ရဲ့အဆုတ်ဟာ သာမန်ထက်ပိုပျက်စီးတာပဲ၊ စီးကရက်မှာ ကင်ဆာဖြစ်နိုင်တဲ့ ဓါတ်ငွေ့နှစ်ထောင်ကျော်တောင်ပါတာ...ဒါကြောင့် စီးကရက်ဗူးတွေမှာ Tobacoo Seriously damage health လို့ ရေးတာပေါ့"

"ကင်ဆာကို မမြင်ရတော့ မကြောက်ကြတာပေါ့"

"ဒီလောက် တီဗီမှာကြော်ငြာနေတာပဲကွာ၊ ရောဂါတွေရဲ့ ရှစ်





ဆယ်ရာခိုင်နှုန်းက ယောက်ျားတွေဆီမှာပဲဖြစ်တာ၊ သူတို့ပဲ မကောင်းမှုမျိုးစုံလုပ်တာကိုး၊ အရက်သောက်၊ ဘီယာသောက်၊ စီးကရက်သောက်၊ မိန်းမရှုပ်၊ နောက်ဆုံးဒုက္ခခံစားရတော့ ယူတဲ့မိန်းကလေးတွေပဲ..."

စံသည် သေမင်းကိုအရေခြုံလာသော မကောင်းမှုပစ္စည်းအဖြေဖျော်ခံများအား ရွံမုန်းလေသည်။

စံ့ကို မုဆိုးမဖြစ်စေမည့် အကြောင်းအရာ(တရားခံများ)များတွင် ထိုပစ္စည်းများ၊ ထိုပစ္စည်းများကို အတူတကွသုံးဆောင်ကြသော ကိုကို့သူငယ်ချင်းများ ပါဝင်လေသည်။

"နှင့်ယောက်ျားဒီလောက် အပေါင်းအသင်းပေါတာ အခုတစ်ယောက်တည်း သံနားပါတယ်"

"သူ့မှာရှိတဲ့ အပေါင်းအသင်းတွေက ငရဲတွင်းက တက်မယ့်ဟာတွေမဟုတ်ဘူး၊ အလကား ရေပေါ်စီတွေ၊ အားလုံးပုလင်းထောင်ဘူးဖွင့်တွေ၊ ဒီလိုလူတွေနဲ့ ပေါင်းမှတော့ စဉ်းစားသာကြည့်တော့၊ အခုအိပ်ရာထဲမှာလဲနေတာ ဘယ်လောက်ကြာပြီလဲ၊ တစ်ကောင်တစ်မြီးတောင်မတွေ့ရဘူး၊ ပိုက်ဆံချေးလို့ မရတော့တာနဲ့၊ အရက်သောက်လို့ မရတော့တာကြောင့် ဖြစ်မယ်ထင်တယ်"

"နှင် သူ့ကို ပြန်ကောင်းလာစေချင်မှာပေါ့နော်"

"ဟာ...ဘယ့်နှယ်ပြောလိုက်ပါလိမ့်၊ သူပြန်ကောင်းလာဖို့ ငါ့သေပေးရရင်တောင် ဝမ်းမနည်းဘူး၊ သူ့ရဲ့စိတ်ခံစားချက်ကို ငါပဲနား



www.burmeseclassic.com

www.burmeseclassic.com



လည်တာ၊ ငါ့ယောက်ျားက အထီးကျန်၊ ငါကအမကျန်၊ ငါတို့နှစ်ယောက်ယူဖြစ်တာ အဲဒါပဲ၊ အစကက အဲဒါကြောင့်ပဲ"

"စိတ်တွေခက်ထန်လာတာ မကောင်းဘူးစံ"

"အဲလစ်ရယ်…ငါ့စိတ်တွေ ခက်ထန်မှ ငါနေလို့ရတယ်၊ ငါသာပျော့ညံ့ပြီး တွေဝေနေရင် ဒီလူမမာကို ဘယ်လိုငါပြုစုမလဲ၊ စဉ်းစားကြည့်ဦး အသက်နှစ်ဆယ်ကျော်ပဲရှိသေးတဲ့ မိန်းကလေးတစ်ယောက်ဟာ သေမယ့်နေ့ကို စောင့်နေတဲ့ လင်ယောက်ျားကို စိတ်ချမ်းသာအောင်ပြုစုရတယ်၊ အိမ်စီးပွားရေးလည်း လုပ်ရတယ်၊ ကျောင်းကလည်းတစ်ဘက်နဲ့ ငါ့တို့မှီခိုနေရတာ သူက ငါသာလဲသွားရင် သူဘယ်လိုလုပ်မလဲ၊ ငါ့စိတ်က ထန်နေလို့ ဒီမုန်တိုင်းကို ရင်ဆိုင်နိုင်နေတာပေါ့ သူငယ်ချင်းရယ်…"

"သူတစ်သက်လုံး ဒီလိုပဲဖြစ်သွားရင်…"

"ဒါကတော့ ငါ့ကံပဲပေါ့၊ ငါသူ့ကိုပြုစုရမယ့် ဝတ္တရားရှိလို့ပြုစုရတာကွယ်၊ ငါမငြူစူပါဘူး၊ ဒါပေမယ့် စိတ်တိုတယ်အဲလစ်ရဲ့၊ တစ်ခါတလေကျရင် သူကမေးတယ်၊ ငါနဲ့အယူအဆချင်း ဖီလာဆန့်ကျင်ပဲ၊ ပြီးတော့ သူကပဲ အကြီးဆိုပြီး နိုင်ချင်သေးတယ်၊ နင်စဉ်းစားကြည့် ငါ့ကိုအိမ်ပေါ်က နှင်ချတာ ဘယ်နှစ်ခါရှိပြီမှတ်လဲ"

"ဟယ်…"

"အဲသလိုလုပ်တာ၊ လူမမာနဲ့ ဖက်မဖြစ်ချင်လို့ ငါသည်းခံနေတာ၊ ငါမရှိလို့ မဖြစ်တဲ့လူ့ဘဝမှာ သူနားလည်မှုမရှိဘူးအဲလစ်၊ ငါ့ဘဝမှာ





သူ့အရေးပါတာမှန်တယ်၊ ဒါပေမယ့် စဉ်းစားကြည့်နော်၊ ငါငွေရှာနိုင်နေပြီ။ ငါ့ဦးနှောက်နဲ့ ငါတတ်တဲ့ပညာနဲ့ ငါနောက်ယောက်ျားယူစရာကိုမလိုတာ၊ အဲဒါကို သူနားလည်ပေးရမယ်၊ ဒါအမှန်တရားပဲ၊ သူ့အတွက်သာငါက မရှိမဖြစ်၊ အဲဒါကိုအတင်းမျက်လုံးမှိတ်ခံခြင်းနေတာနဲ့ မတူဘူးလား…"

"အသက်ငယ်ပြီးတော်တဲ့ မိန်းကလေးတစ်ယောက်ကို ရထားတဲ့လူတွေက နင်တို့လိုပဲဖြစ်မှာစံ၊ တစ်ယောက်ကအကောက်၊ တစ်ယောက်ကအကျလေ၊ နင်ကလူငယ်၊ ရှေ့မှာတက်လမ်းချည်းပဲ၊ သူကရောဂါနဲ့ဆိုတော့ ဟိုတွေးဒီတွေး လျှောက်တွေးပြီး ပြဿနာရှာတာပါ"

"ငါသိပါတယ်၊ အဲဒါကြောင့် သနားလည်းသနားတယ်၊ တော်ရုံတန်ရုံဆို ငါ့စိတ်ကမရဘူး ပြောချင်တယ်၊ ပြောမိရင်လည်း ပြန်တောင်းပန်တယ်၊ သူငါ့ကို အရမ်းချစ်တော့ စိတ်မချဘူး၊ သဝန်တိုတယ်၊ အဲ..ပြဿနာတစ်ခုခုရှာလိုက်ရင်လည်း သူ့ကိုငါထားပြီး ထွက်သွားမှာစိုးတယ်"

"နင်တို့ဇာတ်လမ်းက နှစ်ဖက်လှပဲဟ"

"ဘာလှ…"

"နှစ်ဖက်လှလေ…ဘယ်ဘက်ကတွေးတွေးမှန်တယ်၊ တစ်ခုတော့သတိပေးချင်တယ်စံ၊ အမှန်တရားချင်းထိပ်တိုက်ရင်ဆိုင်တဲ့အခါအထိနာရင် တစ်ခြားကိစ္စတွေထက်ပိုဆိုးတယ်၊ အဲဒါသတိထားပါ၊ နင်စိတ်တော့မပျက်ပါနဲ့ဟာ..ကုသိုလ်ရပါတယ်"

＊ ＊ ＊ ＊ ＊



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးရေချိုးပြီးသောအခါ သားဘက်ဖြင့် စိကအသာ အယာသုတ်ပေးသည်။ သူ့ခန္ဓာကိုယ်ကို သူပြန်ငုံ့မကြည့်ရဲပေ။ နံရိုးတွေကတစ်ချောင်းနဲ့တစ်ချောင်း ထင်းထင်းလင်းလင်းပေါ်နေသည်။

"ကိုကို ဗိုက်မရှိတော့ဘူးနော်"

"အင်း"

"တီဘီဆေးကပူတော့ နေ့တိုင်းရေချိုးမှ ကိုကိုရဲ့"

"စုံကို မေးစရာရှိတယ်"

"ရှင် . . ."

သူမေးသင့်မမေးသင့် စဉ်းစားခဲ့ပြီးပြီ၊ ဒါပေမယ့် မေးမှသိသယ ရှင်းမည်။ မြုံထားပြီး သူစိတ်ဆင်းရဲရတာက ပိုဆိုးသည်။

"ကိုကို့ဆီ လူတစ်ယောက်လာတယ်"





"လူတစ်ယောက် . . . ဟုတ်လား"

"စုံ့ရဲ့သူငယ်ချင်းလို့ပြောတယ်"

"ဘယ်သူပါလိမ့် . . ."

"ဒေါက်တာ ခွန်သင်ဇာ"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



ညသည် တိတ်ဆိတ်ငြိမ်းချမ်းလွန်းသည်။ သူ့အတွက်တော့ မငြိမ်းချမ်း၊ နှစ်ယောက်အိပ်မွေ့ရာကျယ်ကြီးထဲမှာ တစ်ယောက်တည်းအိပ်ရသည်။ ပြီးတော့ ဒီည ညစာစားပွဲတစ်ခုရှိသဖြင့် စံ နောက်ကျလိမ့်မည်။

ပုလဲသွယ်တစ်ကုံးကို လည်တွင်ဆင်မြန်း၍ ပြင်သစ်ဆံထုံးလှလှပပဖြင့်စံသည် ကျော့ရှင်းနေပေသည်။ မသွားခင် သူ့နဖူးကို တစ်ချက်နမ်းသွားသေးသည်။ အခုညကိုးနာရီထိုးပြီ။

စံတွေ့ရမှာ အလှငါးတင်သွင်းသော ဟောင်ကောင်မှ အရောင်းကိုယ်စားလှယ်နှစ်ယောက်နှင့်ဖြစ်သည်။

စံသည် ယခုအခါ ငွေကောင်းကောင်းရှာနိုင်သော မိန်းမတစ်ယောက်ဖြစ်နေပေပြီ။ ဒါကြောင့် သူ့ကိုခြေရာတိုင်းချင်တာလားမသိ။ ပြီးတော့ သူလုပ်တုန်းက မအောင်မြင်တဲ့အလုပ်တွေကို စံလက်ထက်မှ အောင်မြင်အောင်လုပ်နိုင်သည်။





အလှငါးသားစပ်ပြီး မျိုးအသစ်ထွင်တဲ့ အလုပ်ကို စံကိုယ်တိုင်လုပ်နေတာ ယခုအောင်မြင်သွားလေပြီ။ စံသည် ရှေ့သို့မျှော်ကြည့်နိုင်သောလာဒ်ရှိသည်။

ဒေါက်တာခွန်သင်ဇာဆိုသောအမည်နှင့် လူကိုသူဆေးရုံမှာ တွေ့ခဲ့ဖူးသည်။ သူ့ကို ဆွေးသွင်းပေးသောလက်ထောက် ဆရာဝန်လေးပဲ၊ စံနဲ့ပတ်သက်ခဲ့တဲ့ အတိတ်ကလူ။

အခု စံ့ဘဝထဲ ပြန်ဝင်လာချင်တဲ့သဘောလား…၊ စံက သွားနိုင်လာနိုင် နေတဲ့သူ၊ သူက အိမ်ထဲမှာပဲနေတဲ့သူ၊

စံဖောက်ပြန်ရင် သူဘယ်လိုသိမှာလဲ။

ဟာ…မဖြစ်နိုင်ပါဘူး၊ သူလျှောက်တွေးနေတာပါ၊ သူသည် စံ့ရဲ့တရားဝင်ယောက်ျား…။

ထို့ကြောင့် စံ့ကိုဘယ်သူမှ ထပ်မကြိုးစားနိုင်ပါ။ သူ့နားမှာစံနေ၍လည်း အကျိုးမရှိနိုင်။ စံ့ကိုသူလွှတ်ပေးလိုက်ရင် ကောင်းမလား။

ဒါပေမယ့်သူသည် ယန်းတစ်ပွင့်ကဲ့သို့ စံ့ကိုချစ်သူဖြစ်သည်။ စံ့ကိုအလှကြည့်နေရရုံနဲ့ သူစိတ်ပြည့်ဝပါသည်။

အစကတည်းက ရမ္မက်ဖြင့် စံ့ကိုလက်ထပ်ခဲ့တာမဟုတ်သောအခါ Platonic Love ဆန်ဆန် ဒဏ္ဍာရီလိုအချစ်သည် သူ့ဘဝမှာဆန်းပြားစွာ ကြုံလာရလေသည်။

သူသည် နှစ်ယောက်ဘဝဟူသော မျှော်လင့်ချက်ဖြင့် စံ့ကိုလက်ထပ်တာ၊ အခုတော့ သူကဒုတိယလူမဟာ။



www.burmeseclassic.com

www.burmeseclassic.com



စံသည်သာ အိမ်ထောင်ဦးစီး၊ နာ့စ်မ၊ အိမ်ရှင်မဖြစ်နေသည်။ တစ်ခါတစ်ရံမှာ ဒီလိုမိန်းမတစ်ယောက်ကိုရ၍ ကံကောင်းတယ်ဟု သူ့ကိုယ်သူထင်သည်။ သို့သော် လောကဋ္ဌံလူမမြင်ရသော ချိန်ခွင်တစ်လက်ရှိသည်။ အဲဒါကတော့-

တစ်ယောက်ကံကောင်းလျှင် အခြားတစ်ယောက် ကံဆိုးသောအချက်ဖြစ်လေသည်။

သူသည် မိန်းမရကံကောင်းပြီး အိမ်ထောင်ရေးကံဆိုးသည်။ သူ့ထက်ပို၍ အိမ်ထောင်ရေးကံဆိုးသည်မှာ စံပင်ဖြစ်သည်။

ဘယ်သူက ထင်မှာလဲ၊

မင်္ဂလာဆောင်ပြီး တစ်ပတ်အကြာမှာ-

တစ်ပတ်အကြာမှာ သူဒုက္ခိတဖြစ်သွားမယ်လို့၊ သူသည် အဲဒီလို ပြန်မတွေးချင်ပေ။

ပြန်တွေးတာနဲ့ ရင်ဘတ်တွေ အောင့်လာတော့တာပဲ၊ စံက တစ်ခါ တစ်ခါအော်တတ်သည်။

“ကိုကို့ကိုလက်ထပ်ခဲ့တာ အမှားတစ်ခုပဲ”

သူ့ကိုစံလက်ထပ်ခဲ့တာ အမှားဟုဆိုလျှင် သူကရောလက်ထပ်ခဲ့တာ ဘယ်လိုလုပ်အမှန်ဖြစ်နိုင်တော့မှာလဲ”

“မင်း ငါ့ကိုချစ်လို့ လက်ထပ်တာမဟုတ်ဘူးလား”

“လုံးဝမချစ်ဘူး”

“ဘာကွ”





“ဟုတ်တယ်၊ ကျွန်မကို ရှင်လက်တစ်လုံးခြား ညာယူခဲ့တာ၊ ရှင်ပြောတော့ ရှင့်ကျန်းမာရေးကောင်းတယ်ဆို၊ ပြီးတော့ ဒီအသက်အရွယ်နဲ့ကားပြိုင်မောင်းတယ်တဲ့၊ လူကြားလို့မကောင်းဘူး၊ အရက်ဆိုင်ကို အိမ်လိုလုပ်တဲ့လူ၊ စီးကရက်ကိုဖင်က အခိုးထွက်အောင် သောက်တဲ့လူ…မိန်းမတွေနဲ့ မယူဘဲ ညအိပ်တဲ့လူ”

“Let it be”

“ဘာမှမလုပ်ဘူး သိလား…ပြောမှာပဲ”

“တောက်…မြွေခွေးမ”

“ရှင်ကပဲ ပြောရတယ်ရှိသေး၊ ရှင်သာ အဲဒီမြွေခွေးကြံ ကြံတာ၊ သူများသားသမီးကို ကလေးမယူလို့ဆိုပြီး ရေချိုးခန်းထဲမှာ ပိတ်ထားတာလေ”

သူသည် စံ့ကို အဲဒီတစ်ခါတုန်းက သိပ်စိတ်ဆိုးသည်။ အမှောင်ကိုကြောက်သောစံသည် အေးစက်နေသော ရေချိုးခန်းထဲမှာ နှစ်နာရီလောက်ထိုင်နေခဲ့ရသည်။ ကလေးမယူပေးဘူးဆိုသဖြင့် စိတ်ဆိုးကာ ရေချိုးခန်းကို အပြင်ကသော့ခတ်ပြီး သူစံ့ထံမှာ ကလေးယူပါ့မယ်ဟူသော ကတိကိုတောင်းခဲ့သည်။ အဲဒီနေ့ညမှာ သူ့ကားတိုက်မှုဖြစ်တာပဲ။

သူများကို စိတ်ဆင်းရဲအောင် လုပ်ခဲ့ခြင်းသည် သူ့အတွက် တန်ပြန်ခဲ့ချေပြီ။

ရေချိုးခန်းထဲကအထွက်မှာ စံသည် တစ်ကိုယ်လုံး အေးစက်ကာ ခိုက်ခိုက်တုန်လျှက်ရှိသည်။ ရင်ကျပ်ရှိသောစံသည် အအေးနဲ့မတည့်။



www.burmeseclassic.com

www.burmeseclassic.com



အခုလိုနှစ်နှာရှိမှု အအေးခံခိုင်းလိုက်သောအခါ ဒုက္ခလှလှတွေ့တော့သည်။ သူကမူ ကတိကို သဘောကျနေခဲ့သည်။

"ငါဒီလောက် မိန်းမငယ်ငယ်ကလေးယူထားတာ ကလေးမွေးနိုင်းဖို့ကွ"

"ကျွန်မသားဖောက်စက်မဟုတ်ဘူး ဦးတနိုင်းခ"

စံသည် သူ့ကိုနှာကြည်းသဖြင့် တစ်ခွန်းတည်းပြန်ဖြေခဲ့သည်။ သူအခုလို နေမကောင်းဖြစ်တော့ ပိုဆိုးသည်။ စံ သူ့နားကို လုံးဝ မကပ်ပေ။ ပြုစုတာနဲ့ ကပ်တာ အဓိပ္ပါယ်မတူ။

စံသည် သူ့ကိုအောက်ခြေသိမ်း ပြုစုပေးသော်လည်း ညဘက်တွင် အိပ်ရာခွဲအိပ်လေသည်။

သူ့ဆီက မျိုးဆက်ကို စံလက်မခံချင်တာ အကြောင်းတစ်ခုတော့ ရှိမည်။ အခုက ရောဂါပေါင်းစုံနှင့်ဆိုတော့ သူလည်းထိုကိစ္စကို လက်လျှော့လိုက်လေပြီ။ သူသည် ကလေးအဖေမဖြစ်ထိုက်။

သူ့ရဲ့စိတ်ကူးထဲမှ ဒယ်ဒီဟု သူ့ကိုခေါ်မည့်သားကလေးသည် သူ့ရဲ့စိတ်ကူးသက်သက်သာဖြစ်လေသည်။

စံဟာ သူ့အလိုကိုမလိုက်တဲ့ အတ္တကြီးတဲ့ မိန်းမပဲ။

* * * * *





သူသည် ငယ်ချစ်ဦးကို လွမ်းဆွတ်စွာ ငေးမောနေလေသည်။ လှလိုက်တာစံရယ်၊ တရုတ်နှစ်ယောက်ကို တရုတ်လို ချက်ချာစွာ ပြောဆိုနေပြီး တစ်စုံတစ်ခုကို သဘောကျဟန်ဖြင့် ပြုံးလိုက်သော စံ့ဟန်ပန်သည် သူသိခဲ့သော ပင်မြင့်စံမဟုတ်တော့ပေ။

**စံသည် အရွယ်ရဲ့ နုပျိုခြင်းနှင့်မလိုက်အောင် ကြုံရသော အဖြစ်အပျက်များကြောင့် အရေခွံပြောင်းလဲသွားသော မိန်းမတစ်ယောက်ဖြစ်နေခဲ့ပြီ။ စံ့ရဲ့မျက်နှာဖုံးသည် ယခင်ကရှိးသားသမျှ ယခုပိုရက်စက်လိမ့်တော့မည်။ စံသည် အမှားတွေထဲက သင်ယူဖို့ကြိုးစားသော မိန်းမတစ်ယောက်ပီသစွာ နောက်တစ်ကြိမ်မှာ ဘယ်တော့မှ အလဲမခံတော့မည်မဟုတ်ချေ။**



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ...ဘာတွေစဉ်းစားနေတာလဲ"

မိမိထက် ရာထူးကြီးသူ ဆရာဝန်ကြီးက သတိပေးတော့မှ သူပြုံးမိလေသည်။

"မမေ့နိုင်တဲ့ အကြောင်းတစ်ချို့ပေါ့ ဆရာကြီးရယ်..."

❋ ❋ ❋ ❋ ❋





ညလေ ×× မှောင်မဲ ×× တိမ်ညိုတွေကြား ×× အလင်းပျောက်ကွယ်ပြီ ×× ဒီလိုညမျိုး ×× အိပ်လို့ပျော်အောင် ×× လာပြီး ဘာသူကများနှစ်သိမ့်မယ် ×× မင်းကို ငါတကယ်မမေ့သေးဘူး××

လမ်းတစ်ဘက်ကြည့်ရင်း ×× အတိတ်တို့ကထွက်ပြေး××

ကြိုးစားမေ့တောင် ×× ငါမေ့မရပါ၊

အိပ်မက်ကလေးမက်ရုံနဲ့ ×× ငါကြေကွဲတတ်ပြီပဲ××

အရာရာ အရင်အတိုင်း ×× ငါဟာ မမေ့နိုင်ဘူး××

ဘယ်သူမှမရှိဘူး ×× သန်းခေါင်ယံအောက် ×× ငါ့တစ်ယောက်တည်း×× အချစ်ရယ် သိမ်ငယ်ကြေကွဲ×× ငါ့စိတ်တွေဟာ ××လောင်ကျွမ်း×× ဘယ်လိုပြန်ငြိမ်းသတ်ရမလဲ ×× အို××မင်းပြောပါ××

လွယ်လွယ်ထွက်မသွားနဲ့ ×× လမ်းတစ်ဘက်ကြည့်ရင်း ×× အချစ်များတောင့်တစ်××တို့ခဏလောက်သာ ဆုံခွင့်ရရင် ×× ဒီလိုအိပ်မက်များနဲ့ ×× ငါမကြေကွဲပါရစေနဲ့ ××



www.burmeseclassic.com

www.burmeseclassic.com



×× ဘာမဆို အရင်အတိုင်း ငါဟာမမေ့နိုင်ဘူး××

ဂစ်တာကြိုး တစ်ချောင်း ပြတ်ထွက်သွားသည်။ ဆေးရုံဘက်ဆီမှ ကလေးငိုသံ တစ်ချက ရှုးရှူးရှရှုထွက်ပေါ်လာသည်။

ဂစ်တာကို ဘေးချကာ စီးကရက်တစ်လိပ်ကို မီးညှိ၍နှုတ်ခမ်းမှာ သောက်လိုက်သည်။ မီးခိုးငွေ့တွေကို ရှိုက်၍နှုတ်ခမ်းမှ အငွေ့တွေ ပြန်ထုတ်လိုက်သည်။

"မင်းကောင်မလေးကို ကြည့်နေတဲ့ပုံက တော်တော်ချွေးစရာပဲ ခွန်သင်၊ သူ့အကြောင်းကို သူပြောပြသလောက်သိသော သူငယ်ချင်း ဒေါက်တာမြင့်ဦးက သူ့ပုခုံးကိုပုတ်ကာ ဆိုသည်။ သူခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်…ကျွန်တော်သူ့ကို သိပ်မြတ်နိုးတယ် ကိုမြင့်ဦး၊ ကျွန်တော် သိပ်တန်ဖိုးထားခဲ့တာ၊ အခုသူ့ဒုက္ခကိုမြင်ရရင် ကျွန်တော် တင်မဟုတ်ပါဘူးဗျာ၊ ခံစားတတ်တဲ့သူတိုင်း ရင်ထဲမှာ မချိပါဘူး၊ စုံမှာမှဗျာ၊ ဒီလိုဒုက္ခတွေ အစုလိုက်အပြုံလိုက် လာကြုံရတယ် မိစံ… မိစံ"

"မောင်ရင်လည်း ဆရာဝန်တစ်ယောက်ပဲ၊ သူ့ခင်ပွန်းအခြေအနေ ကိုသိမှာပေါ့"

"ကျွန်တော်နဲ့မှမဟုတ်ဘူး ကိုမြင့်ဦး၊ ဘယ်သူနဲ့ပဲလက်ထပ်ပါ စေ၊ သူစိတ်ချမ်းသာနေရင် ကျွန်တော်ကျေနပ်တယ်"

"ဟာ…မောင်ရင်တို့က Platonic Love ပဲ"





"ဟုတ်တယ်…လူချင်းအတူနေရမှ အချစ်မဟုတ်ဘူး ကိုမြင့်ဦး"

"အတူနေတာကြာရင်လည်း အချစ်ဖြစ်သွားနိုင်တာပဲ မောင်ရင်"

"မဖြစ်နိုင်ဘူး၊ အဲဒါဟာ သံယောဇဉ်ပဲဖြစ်မှာ…"

"ဒါဆို မောင်ရင့်ကောင်မလေးက သူ့ယောက်ျားကို ဘာကြောင့် လက်ထပ်ခဲ့သလဲ၊ ဘာကြောင့်လို့ မောင်ရင်ထင်သလဲ"

"စံ့အကြောင်းကို ကျွန်တော်သိတယ် ကိုမြင့်ဦး၊ သူ့မှာလွယ်လွယ် နဲ့ လူတစ်ယောက်ကို လက်ထပ်မှာမဟုတ်ဘူး၊ ဘဝတစ်ခုလုံးထက် အရေးကြီးလို့သာ သူလက်ထပ်ခဲ့တာဖြစ်မှာ၊ ဘာကြောင့်ဆိုတဲ့ မေးခွန်းထက် ဘယ်လိုကြောင့်ဆိုတဲ့ မေးခွန်းကို ကျွန်တော်မေးမထွက်ဘူး၊ စံဟာ ဟင်းရွက်ကန်းစွန်းလို လင်ယူမှာမဟုတ်ဘူး ကိုမြင့်ဦး၊ သူ ကျွန်တော့်ဆီက ထွက်သွားကတည်းက သူကျွန်တော့်ဆီပြန်လာမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်တွက်ခဲ့ပြီးသားပဲ၊ စံဟာ လှသလောက် ကြင်နာတတ်တယ်ကိုမြင့်ဦး၊ စိတ်ထားသိပ်နူးညံ့တယ်၊ သူ့ကို နား လည်နိုင်တဲ့ ယောက်ျားနှစ်မျိုးပဲရှိနိုင်တယ်။ တစ်မျိုးက မိန်းမကျမ်း ကြေတဲ့လူ၊ နောက်တစ်မျိုးက သူ့ကိုတစ်ကယ်မြတ်နိုးတဲ့လူ၊ သူလက် ထပ်လိုက်တဲ့ ဦးတနိုင်းခဟာ ပထမတစ်မျိုးထဲက ဖြစ်ဖို့ပိုများတယ် ကိုမြင့်ဦး"

"ကောင်မလေးတွေက ဒီလိုပါပဲကွာ"

"စံက တစ်ခြားကောင်မလေးတွေနဲ့ မတူပါဘူးဗျာ"

"မောင်ရင်တို့နှစ်ယောက်ကို ကိုယ်ပြန်စုံစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် စီးကရက်ငွေ့တွေကို မှိုင်ချလိုက်သည်။

"ကျွန်တော် မမေ့နိုင်ပေမယ့် သူက ကျွန်တော့်အပါအဝင် သူ့ကိုယ်သူ ပင်မြင့်စိဘဝကတောင် မေ့သွားချင်မှာပဲ"

* * * * *





"ခွန်သင်...အိမ်ကို လာသွားတယ်ဆို"

စံ့အသံသည် အဝေးကြီးက လာသကဲ့သို့ ထင်ရသည်။

"ကိုကို ပြန်ပြောပြပါတယ်"

"မတွေ့ရတာကြာပြီလေ မိစံ"

စံသည် အခေါ်အဝေါ်ကြောင့် သူ့ကိုဖျတ်ခနဲ မော့ကြည့်သည်။

"မတွေ့တာကြာတော့ ပိုမကောင်းလားကွယ်"

"စံ နေရောကောင်းရဲ့လား"

"ဟင်း...အမှန်အတိုင်းပြောရရင် မကောင်းဘူး၊ ဒါပေမယ့် ဒီလိုပါပဲ၊ ကောင်းချင်ဟန်ဆောင်နေရတာပေါ့၊ စံလဲသွားလို့ မဖြစ်သေးဘူးခွန်သင်...ကိုကိုက စံ့ကိုမှီနေရတာ"

"သူ့ဘက်က ဘယ်သူမှမသိဘူးလား"

"သိတယ်"

"လာလုပ်ပေးသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်များကြတယ်လေ၊ ပြီးတော့ ကိုကိုက ဒုက္ခမပေးချင်ဘူး"

"စံ့ကိုတော့ ဒုက္ခရောက်ပါစေပေါ့၊ အဲသလိုလား"

"ခွန်သင်… စံတို့ငယ်ငယ်တုန်းက ဆရာသင်ခဲ့တဲ့ ကဗျာလေး တစ်ပုဒ်မှတ်မိလားဟင်…The Tide Rises, The Tide Falls ဆိုတဲ့ ကဗျာလေ…ဒီရေဆိုတာ တက်လိုက်ကျလိုက်ဖြစ်မှာပဲခွန်သင်၊ ဘဝဆိုတာ ဒီရေလိုပဲလေ၊ ဒုက္ခလို့ စံမယူဆချင်ဘူး၊ ဒုက္ခလို့ စံယူဆလိုက်တာနဲ့ စံ့ဘဝဟာ သောင်ပြင်ပေါ်က ခြေရာတွေလိုပဲ၊ ဒီရေတက်တာနဲ့ ပျောက်ပျက်သွားတော့မှာပေါ့ခွန်သင်၊ စံ့ကိုနားလည်ပေးစမ်းပါကွယ်၊ စံအခု မုန်တိုင်းတစ်ခုထဲမှာရောက်နေတယ်၊ အဲဒီမုန်တိုင်းကြောင့် စံ့ဘဝရဲ့အကာအရံဖြစ်တဲ့ကိုကို လွင့်သွားတော့မယ်၊ စံ့အတွက် ဒီအခြေအနေဟာ ရင်ဆိုင်ဖို့ အခက်ခဲဆုံးပဲခွန်သင်"

"မိစံ…ငါ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်း၊ နင်ဘာတွေကြိတ်ပြီး ခံစားနေရလဲ…ဟင်…နင့်မှာ ငါရှိသေးတယ်လေ"

သူသည် စံ့ပုခုံးနှစ်ဘက်ကို လှုပ်ကိုင်ကာမေးသည်။ စံ့ရဲ့ပါးလျသောကိုယ်သည် သူ့လက်နှစ်ဘက်ထဲတွင် ယိမ်းထိုးနေလေသည်။

"ဟင့်အင်း…စံမပြောပြဘူး၊ မပြောပြနိုင်ဘူး"

စံသည် အသံတိုးတိုးဖြင့် ငြင်းဆန်ကာ ငိုလေသည်။

"မိစံ…"

"…"





"မောင် မိစံကို ဘယ်လိုအနေအထားမျိုးမှာပဲဖြစ်ဖြစ် လက်ထပ်ရဲတဲ့သတ္တိရှိတယ်နော်…မိစံ အဲဒီတစ်ခုကို မြဲမြဲမှတ်ထား"

စံတစ်ကိုယ်လုံးသည် ပျော့ခွေလျက်…ခွန်သင့်ရင်ခွင်ထဲသို့ ပြုတ်ကျသွားလေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



စံသတိရလာတော့ ဒရစ်ပိုက်သွင်းထားသည်။ အနားတွင် ဆရာဝန်ကြီးတစ်ယောက်နှင့် ဟောက်ဆာဂျင်များရှိသည်။ ပြီးတော့ ခွန်သင်လည်းရှိသည်။

"သမီး သတိရလာပြီလား"

"ဟုတ်ကဲ့"

"သမီးတစ်ခါမှ Medical check up မလုပ်ဖူးဘူးလား"

"ရှင်"

လူအားလုံးမရှိသည့်နောက် ခွန်သင်က ပြောပြသည်။

"စံမှာ Mitral Stenosis (နှလုံးအဆို့ရှင် ပိတ်ဆို့သောနှလုံးရောဂါတစ်မျိုး)ရှိနေတယ်စံ"

"ခွန်သင်…အဲဒီရောဂါက စိုးရိမ်ရလို့လားဟင်၊ အဲ…ကိုကိုညနေစာစားဖို့ မချက်ရသေးဘူး"





"မိစံ"

ခွန်သင့်အသံသည် ဟိန်းသွားသည်။

"မိစံ ညည်းမှာ ရောဂါနဲ့ နားလည်ရဲ့လား…ငါသူ့ဆီဖုန်းဆက်ထားပြီ၊ ဘာမှလျှောက်တွေးမနေနဲ့တော့"

စံသက်ပြင်းချကာ စိတ်အေးသွားတော့သည်။

"နားကြပ်နဲ့ နားထောင်တာနဲ့ စံ့နှလုံးမှာ MS ဖြစ်နေတာ ဆရာသိတယ်၊ အဲဒါ Echo နဲ့ ECG ဆွဲရမယ်စံ"

"အဲဒါ စံဒီမှာနေရဦးမှာပေါ့"

"ဟုတ်တယ်"

"မနေဘူးခွန်သင်"

"မိစံ"

"ကိုကိုညကျရင် တစ်ယောက်တည်းဖြစ်နေမှာ ခွန်သင်"

"အိမ်ဖော်ရှိတယ်လေ"

"ဟင့်အင်း…ကိုကို့ကို ငါပစ်မထားနိုင်ဘူး၊ ဒီပုလင်းကုန်ရင်ပြန်မယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"စံ ဘယ်လိုနေသေးလဲ"

"ကောင်းသွားပါပြီကိုကို၊ ထမင်းစားပြီးပြီလား"

"မစားဝင်တော့ဘူး၊ နို့ပဲဖျော်တိုက်တော့ကွာ"

ကိုကိုသည် စံ့ရောဂါအကြောင်းကို ချိုသည်၊ ခါးသည်မမေး။

"စံ့ကို တစ်ခုပြောရဦးမယ်"

"ဟုတ်ကဲ့"

"စံတစ်ယောက်တည်း ဝင်ပန်းလို့၊ ကိုကို့အမေကို ရွှေ့အပတ်ထဲမှာ ရန်ကုန်လာဖို့ ခေါ်ထားတယ်"

"ရွှေ့အပတ်"

"အင်း...အင်္ဂါနေ့"

"သောကြာနေ့ဆို စံ စာမေးပွဲပြီးပြီလေကိုကို"

"နှစ်ယောက်ရှိတော့ ကိုကိုပိုအားရှိတာပေါ့"

"ကိုကို စိတ်ချမ်းသာတယ်မို့လား"





"စံက မကြိုက်လို့လား"

"ကိုကို့အမေကဲ ပါးစိပါးစပ်များလို့"

"သည်းခံပါကွာ၊ ကိုကို့ကို ချစ်တယ်ဆို"

"အင်း"

"သူတို့လည်း သားဆိုတော့..."

"ဒါပေမယ့် သားရင်းတာနဲ့ သူများသားသမီးကို မညှာမတာ မဝေဖန်သင့်ဘူးပေါ့၊ ခုဟာက စံ့ကိုအပြစ်တင်ဖို့ပဲကြိုးစားနေကြတယ်"

"ကိုကို့မျက်နှာနဲ့ သည်းခံပါ စံ"

အလွန်သိမ်မွေ့သော ပြဿနာတစ်ခု စံ့ရင်ထဲမှာရှိတာ သေချာသည်။ ဆေးရုံက ပြန်လာတဲ့စံသည် အဝေးကိုငေးမောနေပြန်သည်။ သူ့ကိုကွယ်ဝှက်ထားတဲ့ကိစ္စ စံ့ဆီမှာရှိနေပြီလား။

ဥပမာ–ရည်းစားဟောင်းက လက်ထပ်ခွင့်တောင်းတာမျိုးပေါ့၊ စံရယ်..ကိုကို့ကို မရက်စက်ပါနဲ့၊ သို့သော် သူပြောမထွက်ပါ၊ စံ့သဘောပါလေ၊ ထားခဲ့တော့လည်း သူနေခဲ့မှာပါ။

"စံ"

"ရှင်...ကိုကို"

"ဘာတွေ တွေးနေတာလဲ"

"ဒီလိုပါပဲကိုကို...ကိုကို ဟိုကိုလိုက်မသွားဘူးမို့လား"

"ဟာ...မလိုက်ပါဘူး"

"မလိုက်ပါနဲ့ကိုကိုရယ်...ဟိုမှာက facility ဘာမှမရှိဘူး၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်ရင် ကိုကိုဆေးရုံသွားလို့ရတယ်"

"အေးပါကွာ၊ ကိုကိုညည်းနဲ့ မခွဲနိုင်ပါဘူးစံရယ်"

"တစ်ခုခုဖြစ်မယ်လို့ ထင်နေတယ်"

"မဖြစ်ပါဘူး၊ စိတ်အစွဲအလန်း သိပ်မထားပါနဲ့ကွာ"

* * * * *





"စံ့ကို သူ့မိဘတွေဘက်က လိုလိုလားလား ရှိကြရဲ့လားစံ"

စံ ထိုမေးခွန်းကို မဖြေချင်ပေ။ ညည်းက ချက်ကျွေးချင်တာချက်ကျွေးတော့ ငါသားရောဂါတိုးတာပေါ့၊ ညည်းက ငါတို့ကို လူထင်တာမှမဟုတ်တာ၊ အေးလေ..ဒီလိုမျိုးကို ငါ့သားရှာယူတာ ဒီမိန်းမမျိုးဆိုတော့လည်း..."

စံ ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။

မနက်ဖြန်ဟာ စံ့ရဲ့စာမေးပွဲနောက်ဆုံးနေ့ပဲ၊ ငိုယိုပြီး စံခွန်သင့်ကိုဖုန်းဆက်တော့ ခွန်သင်စိတ်ပူကာ စံ့အိမ်အထိလာတွေ့သည်။

"ဘာတွေဖြစ်ကုန်တာလဲစံ"

"..."

"စံတစ်ခုမှ မဖြေတော့ ငါဘာလုပ်ရမှာလဲ"

"သူ ပါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"သူ့အဖေ အိပ်ရာပေါ်က လုံးဝမထနိုင်ဘူးတဲ့၊ သူ့ကိုတွေ့ချင်တယ်ဆိုလို့ သူလိုက်သွားပြီ"

"နှင့်ကိုရော နှင့်သဘောထားကိုရော သူနည်းနည်းမှ ထည့်မတွက်ဘူးလား မိစံ"

"သူ့အမေက ငါလိုက်လာစရာမလိုဘူးတဲ့၊ ငါ့ကြောင့်သူ့သား စိတ်ဆင်းရဲရတယ်တဲ့၊ ငါက ကိုယ့်အလုပ်နဲ့ ကျောင်းပဲဂရုစိုက်နေတာတဲ့"

"တော်က်"

သူသည် ဒေါသဖြင့် စုံကိုသူ့ဘက်ဆွဲလှည့်လိုက်သည်။

"ဒီမှာမိစံ၊ မေမေတို့ကို ငါအခုချက်ချင်းဖုန်းဆက်မယ်၊ မနက်ဖြန်လိုက်လာနိုင်းလိုက်မယ်၊ စံဟာမိဘမဲ့မဟုတ်ဘူး၊ နားလည်လား၊ စုံမှာမိဘရှိတယ်"

"ပြီးတော့ မောင်ရှိတယ်၊ မောင်တို့မိသားစုကို စံစွန့်ခွါသွားပေမယ့် မောင်တို့က စုံကိုအမြဲအလိုရှိကြတယ်စံ"

"ဟင့်အင်း...မေမေကိုပေးမသိပါနဲ့၊ မေမေသိရင် ရင်နာလိမ့်မယ်"

"ဘာလုပ်ချင်လဲစံ..ကဲ စံဘာလုပ်ချင်လဲ"

"မနက်ဖြန် စာမေးပွဲဖြေပြီး စံလိုက်သွားမယ်"

"အိုကေ လိုက်သွားရမှာပေါ့၊ ဒီမှာစံ ဇနီးမယားကသာ လင်





ယောက်ျားကိုပိုင်တယ်၊ ဥပဒေအကြောင်းအရ စုံမှာတရားစွဲပိုင်ခွင့်တွေရှိတယ်၊ အဲဒါကို ခေါင်းထဲထည့်ထား"

"စံ ကိုကို့ကို သိပ်စိတ်ဆိုးတယ်၊ သူ့အသဲဟာ ခရီးပန်းတဲ့ဒဏ်ကိုလုံးဝမခံနိုင်ဘူးခွန်သင်၊ ပြီးတော့လေ..အဘွားကြီးက ဓါတ်လုံးတွေသွေးတိုက်တယ်"

"ဟာ Stupid ပဲ Haemochromatosis ဝင်သွားရင် သူပိုဆိုးမှာပေါ့"

"သူ့အမေရောက်ကတည်းက အင်္ဂလိပ်ဆေးရော၊ ဗမာဆေးရော ဘာမှမသောက်ဘဲ ဓါတ်လုံးသွေးတိုက်တဲ့ရေပဲသောက်တယ်"

"စံ...မိစံ နင်ဒီလောက် ဦးနှောက်အဆင့်အတန်းနိမ့်တဲ့လူကို ဘာလို့ယူထားလဲဟင်..ဘာကြောင့်မိုက်ရူးရဲလက်ထပ်ခဲ့လဲ"

"စုံကို သူကျူးလွန်ခဲ့တဲ့အပြစ် ပြန်ဆပ်တာလေခွန်သင်...သူက အသွတ်အချွန်မှာတော့ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်တယ်လေ ခွန်သင်"

"ဘာ...ဘာပြောတယ်၊ ခွန်သင့်ကို နောက်တစ်ခေါက်ပြန်ပြောစမ်း"

"ဟင့်..ဟင့်...သူ့ကိုစံမချစ်ဘူး၊ လုံးဝမချစ်ဘူး၊ ဒါပေမယ့် သူကစုံကို မရ ရအောင်ယူခဲ့တယ်၊ စုံကိုအယုံသွင်းခဲ့တယ်၊ စံယုံလိုက်တယ်...ဒါပဲ"

သူသည် နာကျည်းမှုများဖြင့် စားပွဲကိုလက်သီးဖြင့် အားကုန်ထိုးချလိုက်သည်။ သူ့ချစ်သူဟာ ဖြူစင်တဲ့မိန်းကလေး၊ ခုတော့ လုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့အချိုးက ခွေးကျင့်ခွေးကြံနဲ့၊ လင်နေမကောင်းတာကို ရက်ရှည်လများပြုစုလာခဲ့ပြီး အခုအချိန်ကျမှ နှစ်ယောက်ကိုခွဲထားတော့ ဒါဘာအဓိပ္ပါယ်လဲ။

ဒါ လူ့အခွင့်အရေးကို စော်ကားတာပဲ။ အမျိုးသမီးချင်း စာနာထောက်ထားမှု မရှိတာပဲ။

မိစံရယ်...မောင်ရင်နာလိုက်တာ။

အညွန့်အဖူးမို့ မြတ်နိုးထားခဲ့လေသမျှ အခုတော့ ခဲတစ်လုံးသာသာ အပစ်ခံရတဲ့ဘဝ၊ ရင်နာလှချည့်ရဲ့ မောင့်မိစံ။

* * * * *





သူသည် ဒီနေ့တမနက်လုံး ဆေးရုံမှာ ယောင်ချာချာနဲ့၊ တီဘီဝါဒ်ကလူနာတစ်ယောက် စောစောကတင်ဆုံးသွားတာမို့ CDeath (Certificate - သေစာရင်း) လုပ်ပေးရသေးသည်။ နောက် ဆေးရုံဆင်းဖို့ CDischarge - ဆေးရုံဆင်းလက်မှတ် တစ်ခုထိုင်ရေးပြီးသည့်နောက်အလုပ်ကို စိတ်မဝင်စားဘဲ စုံကိုသာ ပြင်းပြစွာ သတိရနေသည်။

ပင်မြင့်စံဆိုတဲ့ နာမည်နဲ့လိုက်အောင် အမြဲသူ့အပေါ်မှာ အနိုင်ယူခဲ့သူ၊ ခွန်သင့်ကို စံချစ်ရင် ပြီးရောပေါ့ဆိုကာ နောက်ကောင်လေးတစ်ယောက်ကို လွှာထုတ်ပြဖို့ ဝန်မလေးတဲ့ ဆယ်ကျော်သက်စံ၊ ဒီလို စုံကိုကြိုက်တဲ့ကောင်တွေကြောင့် သူ့ခေါင်းသုံးချက်အချုပ်ခံလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေစုံကိုခေါ်ဆူသည်။ ထို့နောက် စံပျောက်သွားခဲ့သည်။ တွေ့တော့လည်း စံသည် ကာမပိုင် ဇနီးတစ်ယောက်ဖြစ်ပေသည်။

ဒီတစ်နေကုန် သူယောင်ချာချာဖြစ်တော့မှာပဲ။ သမားတော်ကြီး Round လှည့်တော့ သူအဆူခံလိုက်ရသေးသည်။ သူတစ်စုံတစ်ခုကို စောင့်မျှော်နေသည်။

စံ သူ့ဆီဖုန်းဆက်မှာပါ။

စံသူ့ကိုဖုန်းဆက်လျှင် အနည်းနဲ့အများ သူရင်အေးသွားပေလိမ့်မည်။ ဒါမှမဟုတ် သူဘာဆက်လုပ်ရမလဲဆိုတာ ဆုံးဖြတ်နိုင်လိမ့်မည်။

ညနေခြောက်နာရီတွင် စုံထံမှ ဖုန်းဝင်လာလေသည်။

“မိစံ”

“စုံကို ကိုကိုကလွှဲပြီး တစ်အိမ်လုံး မသိချင်ယောင်ဆောင်နေကြတယ် ခွန်သင်”

“သူကရော”

“သူက ပျော်နေတယ်”

“သူက အမိကပဲ၊ သူကလူနာပဲ၊ ကျန်တဲ့လူမျက်နှာကို ထောက်စရာဘာမှ မရှိဘူးမိစံ၊ သူ့အခြေအနေ…”

“တအားပိန်ကျသွားတယ်”

“အင်း…ဆေးတွေ စံကိုယ်တိုင်ဆက်တိုက်ပါ”

“ခွန်သင်…စံ ရန်ကုန်ပြန်ခေါ်လာချင်တယ်”





“သူတို့သဘောထားက ရှိသေးတယ်”

“စံ ကိုကို့ကို ဒီလိုမျက်စိသူငယ် နားသူငယ်နဲ့ အသေမခံနိုင်ဘူး”

“ဒါနဲ့…သူ့အဖေကကော…”

“အလကား…အဘွားကြီး လိမ်ပြောတာ၊ သူ့အဖေက ထူထူထောင်ထောင်ကြီး”

“စံ…စိတ်ဆင်းရဲစရာတွေဖြစ်ရင် အကြောင်းကြားနော်”

“အင်း…ဒါပဲ”

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်ဦး ကျွန်တော်တို့ဓာတ်လမ်း နားထောင်မလား…"

"စိကာ သိပ်ချဲ့တဲ့ကောင်မလေးဗျ ကိုမြင့်ဦးရဲ၊ ပြီးတော့ သိပ်အချစ်ခံချင်တာ၊ မေမေဇေ ရဲ့အထာကိုညက်တယ်၊ ဟင်းထည့်ပေးရင်တောင် စုံ့ကိုအမြဲပိုထည့်ပေးတာ၊ အဲ..ခက်တာက ဖေဖေပဲ၊ ဖေဖေက စုံ့ကိုချစ်ပေမယ့် စုံ့ရဲ့ gene ကိုမကြိုက်ဘူး၊ အဲဒါ ကျွန်တော်တို့ဓာတ်လမ်းမှာ အဓိကပဲ၊ gene ဆို တာ Mapping (ပုံတူကူးပြီး) လုပ်ပြီး လူတစ်ယောက်ကနေ နောက်တစ်ယောက်ကို လက်ဆင့်ကမ်းတာ၊ အဲဒီလို Mapping လုပ်တဲ့အခါမှာတော့ မျိုးရိုးတစ်ဆက်နဲ့တစ်ဆက် Recessive (ငုပ်ဗီဇ) gene တွေရှိတာ ခင်ဗျားလည်းသိတာပဲ၊ လူတစ်ယောက်ဖြစ်လာဖို့ မျိုးစေ့ဟာ Maternal origin (မိခင်လက်ခံ) နဲ့ Paternal origin (ဖခင်လက်ခံ) gene နှစ်ခုပေါင်းပြီးမှ Dominant (ထင်ရှားဗီဇ) နဲ့ Recessive ကွဲသွားတာ၊ စုံ့မှာ Dominant ဖြစ်နေတာ သူ့အမေရဲ့ gene တဲ့ဗျာ"

* * * * *





စုံ့ရဲ့ အမေရင်းသည် ထိုမြို့လေးတွင် အကျော်ကြားဆုံးသော (Commercial Sex Worker - ခန္ဓာကိုယ်ဖြင့် ရင်းစားသောမိန်းမ တစ်ယောက်ဖြစ်သည်။

မေမေ့ထံမှာ Depo လာထိုးရင်းနဲ့ မေမေနှင့်ပါ ခင်သွားခဲ့သည်။

"သူ့ခမျာ သနားစရာပါသားရယ်…ယောကျ်ားဆုံးသွားတော့ ဘာမှမလုပ်တတ်မကိုင်တတ်နဲ့၊ နောက်ဆုံးဘဝပျက်သွားတာ"

"CSW တွေက ဘယ်လောက်ထိ ယုံရလို့လဲမေမေ"

"မေမေဟာ သူ့ဆရာဝန်ပဲ၊ သိတာပေါ့၊ သူ့ဘဝက သိပ်စိတ်ဝင်စားစရာကောင်းတယ်၊ တစ်ကယ်တော့ မုဆိုးမတစ်ယောက်ရဲ့ အထီးကျန်မှုကို လူတွေက မခံစားပေးကြဘူး၊ လူတောထဲက ဖယ်ထုတ်ကြတယ်၊ စိတ်ဓါတ်ရေးရာချို့ယွင်းသွားအောင် တိုက်ခိုက်ကြတယ်၊ အဲဒီလိုယောကျ်ားတွေ အများကြီးပဲ..သား၊ လောကမှာ လူယုတ်မာတွေ



www.burmeseclassic.com

www.burmeseclassic.com



အသက်ပိုရှည်တယ်၊ မိန်းမတွေလည်း ဒီလိုပဲ၊ ငါသာ သူ့နေရာမှာဆိုရင် မစဉ်းစားဘူး မုဆိုးမနဲ့စကားပြောရင်ပဲ ကိုယ့်လင်ကိုယ့်ရည်းစားအလုခံရတော့မယ့် အတိုင်းပဲ''

''စိတ်ဓါတ်ပျော့ညံ့လို့ပါ မမေရာ''

''သား လူတွေအကြောင်းကို မင်းမသိသေးဘူး၊ လူ့လောကမှာ တစ်ချို့ကိစ္စတွေဟာ ရယ်စရာသိပ်ကောင်းတယ်၊ မေမေဘာလို့ စုံ့ကို မွေးစားခဲ့လဲသိလား၊ မေမေကိုယ်တိုင် ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ခဲ့ဖူးလို့ပဲ''

''ဗျာ''

''မေမေ 3rd MB မှာ လက်ထပ်ခဲ့တယ်၊ Part I မှာ မေမေ့ပထမအိမ်ထောင်ဆုံးသွားခဲ့တယ်၊ မေမေ ဘဝကို စာထဲမှာနှစ်ပစ်ပြီး မနည်းပြန်တည်ဆောက်ယူခဲ့ရတယ်သား၊ မေမေ့ဘဝမှာ အိမ်ထောင်ရေးဆိုတာကို သိပ်စက်ဆုပ်သွားခဲ့တယ်၊ နောက်တစ်ကြိမ်ဆိုတာ မေမေ မတွေးရဲခဲ့ဘူး၊ ဒါပေမယ့် မေမေကံကောင်းပါတယ်၊ သားဖေဖေက မေမေ့ကို နားလည်ပေးနိုင်ခဲ့တယ်၊ သူမေမေ့ကို လက်ထပ်ခွင့်ရဖို့ တော်တော်ဖြောင်းဖျယူခဲ့တယ်၊ မုဆိုးမတိုင်းမှာ Psycho ရှိတယ်သား၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေဟာ အပြစ်ကိုပဲ မြင်ကြတယ်၊ အဖြစ်ကို မသိကြဘူး၊ မေမေဆိုရင် အဲဒီဒဏ်ကို ကြုံကြုံခံခဲ့ရတယ်။

ဆရာဝန်မတစ်ယောက်ဖြစ်နေလို့ တွေ့ရာလူလက်တည့်မစမ်းရဲတော့ တော်သေးတယ်၊ မေမေသားကိုရတော့ ဘဝဟာပိုပြီး အနည်းငယ်





ထိုင်လာတယ်၊ ဒါပေမယ့် တစ်ခါထိဖူးတဲ့အနာဟာ မေမေ့ကို အမြဲ လှန့်နေတယ်၊ သားဖေဖေကို မေမေ့ပထမအိမ်ထောင်လို ဆုံးရှုံးရမှာ မေမေသိပ်ကြောက်တယ်၊ မေမေမုဆိုးမဆိုတဲ့ Feeling ကို သိပ်ထိတ်လန့်တယ်၊ ဒါကြောင့် စာသိပ်ကြိုးစားတယ်၊ မေမေ ကလေးအထူးကုဖြစ်လာခဲ့တယ်၊ မေမေက ဘဝကိုပညာနဲ့ ရပ်တည်နိုင်ခဲ့ပေမယ့် စုံ့ရဲ့ အမေကတော့ သနားပါတယ်ကွယ်၊ လူ့လောကမှာ မုဆိုးမတွေဟာ အတော်သနားစရာကောင်းပြီး Psycho ရှိကြတဲ့ မိန်းမတွေပဲ၊ မေမေက အရာရာကို နားလည်ပေးနိုင်ခဲ့ပြီး ဖေဖေကတော့ လုံးဝကာနဲ့ကွက်ခဲ့သည်။

''မုဆိုးမဖြစ်တာနဲ့ ဒူးထောက်ရရောလား၊ အခိုပ္ပါယ်မရှိတာ အထိနာတဲ့လူဆိုတာ ပိုကြိုးစားရတယ်၊ ကိုယ်မင်းကို သဘောကျခဲ့တာ မင်းစိတ်ဓါတ်ကြောင့်ပဲ၊ ကိုယ်ပျော့ညံ့တဲ့ မိန်းမတွေကို လုံးဝ သဘောမကျဘူး၊ အကြောင်းပြချက်ကောင်းကောင်းမရှိဘဲ CSW ဖြစ်သွားတဲ့ မိန်းမတွေကို လုံးဝအယုံအကြည်မရှိဘူး၊ ပင်မြင့်စံကိုလည်း ကိုယ်မယုံဘူး''

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"စံ မေမေ့ကို စိတ်နာသွားမယ် ထင်ပါရဲ့ကွယ်"

စံတွက်သွားပြီးနောက်ပိုင်းမှာ မေမေအဲဒီလို သတိရတိုင်း ပြောနေခဲ့သည်။ တကယ်တော့ နောက်ကွယ်မှချုပ်ကိုင်သူသည် မေမေပင် ဖြစ်သည်။

မေမေက စံမရှိတော့တာ သိတဲ့နေ့မှစ၍ မှိုင်တွေသွားတော့သည်။

"သမီးလေး ဘယ်လိုတွေများ ကြုံနေရပါလိမ့်"

"စံ့ကို ပြက်ရှာပေးပါသားရယ်"

မေမေသည် ချွဲနွဲ့သောစံ့ကို အရမ်းချစ်ခဲ့သည်။

"မေမေ မြှာတာတွေ သိပ်ရက်စက်သွားတယ်"

"မေမေ ကျွန်တော့်ကို စံနဲ့တစ်ကယ်သဘောမတူဘူးလား"

"သားလည်းဆရာဝန်ပဲ၊ gene အကြောင်းကို သားက Latest trend သင်ခဲ့တဲ့လူ၊ မေမေတို့ထက် ပိုသိမှာပေါ့"





"ပတ်ဝန်းကျင်က gene ကိုပြုပြင်တာလား၊ gene က ပတ်ဝန်းကျင်ကို ပြုပြင်တာလား..."

"မေမေတို့က သိတော့ကြောက်တယ်သား၊ ဒါပဲ..သိတဲ့တတ်တဲ့ လူတွေက ကြောက်ရမှန်းသိတယ်"

ခုလိုအနေအထားတွေကို မေမေတို့သိလျှင် သူတို့အကြောက် တရားသည် စံ့အပေါ်မှာ ကံဆိုးမှုများ ဖြစ်ပွားစေခဲ့သော တရားခံမှန်း လက်ခံကြပါ့မလား။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်ဦး ... စံနဲ့ ကျွန်တော်စကြိုက်တာ ဒီလိုဗျ။ စံ့လွယ်အိတ်ထဲ ကျွန်တော်ရည်းစားစာ ထည့်ပေးတာ၊ စံကဖတ်ပြီးတာနဲ့ ကျွန်တော်မှန်း ချက်ချင်းသိတာပဲ"

"မောင်ရင်က တစ်အိမ်တည်း အတူနေပြီး စာပေးကြိုက်ရတာတော့မမိုက်ပါဘူးကွာ"

"ကျွန်တော့်ကို စံကမေမေနဲ့တိုင်မယ်ပြောလို့ ကျွန်တော့်မှာမနည်းချော့ခဲ့ရသေးတယ်၊ စံက ကျွန်တော့်ကို သိပ်နိုင်ခဲ့တာ"

* * * * *





"စံတို့ကို တစ်သက်လုံး အတူနေသွားရမယ်ဌ် ကျိန်းသေပေါက်ဟောမယ့်လူရှိရင် သိပ်ကောင်းမှာပဲနော် ခွန်သင်"

စံနဲ့သူ ဗေဒင်သွားမေးတော့ စံသည် အံ့ဩဖွယ်ရာကောင်းသောဗေဒင်ကို ပြက်ရယ်ပြုခဲ့သည်။ ဟောချက်က ဆန်းကြယ်သည်။ သူတို့နှစ်ယောက်အတွက် ဒီဘဝမှာ ဘယ်တော့မှ မနီးစပ်နိုင်။ ထို့ပြင်စံသည် အိမ်ထောင်နှစ်ဆက်။

"မယုံပါနဲ့ စံရာ"

"မယုံပါဘူး၊ ဒါပေမယ့် အိမ်ထောင်နှစ်ဆက်ကျတဲ့အထဲ ခွန်သင်နဲ့ မနီးစပ်တာကတော့ မလွန်လွန်းဘူးလား"

"အေးလေ ... မသကာ ခွန်သင်က ဒုတိယအိမ်ထောင်ဆိုလည်းတော်သေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့်စမ်းခွန်သင်၊ စံတစ်ခြားသူတစ်ယောက်နဲ့ လက်ထပ်ပြီးသွားတဲ့ဘဝကို ခွန်သင့်လက်ထဲ ပြန်မရောက်စေရဘူးသိလား၊ ခွန်သင့်ကို စံအပျိုဘဝနဲ့ပဲ လက်ထပ်ချင်လက်ထပ်မယ်၊ သူများဇနီးဘဝနဲ့ ခွန်သင့်ကို စံလုံးဝမပတ်သက်ဘူး"

* * * * *





"စံ့ကို အိမ်ပြန်ခိုင်းကြတယ်"

စံ့အသံသည် တုန်တုန်လှုပ်လှုပ်ရှိလှသည်။

"ဘာသဘောတွေလဲစံ၊ ဟင်...နေမကောင်းတဲ့ကိုယ့်ယောက်ျား နောက်ကိုယ်လိုက်တာ သူတို့က အိမ်ပြန်ခိုင်းတယ်ဆိုတော့ ဒီမှာ ကျွာရှင်းစေချင်တဲ့သဘောလား၊ တောင်းလိုက်စမ်းပါ၊ သူတို့သား တကို နှင်မကိစရာဘာမှမရှိဘူးဆိုတာ သူတို့နားလည်အောင်ပြော ညလိုက်"

"စံ ကိုကို့ကို မခွဲနိုင်ဘူး ခွန်သင်ရဲ့၊ ဘာပဲဖြစ်ဖြစ် သူ့ ယောက်ျား ပြီးတော့ ဝေဒနာခံစားနေရတာ၊ သူ့အသိုင်းအဝိုင်းအချ မပြေပေမယ့် ကိုကို့ကိုစံသနားတယ်"

"သနားရင် နှင်ပဲခံရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူသည် စုံငိုသံကြားပြီးသည့်နောက် စိတ်တွေလှုပ်ရှားနေလေသည်။ တစ်နယ်တစ်ကျေးမှာ မျက်နှာမွဲရာ စံကျောနင်းခံနေရပြီပဲ။

သူလုမ်းမခေါ်ရက်သော နွံထဲမှမိန်းမသည် သူ့ငယ်ချစ်ဦးဖြစ်နေခဲ့သည့်အတွက်တော့ သူ့ဥပေက္ခာမပြုရက်နိုင်တာ ဆန်းသလား။

သူသည် အခြေအနေတွေကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ အကြိမ်ကြိမ်စဉ်းစားသည်။ ဒါပေမယ့် သူ့ရုတ်တရက်ဝင်လာခဲ့သော အတွေးမှာ သူသာ ဒုက္ခိတတစ်ယောက်ဖြစ်နေခဲ့မယ်၊ သူ့ဇနီးကလည်း ငယ်ချစ်နဲ့လက်ထပ်ဖို့ သူ့ကိုကွာရှင်းခွင့်တောင်းလာခဲ့မယ်ဆိုရင်-

သူဘယ်လို ရင်ဆိုင်မှာပါလိမ့်။ အတွေးဖြင့် သူသည် ခြောက်ခြောက်ခြားခြားဖြစ်လာကာ ချွေးစေးတွေပြန်လာသည်။

သူ့မျက်လုံးထဲတွင် ခုတင်ပေါ်မှာ သွေးပုလင်းပိုက်တန်းလန်းဖြင့် သူ့ကိုအားကိုးတကြီးမော့ကြည့်သော ထိုလူနာ၏မျက်လုံးများကို အမှတ်ရမြင်ယောင်လာသည်။ ဒီလူ့မျက်လုံးတွေက သူ့အကြောင်းကိုသိနေတဲ့ မျက်လုံးတွေ။

ပြီးတော့ အားမာန်ရှိတဲ့မျက်လုံးတွေ၊

လူနာတွေထဲမှာ အဲဒီလိုမျက်လုံးတွေကို ရှားရှားပါးပါးတွေ့ရလေ့ရှိသည်။ ဘာသာတရားအခြေခံရှိ၍ စိတ်မာသောလူများထဲတွင်သာ ဤမျက်လုံးမျိုးကို တွေ့ရလေ့ရှိသည်။

"ကိုယ်...မောင်ရင့်ကို စုံ့ဆီကနေ ဘာမှမသိခဲ့ပါလား"

စုံ့ဆီသူသွားလည်စဉ်က စံနဲ့မတွေ့ရဘဲ ထိုလူနှင့်သာတွေ့ခဲ့သည်။





"ကိုယ်နည်းနဲ့ကိုယ်သိထားတာတွေတော့ ရှိတာပေါ့လေ၊ ဒါပေမယ့် ကိုယ်ကလက်ရှိစံ့ရဲ့တရားဝင် ခင်ပွန်းဆိုတော့ ဘယ်သူ့ကိုမဆို စစ်ဆေးပိုင်ခွင့်တော့ရှိပါတယ်"

"ကျွန်တော် ခင်ဗျားကိုလူကြီးလူကောင်းတစ်ယောက်လို့ ထင်ခဲ့တာပါ ဦးတနိုင်း၊ ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ၊ ဆရာဝန်ဆိုတာ လူသာမန်တွေထက် ကိုယ့်ကျင့်တရားကိုပိုစောင့်ထိန်းရပါတယ်၊ စာရိတ္တကိုဆရာဝန်တွေက ပိုဂရုစိုက်သတိထားပါတယ်၊ စံနဲ့ကျွန်တော် အတိတ်ကဘယ်လိုအနေအထားပဲဖြစ်ခဲ့ပါစေ ဒီနေ့ကျွန်တော်လာတာ ညီမလေးတစ်ယောက်အနေနှင့် စံ့ကိုလာကြည့်တာပါ"

"ကိုယ်တော့ အရေခြုံတဲ့ကိစ္စတွေ သိပ်စိတ်မဝင်စားဘူး"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် စံကိုယ်တိုင်လည်း ခင်ဗျားရဲ့ အရေခြုံကိစ္စထဲ ပတ်သက်နေရတာ ခင်ဗျားမငြင်းချင်ပါနဲ့"

"မင်း..."

"ကျွန်တော် ခင်ဗျားထက် ဆယ်နှစ်လောက်ငယ်ပါတယ် ဦးတနိုင်း၊ ပြီးတော့ လူနာတစ်ယောက်ကို ယှဉ်ပြိုင်ပြီး ကျွန်တော် မထိုးနှက်နိုင်ပါဘူး၊ ကျွန်တော်ဟာ လူထုကျန်းမာရေးစောင့်ရှောက်တဲ့ ဝန်ထမ်းတစ်ယောက်ပါ၊ ဟုတ်ကဲ့...ခွင့်ပြုပါဦး"

သူသည် ထွက်လုဆဲဆဲဒေါသကို ပညာတတ်ဦးနှောက်ဖြင့် ထိန်းသိမ်းကာပြန်လှည့်ထွက်ခဲ့ရသည်။ ဒေါသသည် တော်တော်နှင့်မပြေ နောက်မှသူကိုယ်ချင်းစာစိတ် ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကလည်းကြီးသေး၊ ရောဂါသည်တလဲဖြစ်၊ ဒုက္ခိတဖြစ်တာကလည်းတစ်ကြောင်း၊ ဒီလိုလူမှာ စိတ်ဓါတ်ဒဏ်ရာတွေပြည့်နေမှာပဲ၊ မမြင်ရ၍သာ၊ စုံကို စိတ်မချဖြစ်မှာပါပဲ။

လူကောင်းကသာ လုပ်ကိုင်နေ၍ စိတ်ကမေ့မေ့ပျောက်ပျောက်ရှိတာ၊ ရောဂါသည်ဆိုတာ တစ်ချိန်လုံး စိတ်ကသွားလာလှုပ်ရှားနေရတာ၊ ဟိုတွေးဒီတွေးနဲ့ စိတ်ဒုက္ခပိုရောက်မှာပဲ။

ပုထုဇဉ်တစ်ယောက်ဟာ ဘယ်လောက်ပဲ တရားမှတ်မှတ်၊ ရောဂါကိုကျော်ပြီး ဘယ်လိုမှတ်နိုင်မလဲ၊ စံကလည်း ကြည့်ရတာအနားသို့သိပ်ကပ်ပုံမရ။

ဒေါသရယ်၊ သိမ်ငယ်စိတ်ရယ်၊ ပေါင်းထားသောသံသယသည်ထိုလူ့ရင်ထဲမှာ သူ့ခံစားနေရသောရောဂါထက် အဆပေါင်းမြောက်များစွာ ပြင်းထန်နေမှာ သေချာလှသည်။

* * * * *





“မေမေ စံ့ကိုတွေ့ပြီ”

“ဟုတ်လား…ဘယ်မှာတွေ့တာလဲ…မေမေတို့ လာတွေ့မယ်”

“ဖြစ်နိုင်ရင် စံ့ဆီအခုအချိန်မှာ သွားမတွေ့တာ အကောင်းဆုံးပဲမေမေ”

“သား…ဘာပြောချင်တာလဲ”

“မေမေ…အခုစံမုဆိုးမဖြစ်ဖို့ တာတန်းချိတ်ဆွဲခံရတဲ့အနေအထားမှာရှိနေပါတယ်၊ စံ့အမျိုးသားအသေအသန်ဖြစ်နေတယ်မေမေ”

“အို…ဘုရား…ဘုရာ”

“စံ အိမ်ထောင်ကျပြီး…တစ်ပါတ်မှာကတည်းက…”

“သားရယ်…မေမေဆင်းလာခဲ့မယ်”

မေမေ့အသံသည် ပြတ်တောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ စုံဆီမှ နောက်ထပ်လာမည့် ဖုန်းသံကိုသာစောင့်နေမိသည်။ စံတစ်ခုခုဒုက္ခတွေ့နေပြီဆိုတာ သူသိသည်။ စံသည် စိတ်၏ဆင်းရဲခြင်းဖြင့် ဒီရက်တွေမှာ အထီးကျန်နေမှာကိုလည်း သူသိသည်။

"မောင်ရင် လိုက်မသွားသင့်ဘူး"

"ကိုမြင့်ဦး…ကျွန်တော် သိပ်စိတ်ပူနေတယ်"

"မောင်ရင့်ကောင်မလေးဟာ ခပ်တုံးတုံးမိန်းကလေးမှမဟုတ်ဘဲ၊ သူတစ်ယောက်တည်းရင်ဆိုင်နိုင်မယ်ထင်လို့ ဒီယောကျ်ားကို သူလက်ထပ်ခဲ့တာပဲ၊ ဖြစ်ပေါ်လာတဲ့ကောင်းကျိုးဆိုးကျိုးကို သူတစ်ယောက်တည်း ရင်ဆိုးခံမယ့်မိန်းကလေးမျိုး မောင်ရင်စောင့်ကြည့်နေပါ"

"သူ့အတွက် သူစိတ်ပူပန်ရမှာ သိတာမဟုတ်ဘူး၊ ခုချိန်မှာ သူ့ယောကျ်ားအတွက်ပဲ သူ့ခေါင်းထဲရှိတာ"

"Right ဒါသူမှန်တာပေါ့မောင်ရင်၊ ဇနီးမယားတစ်ယောက်ဟာ သူ့ယောကျ်ားနောက်ဆုံးအချိန်မှာ သူ့ယောကျ်ားအတွက်ပဲ စဉ်းစားသင့်တာပေါ့"

"ဒါပေမယ့် သူ့ယောကျ်ားအသိုင်းအဝိုင်းက အဲသလိုစဉ်းစားမှာမဟုတ်ဘူး၊ အခုသူ့ကို ဓမ္မသောကဆိုပြီးဗျာ…ဗေဒင်ကိန်းခန်းအရအိမ်ခွဲထားတယ်၊ သူ့ယောကျ်ားသူငယ်ချင်းအိမ်မှာနေရတယ်တဲ့"

"မဖြစ်သင့်တာတွေပဲ၊ အေးလေ…ကံပဲပေါ့၊ ဒီမိန်းကလေးဟာ အရင်ဘဝက အကုသိုလ်ကံ ဘယ်လောက်များများကျူးလွန်ခဲ့လဲ ကိုယ်တို့မသိနိုင်ဘူး၊ ပြီးတော့ သူ့အမျိုးသား…သေခါနီးအချိန်မှာ ဒီလိုစိတ်





ဆင်းရဲသောကတွေ ခံစားဖို့အတွက် ဝဋ်ဒုက္ခတွေပေးဆပ်နေရတာ၊ သူတို့နှစ်ယောက်လက်ထပ်ဖြစ်တယ်ဆိုတာ ဝဋ်ကြွေးတစ်ခုပဲမောင်ရင်၊ ဒီဝဋ်ကြွေးကုန်အောင်ဆပ်ဖို့ သူတို့နှစ်ယောက်မှာပဲ တာဝန်ရှိတယ်၊ ကိုယ်တို့ဝင်ဆပ်ပေးလို့မရဘူး"

"သူက သူ့ယောကျ်ားကို ရန်ကုန်ပြန်ခေါ်ဖို့ချည်းပဲ လုပ်နေတယ်၊ ဟိုဘက်ကလူရော၊ ငွေရော လုံးဝမလိုက်နိုင်ဘူးလို့ ငြင်းတယ်"

"အင်း…သူမျှားနယ်မှာ တစ်ယောက်တည်း ဒုက္ခတွေပဲ၊ ရှင်းနေတဲ့ကိစ္စမောင်ရင်၊ အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ယောက်၊ ယောက္ခမတွေရှိတဲ့မြို့ကို ယောကျ်ားနေမကောင်းလို့ လိုက်သွားတယ်၊ ငယ်တဲ့လူက ကောက်ရင်တောင် အသက်ကြီးတဲ့လူက ဖြောင့်ရမယ်၊ အခုဟာက လူမှာရှေ့ထားပြီး ပြဿနာတွေတက်နေတာ ဘယ်သူ့အလွန်လဲ၊ အသိသာကြီးပဲ၊ လူမှာလည်း စိတ်ချမ်းသာမလား၊ ကဲ…မသေခင်မှာ ချစ်ချစ်ခင်ခင်နဲ့ ဇနီးမယားပြုစုတာ ခံချင်မှာပေါ့၊ အိုင်ဒီယာအောက်တဲ့ မိသားစုထဲဝင်ခဲ့ရတဲ့ရလာဒ်။

"ကျွန်တော်သိနေတယ် ကိုမြင့်ဦး၊ စံ…ဒီလိုအဖြစ်တွေကို သူ့တစ်သက်မှာ ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး၊ သူဘယ်လိုမှ မေ့နိုင်မှာ မဟုတ်တော့ဘူး"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"မေမေ စုံ့ကိုတွေ့ချင်တယ်သား"

"စုံ ဒီမှာမရှိဘူးမေမေ"

"ဒုက္ခပါပဲ"

"ကျွန်တော်လည်း စိုးရိမ်တာပါပဲ၊ သူ့မှာ MS ရှိနေတယ်မေမေ၊ သူလုံးဝဂရုမစိုက်ဘူး၊ သူ့ယောက်ျားကိုပဲ သူခေါင်းယဲထည့်ထား တယ်"

"မေမေ တစ်လမ်းလုံးတွေးလာတာ သြော်...ငါ့သမီးလေးမှာမှ ဒီလိုအဖြစ်အပျက်တွေ လာကြုံရတယ်လို့၊ ဆိုးလိုက်တဲ့ကံနယ်"

"ကျွန်တော်တို့ ကံကိုပြင်ဆင်လို့ မရပါဘူးမေမေ"

သူ့စကားသည် နောက်ရက်အနည်းငယ်မှာ တစ်ကယ်မှန်ခဲ့သည်။





သေမယ်ဟု တွက်ထားပြီးသားလူတစ်ယောက်ကို စံထိုင်ကြည့်နေခဲ့ရ တဲ့အကြောင်းများ၊ သူ့ကိုစံပြောပြချိန်မှာ သူသည် ပြင်ဆင်ခွင့်မရနိုင် သောလောကရှိ အကြောင်းအရာများကို ရင်နာနာနှင့် နားထောင်ပေးခဲ့ရ လေသည်။

ဘဝဆိုတာ သူ့အတွက် ချောမွေ့သလောက် စုံ့အတွက်ခက်ခဲ ကြမ်းတမ်းမှန်း သူရင်နာစွာ စုံ့ရဲ့ဇာတ်လမ်းကို နားထောင်ပေးခဲ့ရသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



စံ ကိုကို့အိမ်ကိုရောက်သွားချိန်တွင် ညကိုးနာရီထိုးနေပေပြီ။

"ကိုကိုရေ"

ကိုကို့ယောက်ဖဖြစ်သူက တံခါးလာဖွင့်ပေးသည်။ အိမ်ထဲဝင်လိုက်တော့ ကိုကို့အမေက နောက်ဖေးချောင်ဝင်သွားသည်။ ကိုကိုက အိမ်ရှေ့ဘုရားစင်ဆောင့်မှာပက်လက်။

"ကိုကို..."

"ဟာ...မြန်လိုက်တာ"

"ဟုတ်တယ်...စံစကားသုံးခွန်းလိုက်မေးတာ"

"ပြောလေ"

"စံမာနကြီးမှန်းသိလို့ ကိုကိုချီးသွားတာလား"

"ဟာကွာ..မဟုတ်တာ၊ စံတောက်လျှောက် ကိုကို့ကိုလုပ်ပေးခဲ့တာပင်ပန်းမှာစိုးလို့ပါ၊ အေးအေးဆေးဆေး စာမေးပွဲဖြေရအောင်လို့"

"ဒါဆိုရင် ဟိုးအရင်ကတည်းက ရှင့်အမေလာခေါ်ပါလား၊ အခု





စာမေးပွဲတစ်ရက်ပဲကျန်တော့မှ ဒီအချီးချီးသွားတာ ရှင်တို့ကဘာသဘောတွေလဲ"

"ဘာသဘောမှမဟုတ်ဘူး"

"အဲဒါ လာမေးတာ"

"ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပြောပါစံ"

"အစော်ကားခံရတာ စံပါ ကိုကိုရဲ့"

"ကဲ..ကဲ..တော်တော့ ရန်မဖြစ်ချင်ဘူး၊ အဖေတို့အမေတို့ကို နှုတ်ဆက်လိုက်ဦး၊ မမကိုလည်း နှုတ်ဆက်လိုက်ဦး"

"ရှင့်အဖေကိုနှုတ်ဆက်နိုင်ပါတယ်၊ ကျန်တဲ့နှစ်ယောက်ကိုတော့ နှုတ်မဆက်နိုင်ဘူး"

"ကျွတ် ခက်တာပဲ စံကိုယ်ကအငယ်"

"ကြီးတဲ့လူက မှန်တာလုပ်ရင် ငယ်တဲ့လူက မှန်တာလိုက်လုပ်မှာပေါ့၊ ရှင့်အမေအသက်ကြီးပြီး နည်းနည်းမှအချိန်မစီးဘူး"

"လူကြီးတွေကွ၊ ဘာမှမသိဘူး"

ကိုကိုသည် သူ့အမေရဲ့ ငါးခုံးမကို ငါးစနယ်ဖြစ်အောင် ပြောတတ်သောအလေ့ကို ထိုစကားဖြင့် အမြဲဖုံးကွယ်ခဲ့သည်။

နောက်ဆုံးတော့ ဘာမှမသိသော သူ့အမေကြောင့် သူ့အသက်ရင်းလိုက်ရပေပြီ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နှင်သွားနှုတ်ဆက်လိုက်လား"

"အင်း…သူ့အဖေကို နှုတ်ဆက်တော့ကောင်းကောင်းမွန်မွန်ပဲ သူ့အမေက ငါ့ကိုမျက်စောင်းထိုးတယ်၊ သူ့အစ်မက စကားတစ်ခွန်းတောင်မဟဘူး"

"ဟာ မိုက်ရိုင်းလိုက်တာ"

"အဲဒီထက်ပိုဆိုးတာ…ညဘက်ရောက်သွားတာနော်၊ စံအိပ်ဖို့ ခြင်ထောင်တွေ၊ ခေါင်းအုံးတွေ လုံးဝမရှိဘူး၊ အဲဒါကိုကိုက သူ့ခြင်ထောင်ထဲ ဝင်အိပ်ခိုင်းတယ်၊ အမယ်လေး၊ အဲဒါကို လင်စုံမယားဖက်အိပ်ပါတယ်ဆိုပြီး သူ့အစ်မက ပြောတာခံရသေးတယ်၊ အဲဒီညက စံနဲ့ ကိုကိုစကားများကြသေးတယ်၊ သူယောက်ဖကပေါက်လိုက်တော့မှ တိတ်သွားတယ်၊ ပြီးတော့ စံ့လက်တစ်ဘက်ကိုကိုင်ပြီးမှ ကိုကိုအိပ်တာ"





"သူက စံ့ကိုတော့ချစ်သားပဲ"

"အသက် ဒီလောက်ကွာတာ၊ အင်းဒါပေမယ့် သူစိတ်အရမ်းဆင်းရဲပြီးမှ သေသွားခဲ့ရတယ် ခွန်သင်၊ သူကဆေးရုံပြန်တက်ဖို့ စာရွက်စာတမ်းတွေ စံ့ကိုရန်ကုန်ပြန်ယူခိုင်းတာ၊ စံရန်ကုန်ရောက်နေတုန်း သူဆုံးသွားတယ်"

"ဆုံးတဲ့အချိန်မှာ အနားမှာမရှိဘူးပေါ့"

"ဟုတ်တယ်၊ အဲဒါသက်သာပါတယ်၊ နို့မို့ဆို စံတစ်သက်လုံး အဲဒီမြင်ကွင်းကြီးကို မေ့မှာမဟုတ်ဘူး၊ ပြဿနာတွေလဲတက်လိုက်တာ၊ ကိုယ့်ယောက်ျားကို ရန်ကုန်ပြန်ခေါ်ရင် အသက်မှီမယ်ဆိုတာ သိရက်သားနဲ့၊ သူတို့ Against လုပ်တာကြောင့် စံလက်လျှော့လိုက်ရတယ်၊ စံပြန်မလာခင် အဲ…ကိုကိုမဆုံးခင် လေးရက်မြောက်မှာ ကိုကို ပြောသွားခဲ့တာရှိတယ်၊ အမေရော၊ အစ်မရောဦးနှောက်မရှိဘူးတဲ့၊ အရူးတွေတဲ့၊ စံ့ကိုယ့်ဟာကိုယ်ရန်ကုန်ပြန်ပြီး စာရွက်တွေသာယူလာခဲ့လို့ခိုင်းခဲ့တာ၊ သူကစံ့ကို ပင်ပန်းမှာစိုးတော့ ဘာမှမခိုင်းဘူး၊ အဲဒါကို သူ့အဖေက ဇနီးမယားတစ်ယောက်အနေနဲ့ ဝဘယ်နှစ်ည အိပ်ရေးပျက်ခဲ့လဲဆိုပြီး စံ့ကိုအိမ်ပေါ်ကနှင်ချတာ"

"ဘုရားသမား၊ တရားသမားတွေ လူစိတ်ကင်းရင် သာမန်လောက်လိုက်မမှီဘူး"

"သူတို့ကသာ တရားသမားလို့ပြောတာပါ၊ သူများသားသမီးကို ကိုယ်ချင်းမစာလုပ်ခဲ့တာတွေအတွက် သူတို့ဝဋ်လိုက်မှာပါ၊ အကဲတော့



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သူအသစ်ဖြစ်သူအဟောင်းပဲ၊ အသုဘချပြီးတော့ စံသူတို့ကို ကန်တော့ခဲ့ပါတယ်၊ ကိုယ့်စိတ်ထဲကတော့ မပါဘူး၊ ဒါပေမယ့် ကိုယ့်အလွန်မဖြစ်အောင်ပေါ့၊ သူတို့ရဲ့ရိုင်းစိုင်းမှုကို စံတစ်သက် ဘယ်တော့မှမမေ့တော့ဘူး၊ အဲဒီမှာသူစိမ်းတွေက စံ့အပေါ်အားလုံးကောင်းကြတယ်၊ သူတို့ကလွဲပြီးတော့ပေါ့၊ ပြီးတော့ တစ်မြို့လုံးမှာ စံ့ကိုမကောင်းလျှောက်ပြောတာ ပွထနေတာပဲ၊ ပညာတတ်တွေမဟုတ်တာရယ်၊ ဉာဏ်မပြည့်တာရယ်ပေါင်းပြီးတော့ သူတို့ကိုစံခွင့်လွှတ်လိုက်ပါတယ်၊ ရှေ့လျှောက်ပတ်သက်စရာလည်း မရှိတော့ဘူး''

''နောက်တစ်ကြိမ် အိမ်ထောင်ပြုဦးမှာလားစံ''

''ကြောက်တယ်၊ ပြီးတော့ စက်ဆုပ်တယ်၊ စံအပျိုဘဝနဲ့ သူတို့သားကိုယူခဲ့တာ စံ့လိုမိန်းမကိုရဖို့ သူနည်းအများကြီးသုံးခဲ့တာနော်၊ အဲဒါတောင် မတူမတန်သလို အိမ်ကမောင်းချခံရတယ်၊ အကျိန်ခံရတယ်၊ တံတွေးထွေးခံရတယ်၊ နောက်တစ်ကြိမ်မှာ ကြုံရတဲ့ယောက္ခမယောက်မဆိုပိုဆိုးမှာပေါ့၊ လူတွေက ကိုယ်ချင်းစာစိတ်ခေါင်းပါးတယ်၊ သိပ်ရက်စက်ကြတယ်၊ အင်းပေါ့လေ..သူတို့မှဆိုးမဖြစ်တာမှမဟုတ်တာ၊ စံဖြစ်တာပဲ၊ သေတာကို ဝမ်းမနည်းဘူးခွန်သင်၊ သေခါနီးမှာကြုံခဲ့ရတဲ့ပြဿနာတွေကြောင့် ကိုကိုသိပ်စိတ်ဆင်းရဲသွားတယ်၊ ဘယ်သူမှန်လဲ၊ မှားလဲဆိုတာ သူသိတယ်လေ၊ သူ့အမေကျေးဇူးကို သူ့အသက်နဲ့ ဆပ်လိုက်တာပါပဲ၊ အဲဒါကို ဉာဏ်မှီတဲ့လူတွေ သဘောပေါက်တယ်၊ အသဲသမားဒီလောက်ဗိုက်ဖောင်းပိန်ညှောင်နေတာကို





facility ပြည့်စုံတဲ့ ရန်ကုန်ကနေ တောကိုခေါ်ချသွားတာ၊ ပြီးတော့ ဘာဆေးမှမတိုက်ဘဲ ပယောဂနဲ့ကုသတဲ့''

''သူကလည်း ယုံတာပဲလား''

''ယုံတယ်၊ အစကတော့ စံအံ့သြနေတာ၊ ဒါပေမယ့် ဉာဏ်မပြည့်တဲ့မျိုးရိုးက ဒီကိစ္စတွေယုံတာ ဆန်းသလားခွန်သင်၊ အဲဒါမျိုးရိုးဗီဇပဲ၊ ဦးနှောက်နိမ့်တဲ့ အမေဆီက ဦးနှောက်နိမ့်တဲ့သားထွက်လာတာမျိုး ဆန်းတဲ့ကိစ္စမှမဟုတ်တာ၊ ပယောဂဆရာပုံစံပြောပြရဦးမလား၊ အသားကမဲနက်နေတာ၊ မျက်စိတစ်ဘက်လပ်နဲ့၊ ဆံပင်ကောက်ကောက်၊ ခြေတစ်ဘက်ဆာသေးတယ်၊ သမားဂုဏ်အင်္ဂါနဲ့ ပြည့်စုံတယ်သိလား၊ အဲဒါကို တစ်မိသားစုလုံးထိုင်ကန်တော့ကြတာ''

''ဟား...ဟား...စံတော့ တစ်ကယ့်တစ်မတ်တွေနဲ့ သွားတိုးတာပဲ''

''တစ်မတ်တောင်များသေးတယ်၊ တစ်ပြားပဲရှိချင်ရှိမှာ၊ မြင်ရတဲ့ဟာထက်မမြင်ရတာကို ပိုယုံကြတဲ့လူ့သဘာဝပဲလေ၊ စံတော့ အဲဒါတွေကိုကိုယ်တွေ့ကြုံခဲ့ရလို့သာ ကိုယ်တွေ့မကြုံရင် ဝတ္ထုလို့ပဲအောက်မေ့မှာ...တစ်တယ့်ဘဝထဲမှာရှိတဲ့ အကြောင်းအရာတွေက ဝတ္ထုထက်ဆန်းသေးတယ်''

''စံ မငိုဘူးလား''

''စိတ်နာတာတွေများပြီး ငိုချင်တဲ့မျက်ရည်က ထွက်ကိုမလာတော့တာ အလောင်းမြေချတဲ့အချိန်ကတော့ တော်တော်စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်္ဂလာဆောင်တုန်းကဝတ်တဲ့ ပိုးပုဆိုးနဲ့အင်္ကျီလွှမ်းခိုင်းတာ ထည့်မပေးကြဘူးသိလား၊ ပြီးတော့ ကိုကိုရဲ့ကျောပိုးအိတ်၊ ခုထိပြန်မပေးကြဘူး။ အဲဒီထဲမှာ ကိုကို့ဒိုင်ယာရီပါတယ်၊ ဒိုင်ယာရီထဲမှာ လိပ်စာတွေရှိတယ်လေ၊ အကြောင်းကြားသင့်တာကြားဖို့ပေါ့၊ အဲဒါ ပြန်မပေးဘူးတော့၊ ကိုကိုများ သေတာခွေးသေဝက်သေပဲ၊ သူများတွေက ရန်ကုန်ကို ဆေးတက်ကုတယ်၊ သူကတော့မှာပယောဂနဲ့ကုသတဲ့။

ပြီးတော့ သူတို့အရက်သမားတွေခေါ်ပြီး ဗိုက်ခွဲပစ်လိုက်တာ၊ အထဲမှာအသဲက အကောင်းကြီးပေါ့၊ အဆုတ်ကမွနေတာ၊ သူ့သားက အသဲဆေးမှားပေးလို့ သေတာပါလို့ မအေရောအစ်မရော လာသမျှလူကိုပြောတာ"

"ဆေးပညာကို နှစ်ချီသင်လာတဲ့ ဆရာဝန်ခွဲတာမဟုတ်ဘဲနဲ့ အရက်သမားတွေက ဘယ်လိုလုပ်သိမှာလဲ၊ abnormality (ပုံမှန်မဟုတ်)တွေလား Normal (ပုံမှန်)တွေလားသိရအောင် သူတို့က ဆေးပညာကို ဘယ်လောက်သိလို့လဲ၊ တစ်ကယ့် Stupid တွေပဲ"

"လူလည်းသေပြီ ခွန်သင်၊ ပြောလို့လည်းအကြောင်းမထူးဘူး"

"ဟုတ်တယ်စံ - နင်ဆက်ရှင်သန်ရမယ်နော် - နင့်အသက်အခု မှငယ်ငယ်လေးရှိသေးတာ"

"စံ နှစ်ဆယ့်လေးနှစ်ပြည့်ပြီးတာ ရက်ပိုင်းပဲရှိသေးတယ်"

"အဲဒါပြောတာပေါ့၊ ရှေ့မှာတက်လမ်းတွေ အများကြီးပဲ၊ ကိုယ့်ဂုဏ်သိက္ခာနဲ့ ကိုယ်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်လည်းဖြစ်နေပြီ၊





ဒေါ်ပင်မြင့်စံဆိုတာ နာမည်တစ်လုံးနဲ့နေတာ ဒီလိုဖြစ်နေရမယ်"

"ခွန်သင် သဇင်ဆိုတာ နွမ်းသွားရင်တောင် သဇင်ဥက တန်ဘိုးရှိသေးတာပဲ၊ စံတော့လေ...ရှေ့ဆက်လျှောက်မယ်၊ ကဲ့ရဲ့တာ၊ အထင်သေးတာတွေ စံခေ့ထားတယ်၊ စံ့ဘဝမှာ ဦးတနိုင်းခဆိုတာ ဘယ်တုန်းကမှမရှိခဲ့ဖူးတဲ့ လူတစ်ယောက်ပဲ၊ စံသူသေမှသိတာ၊ သူ့ကိုစံသိပ်စိတ်နာတယ်ခွန်သင်၊ လင်ယောကျ်ားတစ်ယောက်အနေနှင့် စံ့ကိုသူဘာမှကာဘာလုပ်မပေးနိုင်ဘူး၊ သူ့မိဘတွေ၊ အစ်မတွေစော်ကားတာ ငြိမ်ခံနေတာတွေ့တော့ သူကကျေးဇူးတင်ပါတယ်တဲ့၊ သူသာသေမယ့်လူမဟုတ်ခဲ့ရင် စံတို့အိမ်ထောင်ရေး သက်တမ်းမရှည်ဘူးသိရဲ့လား၊ အနေးနဲ့အမြန်ကွဲမှာပဲ၊

သူသေသွားတာကလည်း ကောင်းပါတယ်၊ ဝေဒနာမခံစားရတော့ဘူး၊ နို့မို့ဆို အိပ်ရာထဲမှာပက်လက်၊ အစားလည်းမဝင်၊ ဟား..သိပ်စိတ်ဆင်းရဲစရာပဲ၊ စံစိတ်ဆင်းရဲလွန်းလို့ သူ့နားကိုမကပ်ချင်ဘူး၊ မကပ်ဘူး၊ တစ်အားလည်းနံ့တာပဲ၊ ပြီးတော့ ဝမ်းသွားလည်း ဒီနေရာ၊ ဆီးသွားလည်း ဒီနေရာဆိုတော့ ပိုဆိုးတာပေါ့၊ စံသူ့ဒုက္ခခံခဲ့ရတာ အများကြီးပဲ၊ ရက်နှစ်ဆယ်လောက် မသေခင်ပြုစုရတာကို သူ့အစ်မက အရပ်ထဲလှည့်ပြီးကြွားတာ၊ သူကဘယ်လိုလုပ်ပေးရတယ်ဘာညာပေါ့၊ ဆေးရုံမှာတစ်ညပဲစောင့်အိပ်တာ၊ သူ့လိပ်ပြာသူမရှက်ဘူး၊ စံကတော့ ကိုယ့်လိပ်ပြာကိုယ်သန့်တယ်၊ ဒါကြောင့် လူတွေတစ်နေ့စံ့ကို အမြင်ရှင်းသွားမယ်လို့ ယုံတယ် ခွန်သင်...စံမတော်လို့ နောက်တစ်ကြိမ် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်များကျခဲ့ရင်လေ တစ်ကောင်ကြွက်ပဲလက်ထပ်မယ်၊ အမေတွေ၊ အစ်မတွေရှိတဲ့လူ လုံးဝမစဉ်းစားဘူး၊ လောကမှာ အစဉ်အဆက်က ရှိခဲ့တဲ့စကားတွေ ဘယ်တော့မှမမှားဘူး၊ ယောက္ခမတို့ယောက်မတို့ ဆိုတာ ဘယ်တော့မှမကောင်းဘူး၊ အဲဒါစုံဘဝနဲ့ရင်းပြီးသိခဲ့တဲ့ အဖြေပဲ''

* * * * *





စံသည် မင်္ဂလာဆောင်နေ့ကဝတ်သော ဇာဝမ်းဆက်ကို တွေတွေ စိုက်ကြည့်မိရာကနေ ရင်ဘတ်ထဲကအောင့်လာသည်။

မင်္ဂလာဧည့်ခံပွဲဓါတ်ပုံများသည် ယခုစံနှင့်ဘာမှမဆိုင်၊ ဓါတ်ပုံ အထဲက သတို့သမီးသည် ပြုံးနေ၏။ ဓါတ်ပုံထဲက သတို့သားသည် ယခုအချိန်မှာ တစ္ဆေတစ်ကောင်ဖြစ်ချင်ဖြစ်နေမှာ။

တစ်ကယ်တော့ ဘာများအဓိပ္ပါယ်ရှိခဲ့သလဲ၊ လူနှစ်ယောက် မင်္ဂလာဆောင်တန်းက ပြုံးပျော်ခဲ့သော သူမိဘမျက်နှာတွေရဲ့ ရက်စက် ကြမ်းကြုတ်မှုကို စံတွေးတိုင်း စိတ်နာသည်။

ဩော်…သူတို့မွေးထားတဲ့ သွေးမှမဟုတ်တာ။

''သမီး''

ခေါ်သံကြောင့် စံအခန်းဝဘက်ကို ဖြည်းညှင်းစွာ လှည့်ကြည့် သည်။

''မေမေ''

''အစားထိုးလို့ရတဲ့ကိစ္စတွေကို ပြန်တွေးပြီး ကိုယ့်စိတ်ကို ဒုက္ခ ရောက်အောင်မလုပ်နဲ့စံ''

စံ့လက်ထဲမှ အင်္ကျီတွေကို ဗီရိုအောက်ဆုံးဘပ်ထဲသို့ မေမေက ပစ်ထည့်လိုက်သည်။

''မေမေကိုယ်တိုင် ခံစားခဲ့ရတာတွေကို မေမေသူများထက်ပို နားလည်တယ်သမီး''

''မာနနဲ့သာတင်းခံနေတာပါ မေမေလင်ယောကျ်ားတစ်ယောက် ဆုံးထားတာ စိတ်ထဲမှာ အရှမ်းထိခိုက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ အသက်ငယ်ငယ်လေးရှိသေးတာ၊ အခုသူ့မိဘလက်ထဲသွားသေတယ်၊ ဘာဖြစ်လဲ၊ သူတို့ကျေနပ်တာပဲ၊ မသေသင့်ဘဲသေတာကို သူတို့နားလည်မှာမဟုတ်ဘူး၊ သူတို့မှာ ဒီတစ်ယောက်ထဲအကြောင်းပါလာတာ အခုသေသွားပြီ၊ အစားထိုးလို့မရဘူး၊ သမီးကအစားထိုးလို့ရတယ်၊ သမီးရယ်...လင်ယောကျ်ားဆိုတာ မှန်ပါတယ်၊ လွှမ်းသင့်တဲ့လင်ယောကျ်ားရှိတယ်၊ မလွှမ်းသင့်တဲ့ လင်ယောကျ်ားရှိတယ်၊ သူ သမီးအပေါ်မှာ ဘယ်လောက်ထိအနိုင်ယူသွားခဲ့လဲ ဟင်..သူတင်မကဘူး၊ သူ့မိဘအသိုင်းအဝိုင်းကပါ အနိုင်ဝိုင်းကျင့်ကြတာ၊ ဒီလိုယောကျ်ားမျိုးကို လွှမ်းသင့်သလား၊ လွှမ်းရလောက်အောင်တန်ဘိုးရှိသလား၊ မုဆိုးမဆိုတဲ့ နာမည်တစ်လုံးပဲ သမီးရလိုက်တာပါ။ ဒီကနေ့ သူ့လုပ်ငန်းကို သမီးဉာဏ်နဲ့ဆက်လုပ်လို့ လည်ပတ်နေတာသမီးခွန်အားရှိလို့ လုပ်နိုင်တဲ့ ကိစ္စတွေချည်းပဲ၊ ငါ့သမီးအပျိုဘဝနဲ့ဘာမှသိပ်ထူးတာလည်းမဟုတ်ဘူး၊ ကိုယ်သာတော်နေပါစေ မုဆိုးမဆိုတဲ့နာမည်ကို အရည်အချင်းနဲ့ ဖျောက်လို့ရတယ် သိရဲ့လား၊ သူ့ကိုသတိရနေလို့ အပိုပဲ၊ မေမေဆို ဆရာဝန်မတစ်ယောက်ဖြစ်တဲ့အတွက် ဘယ်ယောကျ်ားမှ မုဆိုးမဆိုပြီး မထီလေးစားမလုပ်ရဲဘူး။ မေမေပြောတာ သဘောပေါက်လားစံ"

"သဘောပေါက်ပါတယ်မေမေ"

စံ့ရဲ့ဘဝမှာ သတ္တုရာဇ်နှစ်ခုစာ တစ်ကယ်ဆုတ်ဖြဲပစ်လိုက်ချေပြီ။

* * * * *





ကောင်းကင်သည် ပြာလွင်စွာတောက်ပနေသည်။ နေကလည်းခြစ်ခြစ်တောက်ပူနေတာပါပဲ၊ အပူတွေ...။

ဒီအပူတွေကို တစ်ချိန်တုန်းက သူမနဲ့ကိုကို ဝရန်တာမှာအတူထိုင်ရင်းငြိမ်းသတ်ခဲ့ကြဖူးသည်။ အပူတွေဘယ်ကစတောက်လောင်သလဲ၊ သူမ အသေအချာမသိပါ။ သေချာတာက အပူတွေလွတ်ကင်းရန်ရည်ရွယ်၍ သူမအိမ်တစ်လုံးဆောက်ခဲ့ဖူးသည်။ သူမရဲ့အိမ်သည်ကိုကိုဟုခေါ်သော လူတစ်ယောက်ရဲ့ ရင်ခွင်ပင်ဖြစ်သည်။

သူမက ဘရစ်တနီစပီးယားနဲ့ ခရစ်တီးနားအဂွီလာကို နှစ်ခြိုက်စွာနားထောင်တတ်ချိန်မှာ ကိုကိုသည် ဒီလိုအပူတွေကို တစ်ယောက်တည်းထမ်းခဲ့လိမ့်မည်။

အရုပ်ငါးပေနှစ်လက်မသာရှိသော ကိုကို့ကို သက်ညှာစွာ ကြိုးသိုင်းဖိနပ်အမြင့်တွေစီးလေ့ရှိသော သူမသည် ထိုဖိနပ်များကို ဖိနပ်စင်



www.burmeseclassic.com

www.burmeseclassic.com



တွင် သိမ်းထားခဲ့ပြီး ကိုကိုသဘောကျသည့် ခြေညှပ်ဖိနပ်ပါးများကို စီးခဲ့သည်။ ကြိုးသိုင်းဖိနပ် အမြင့်တွေစီးရင် ကိုကိုအရပ်ပုသွားမှာစိုးတယ်လေ။

ကိုကိုကြိုက်တဲ့ သူမဆံပင်ညိုညိုရှည်ရှည်တွေကိုလည်း ခေါင်းစည်းကြိုးလှလှများဖြင့် သူမစည်းနှောင်ကာ ကိုကိုမကြိုက်သော မျက်နှာပြင်ဆေးခြယ်ခြင်းကို ရှောင်ခွါခဲ့သည်။ နှုတ်ခမ်းနီကို အသေအချာကြိုက်တဲ့သူမသည် Black cherry ရောင်နှုတ်ခမ်းနီကို မြင်ရင် ကျောနိုင်းပစ်လိုက်တော့တာပဲ။

ကိုကိုသည် ပန်းတစ်ပွင့်ကို ဘယ်လိုပြုစုပျိုးထောင်ရမယ်ဆိုတာ နားလည်တတ်ကျွမ်းခဲ့သူဖြစ်သည်။ သူမကမူ ပန်းတစ်ပွင့်မဖြစ်ချင်ခဲ့ပေ။ သူမသည် ဖြစ်ခွင့်ရလျှင် ဓါးတစ်ချောင်းသာ ဖြစ်ခွင့်ရချင်သူဖြစ်သည်။

"ကိုယ်က မင်းအတွက် လှေခါးထစ်လုပ်ပေးချင်တယ်"

သူမလက်သူကြွယ်တွင် အသဲလေးခုပါသော လက်စွပ်ပါးပါးလေးကို ဝတ်ပေးခဲ့ပြီး ထိုသို့ဆိုလာသူထံတွင် သူမကျရှုံးသွားတော့သည်။

သူမသည် ဓါးတစ်ချောင်းလို ထက်ရှအောင်ကျင့်ထားခဲ့သော်လည်း ပန်းပွင့်လိုနူးညံ့တဲ့ချစ်ခွင့်တောင်းမှုအား သည်ပြိုင်၍ ခုတ်ရန် ဘယ်လိုမှ သတိမရတော့။ အဲဒါပဲ၊ မိန်းမဆိုတာ…ခြေရင်းမှာ ဝပ်စင်းလာခဲ့သူအား အားနဲ့ပျော့ညံ့ေ ာအချိန်တွင် လိုအပ်ကြတာပဲ။





သူမသည် အသက်အရွယ်နှင့် မလိုက်အောင် များပြားသော စိတ်ဖိစီးမှုများကို ရင်ဆိုင်ရသူဖြစ်သည်။

ကိုယ့်ဘဝကို နားလည်၊ ကိုယ့်ကိုနားလည်။ ဒီလိုလူဟာ သူမ လက်ထပ်သင့်သောလူပဲ၊

သူမဟာ ယောကျာ်းတစ်ယောက်စိတ်ဓါတ်နဲ့ ယောကျာ်းတစ်ယောက်ကိုလပ်ထပ်ခဲ့သည်။

ရွှေ၊ ငွေ၊ တိုက်တာ၊ ကား အားလုံးကို ဖန်တီးနိုင်သောစွမ်းရည်သည် ယောကျာ်းတစ်ယောက်ကို လက်ထပ်ခြင်းမှ ဖြစ်ပေါ်လာလိမ့်မည်ဟု သူမဘယ်တုန်းကမှ မထင်ထားခဲ့။

သူမသည် တစ်ယောက်တည်း ရင်ဆိုင်ရတာ မောလာချိန်မှာ ကမ်းလိုက်တစ်ဘက်ကို မှီခိုခဲ့ခြင်းဖြစ်လေသည်။

သို့ရာတွင်–

မထင်မှတ်ဘဲ…

မထင်မှတ်ဘဲ…

ဘဝမှာ ဖြစ်ချင်ရက် ပျက်တာတွေ သူမကြုံရလေသည်။

အနာဂါတ်ကို ဇယားခွက်ထဲ ထည့်တတ်သောသူမ၊ ထိုဇယားကွက်ကို ဘိုင်လျှပ်သော သေခြင်းတရားဟူသည့် လက်မဲကြီးတစ်ဘက်ကို ဖြုန်းခနဲ ရင်ဆိုင်လိုက်ရသည်။

လူတစ်ယောက်ရဲ့ အသက်လောက် တန်ဘိုးကြီးတာမရှိတော့။

"ကိုကိုတို့ တိုက်စရာရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဘာကို တိုက်ချင်တာလဲ၊ ကိုကိုမရှိဘဲနဲ့ သူမဘာကိုမှ တိုက်ချင်စိတ်မရှိ။ သူမလဲကျချင်ခဲ့ပြီ။

မျက်ဝန်းက မျက်ရည်မထွက်သော်ငြားလည်း သူမနှလုံးသားတွေ ကွဲအပ်နေတာ ဘယ်သူမှမသိ။ သူမသည် နှစ်ယောက်တစ်ဘဝဟူသော အိပ်မက်ဖြင့် လက်ထပ်ခဲ့သည်။ သူမဆောက်ခဲ့သော အိမ်ကလေးသည် လက်မဲကြီးဖြင့် ဖမ်းယူဆုပ်ခြေမွခံလိုက်ရလေပြီ။ အားလုံးတစ်စစီ။

"ဘဝဟာ တစ်စစီဆက်စပ်ထားတာပဲကိုကို…နော်…"

သူမသည် လွင့်ပျံ့ထွက်နေသော အိပ်မက်အပိုင်းအစများအား လိုက်လံစုစည်းလျှက်ရှိသည်။ နောက်ကာလ ဘယ်လောက်ကြာဦးမှာ လဲမသိ၊ သူမ မပြောနိုင်။

လူများက ငယ်သေးတာပဲ ဟူသောစကားဖြင့် ကိုကို့ကိုမေ့သွား စေချင်ကြသည်။

မေ့ထားဖို့ဆိုတာ သူမအတွက် ဘယ်လိုမှမဖြစ်နိုင်။ ဘဝမှာ အိပ်မက်တစ်ခုကို နှစ်နှစ်တိတိမက်ဖူးတဲ့သူမဟာ အကျိုးအပဲ့များကို စုစည်းရင်း တစ်စုံတစ်ရာပြန်လာရလာဖို့ ပုံဖော်နေဆဲဖြစ်သည်။

အဲဒီအရာဟာ ဓါးတစ်ချောင်းလည်း ဖြစ်နိုင်တာပဲ။

သူမကို ဆုပ်ကိုင်ဦးမည့် ဒုတိယမြောက် လက်တစ်စုံကို သူမ မလိုအပ်ပါ။ သူမရဲ့ချစ်သူသည် သူမဘဝထဲမှ အရင်ထုတ်ထားခဲ့ပြီး ပြီ။

လင်သားက အရင်ထွက်သွားခဲ့ပြီးပြီ။





လင်သားသည် သူမဘဝအတွက် ကိုကိုတစ်ယောက်တည်းသာ ဖြစ်သည်။ သူမသည် နဂိုကတည်းက လက်ထပ်ခြင်းကို အငယ် အကြည် မရှိခဲ့ရာ ယခုတော့ ပိုဆိုးနေသည်။

ကိုကိုသာရှိနေခဲ့ရင်ဆိုသောအတွေးမျိုးသည် သူမစာသင်သော အချိန်တွင်လည်းကောင်း၊ အလုပ်လုပ်နေသောအချိန်တွင်လည်းကောင်း ဝင်ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် ကျလုဆဲဆဲမျက်ရည်ကို ထိန်းချုပ်ပြီး သူမစိတ်ကို တင်းရလေသည်။

လူတွေစိတ်ဝင်စားတာ သူမဘဝကို ဘယ်လိုအင်အားနဲ့ ပြန်လည် တည်ဆောက်မယ်ဆိုသော ကိစ္စမဟုတ်ချေ။

သူမအတွက် မုဆိုးမဟူသောဘွဲ့အမည်နဲ့ ဘာတွေများလဲလှယ် ရရှိလိုက်သလဲဆိုသောအရာကိုသာ စိတ်ဝင်စားကြတာများသည်

ဘာတွေ ဘယ်လောက်ရလိုက်လဲ။

လူတွေဟာ မိန်းမတွေကို ကုန်ပစ္စည်းတစ်ခုလို တယ်သဘောထား ကြတာပဲ။ လင်ယူလျှင် ဘယ်လောက်တင်တောင်းသလဲ။

လင်သေလျှင် ဘယ်လောက်ကျန်သလဲ။

သူမသာ ယောကျာ်းတစ်ယောက်ဖြစ်ခဲ့မယ်ဆို လူပျိုကြီးပဲဖြစ် မှာသေချာလှသည်။ ငွေနဲ့ မိန်းမတစ်ယောက်ကို မဝယ်ယူချင်ပါ

အဖြစ်အပျက်နောက်က ငွေကြေးကိုသာ စိတ်ဝင်တစားမေးမြန်း ကြပြီး အဖြစ်အပျက်နောက်က တကယ်ထိခိုက်ခံစားရသော စိတ်ခံ ချိနဲ့မှုကို ဘယ်လိုလူကမှ ကိုယ်ချင်းမစာခဲ့ပေ။

www.burmeseclassic.com



သူမသည် သနားခံရမှာ ကြောက်သည်။

သူမက ကိုယ့်အရည်အချင်း ကိုယ်ယုံကြည်သောမိန်းမဖြစ်သည်။ ဒ်ကို တချို့က မိုက်ရူးရဲတယ်၊ တချို့က ခေါင်းမာတယ်။ ကောင်းပြီ၊ သေဖန်တဲ့သူတွေဟာ သူမကို ငွေကြေးတစ်စုံတစ်ရာထောက်ပံ့မှာလား။ ပေးပါသေးတယ်။

ပြီးတော့ ပြဿနာကို တစ်ဦးတည်းရင်ဆိုင်တတ်တဲ့ မိန်းကလေးတစ်ယောက်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ ကိုယ့်အားကိုယ်ကိုးတတ်တဲ့ မိန်းကလေးတစ်ယောက်ကို ကိုကိုနဲ့လုပ်ငန်းတူ လူတစ်ချို့က အားမနာဘဲ နွားတစ်ကောင်အရောင်းအဝယ်လို နောက်ကွယ်မှာ သူမရဲ့ နောက်ထပ်လက်ထပ်သတင်းကို စိတ်ဝင်စားနေကြပြန်သည်။

မုဆိုးမဆိုတာကို ကြဲရာလူလက်ထဲထည့်လို့ရတဲ့ ပန်းအစွမ်းလို သူတို့သဘောထားပုံရသည်။ ဆိုက်ကားဆရာတို့၊ ပန်းရံသယ်တဲ့လူတို့နဲ့ပေါ့လေ။

သူမရဲ့စိတ်ဓါတ်၊ အရည်အချင်း၊ ပညာရေး ဘာတစ်ခုမှထည့်မတွက်ဘဲ သူမကို ဒလိမ့်ကောက်ကွေးကျဆုံးချင်နေကြသည်။ လူတောရဲ့စိတ်ဓါတ်ဟာ တော်တော်အောက်တန်းကျတာပဲ။

မုဆိုးမတစ်ယောက်အပေါ်မှာ ဘာစာနာထောက်ထားမှုမှမရှိကြတော့ဘဲ တတ်နိုင်လျှင် အပျက်မတစ်ယောက်တောင် ဖြစ်သွားစေချင်ကြသလား မပြောတတ်ပါ။ လူမှုပတ်ဝန်းကျင်သည် ညစ်ပတ်စုတ်ပဲ့လှသည်။





ဒီအသိုင်းအဝိုင်းမှာ သူမခေါင်းမော့နိုင်ဖို့ မနည်းအရှိန်ယူရဦးမည်။ ယောက်ျားတစ်ယောက်ကို ဂုဏ်သိက္ခာရှိရှိ လက်မှတ်ရေးထိုးလက်ထပ်ထားတဲ့မိန်းမမျိုးဟာ ထိုယောက်ျားရောဂါဖြင့် သေဆုံးပြီးသည့်နောက်တွင် တံတွေးခွက်ထဲ ပက်လက်မျောသင့်ပါသလား။ ဖြေကြပါ။

ကံစီမံရာ ကနေရတဲ့ဘဝဇာတ်သားတွေချင်းအတူတူ ဘာကြောင့်သူမကို ကျဆုံးချင်စေတာလဲ။ သူမတည်ရှိနေခြင်းဟာ လူ့လောကအတွက် ဘာများအကျိုးယုတ်စေသလဲ။ ကဲ···အသက်ရှင်စဉ်က လူတွေအပေါ်ကောင်းခဲ့တဲ့ကိုကို သူမရှိသောအခါ လူတွေရဲ့ စက်ဆုပ်ဖွယ်ရာပြောင်းလဲခြင်းများကို သူမခံစားနားလည်ရသည်။

သူမသိပြီး မမြင်ခဲ့သောအရာများကို ကိုကိုသည် အသက်နှင့်ရင်း၍ ပြသွားခဲ့သည်။

"မင်းဟာ ကိုယ်ထင်ထားတာထက် ပိုမာကျောတယ်"

သူမအပေါ်မှာ ကိုကိုမှတ်ချက်ချထားတာ သိပ်တင်းမာတာပဲ။ ကိုကိုသူမကို နားလည်မသွားခဲ့ပေ။

အချစ်ဆိုသောအရာကို သူမဘယ်တုန်းကမှ အပြည့်အဝမယုံကြည်ခဲ့တာကို ကိုကိုက အလေးအနက်မထားဟုထင်သည်။

သူမသည် အချစ်ကို ခွဲခြမ်းနေသောအချိန်မှာပင် လက်ထပ်ဖြစ်ခဲ့တာမဟုတ်လား။

"မင်းဟာ လူတစ်ယောက်ကို စကားလုံးတွေနဲ့ နှိပ်စက်တတ်တဲ့မိန်းမပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် လူတစ်ယောက်ကို တစ်ကယ်ပဲ စကားလုံးများနှင့် နှိပ်စက်တတ်လေသည်။ အဘယ်ကြောင့်ဆိုသော် လူတွေရဲ့သဘောထားသည် သူမအပေါ်မှာ မြစ်တစ်စင်းလို ကွေ့ကောက်လျှင် သူမအခွဲတမ်း စောစောစီးစီးသိတတ်လေသည်။ သူမရဲ့အကာအကွယ်သည် သူမရဲ့စကားလုံးများဖြစ်သည်။ လင်သေမုဆိုးမသည် မြန်မာစကားတွင် အဆော်ကလေး လူကြားမကောင်းသော အမည်နာမတစ်ခုဖြစ်သည်။

ဘာကြောင့်ပဲ မုဆိုးမဖြစ်ပစေ မုဆိုးမဖြစ်သွားတာနဲ့ လူမှုပတ်ဝန်းကျင်က ဘောင်ခတ်ပစ်ကြတော့သည်။

သူမသည် ဘဝကို အမြင်ကျဉ်းများနှင့် ဘောင်ခတ်မှာကို မကြောက်၊ သို့ရာတွင် ဝဏ်သိက္ခာကို အဆင့်တစ်ခုထိ ဆွဲချခံရမှာ အလွန်အမင်းထိတ်လန့်သည်။ သူမဘဝတစ်ခုကို တည်ဆောက်ခဲ့ရာ သမ်းခုလတ်မှာပင် ပြိုကျပျက်စီးသွားခဲ့သည်။

ဂျာနယ်ကျော်မမလေးဟာ သူလိုလူ့ဝတ္ထုကိုရေးတဲ့အချိန်မှာ ဘယ်လိုစိတ်ဓါတ်ကြံ့ခိုင်မှုမျိုးထားခဲ့သလဲ။ သူမတွေးကြည့်မိသည်။

တော်တော်ကြေကွဲစရာကောင်းတဲ့ အချစ်ဇာတ်လမ်းတွေ ဘာလို့ ရှိနေရတာလဲ။ ပျော်ပျော်ရွှင်ရွှင်နဲ့ လူတွေအသက်ရှင်နေတာ အဓိပ္ပါယ်မရှိလို့လား။

ကိုကို့အသုဘချချိန်တွင် အော်လံမှ

"ငါ့ထက်ကြီးသူ များဗိုလ်လူ၊ သေသူများလှပြီ၊ ငါနဲ့တန်းတူများဗိုလ်လူ သေသူများလှပြီ၊ ငါလည်းနောက်လူ သေမည့်သူ ပြင်ဆင်ထားရမယ်"





ယနေ့အသက်လေးဆယ်ရှိပြီဖြစ်သော ဦးတနိုင်းခန့် ရုပ်ကလပ်ကို သင်္ချိုင်းသို့လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်မန္တကပြုအပ်ပါသည်။

ဒီလိုအသံတွေကို သူမရှုံမုန်းလှသည်။

သူမခင်ပွန်းသေတာကို အသံချဲ့စက်နဲ့ အော်နေတာဟာ သူမနှလုံးသားတွေကို တစ်စစီဆွဲဖြဲနေတာနဲ့ အတူတူပဲ။

သူမသည် ကိုကို့အလောင်းမြေကျချိန်တွင် စိတ်ကိုတင်းထားပြီး ငိုခဲ့သည်။ ကိုကိုသည် သူမအချစ်နဲ့ထိုက်တန်သောသူမဟုတ်ကြောင်း မသေခင်ရက်နှစ်ဆယ်မှာ သူမသိခဲ့သည်။ ဦးနှောက်အဆင့်အတန်းသည် နေမကောင်းချိန်မှာ နိမ့်ပါးသွားတတ်သလား၊ ဆုံးဖြတ်ချက်တွေဟာ နေမကောင်းချိန်မှာ ဝေခွဲမရဖြစ်တတ်လား၊ ဘာပဲဖြစ်ဖြစ် တိကျပြတ်သားတဲ့လူတစ်ယောက်ကို သူမလက်ထပ်ဖြစ်ခဲ့သည်ဟု ထင်သမျှမှားခဲ့သည်။

သွေးဖောက်စစ်ထားတဲ့ အဖြေထက် ဟိုယောင်ယောင် ဒီယောင်ယောင် ဘိုးမင်းခေါင်လိုင်းက ခပ်ရူးရူးလူတစ်ယောက် ပေါက်ကရပြောတာကို ယုံမှတ်မှား၍ သူမဆေးရုံသို့ပြန်ခေါ်ရန် ကြိုးစားမှုကို လက်မခံခဲ့သောကိုကိုသည် သူမရင်ထဲမှအချစ်ကို သေမည့်အချိန်မှာ လုံးဝရမသွားခဲ့ပေ။

သူမသည် ဉာဏ်ရည်မြင့်မား၍ ဆုံးဖြတ်ချက်မှန်ကန်လိမ့်မည်ဟု ထင်ခဲ့သမျှ မှားယွင်းသွားခဲ့သောအခါ ကိုကို့ကို လုံးဝစိတ်ပျက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



“အရူးပဲ…ရှင့်လောက်ရူးတာ မရှိတော့ဘူး၊ ဒီလိုရူးမှန်းသိရင် အစက လက်ထပ်ဖို့ လုံးဝမစဉ်းစားဘူး”

မသေခင်မှာ အကြိမ်ကြိမ်ရန်ပွဲဆင်ရင်း သူမနှုတ်မှ အဲဒီစကား တစ်ခွန်းသည် ကိုကို့ရင်ကို သွေးလူးစေခဲ့သည်။

ကိုကို သူမကိုလက်ထပ်စဉ်မှာဆိုခဲ့သည်။

“မင်းမချစ်တာအရေးမကြီးဘူး…ကိုယ်ချစ်ရင်ပြီးတာပဲ”

အခုလို သူ့ကိုယူဖို့စဉ်းစားတာ မှားတယ်ဟု တိကျနိုင်မာသော ပြောဆိုချက်ကို ဘယ်မှာခံနိုင်လိမ့်မည်နည်း။

ငွေချမ်းသာလို့ လက်ထပ်ခဲ့တာမဟုတ်သော သူမဘက်ကရော သူမသည် အလုပ်တစ်ခုကို စဉ်းစားပြီးမှ ဆုံးဖြတ်သည်။ ဆုံးဖြတ်ပြီး မှားသွားလည်း တစ်ယောက်တည်းရင်ဆိုင်သည်။ အဲဒါ သူမရဲ့ ကိုယ့် ကိုကိုယ်ယုံကြည်မှုပင်ဖြစ်လေသည်။ ယုံကြည်ချက်ခြင်း တိုက်ခိုက် တဲ့ပွဲမှာ ကိုကို့အသက်သည် အပေါင်ပစ္စည်းဖြစ်သည်။ သူသည် သူ့ ယုံကြည်ချက်များကြောင်း လက်ခံခဲ့သည်မှာ ဆုံးခါနီး ခြောက်ရက် အလိုမှာဖြစ်သည်။

“ကိုကို ဆေးရုံပြန်တက်ဖို့ Chart တွေယူလာခဲ့”

သူမကို တခြားအကြောင်းပြချက်များ ခေါင်းစဉ်တပ်ကာ လျှို့လျှို့ ဝှက်ဝှက်ဖြင့် ထိုစကားကိုမှာသည်။ အသက်မမှီတော့မှန်းသိသော သူမသည် သူ့ကိုခေါင်းညိတ်ခဲ့ပါသည်။ သို့သော် တတိယရက် သူမ မရှိချိန်မှာ သူဘဝတစ်ပါးသို့ပြောင်းလဲသွားလေပြီ။ သိစက





သူမရင်တွေ တင်းကျပ်ကာ စကားပြောမရခဲ့၊ အဲဒီအချိန်မှာ ခံစားရ တဲ့အရှိန်သည် သူမနှလုံးကို အညှာကဆွဲဖြုတ်သလိုပါပဲ။ ကိုကိုမရှိ တော့ပြီ။

ဒါတကယ်ဖြစ်သွားခဲ့ပြီ…၊

ဘုရားရေ…။

သူမဘာလို့မျက်ရည်ကျတာလဲ၊ မငိုရဘူး၊ ဒါဟာ အနိုင်ပဲ၊ ကိုကို့ ဟာ သူမှားသွားတဲ့အကြောင်းကို နောင်တတွေနဲ့အတူ သေဆုံးသွား တာ။

သူမသိသားပဲ။ မျှော်လင့်ထားပြီးသားပဲ။

ဒါပေမယ့် ရခဲ့သောအနိုင်အတွက် သူမကြေကြေကွဲကွဲခံစားရ သည်။

“နောက်ဆယ်ရက်လောက် ပယောဂဆရာက စောင့်ပါတဲ့”

မျက်စေ့တစ်ဖက်လပ်၊ အသားမဲမဲ၊ ခြေတစ်ဖက်ဆာ၊ ပိန်ညှောင် ညှောင်၊ လူ့ကျက်သရေတုံးသော ပယောဂဆရာသည် ကိုကိုသေဆုံး သွားချိန်မှာ-

“ကိုးလ၊ ကိုးပတ်၊ ကိုးရက်ပြည့်လို့ သေသွားတာ” ဆိုပဲ တော်တော်ရယ်ရတဲ့လူ။ သူမသည် အဓိပ္ပါယ်မရှိသော အတွေးအခေါ် တွေနဲ့ သိပ္ပံနည်းကျ ဆေးရုံတင်ဖို့ တိုက်ပွဲဆင်ခဲ့သည်။

ရက်နှစ်ဆယ်သည် ဘဝမှာ ဘယ်တော့မှ မေ့မှာမဟုတ်သော အဆိုးဝါးဆုံးကာလဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



80 Days around the world ထက် ယောက္ခမနဲ့ ယောက်မရဲ့ အခွင့်ရတုံးတွယ်မပဟဲ့ဆိုသော စိတ်ဓါတ်များနဲ့ ရင်ဆိုင်တိုးခဲ့သော ထိုရက်နှစ်ဆယ်သည် ဘဝမှာကြေကွဲမှတ်တမ်းဖြစ်သည်။

မိဘ၊ သူငယ်ချင်း၊ ဘယ်သူ့ကိုမှ အသိမပေးဘဲ တစ်နယ်တစ်ကျေးမှာ လင်သားအသက်အတွက် သတ္တိရှိခဲ့သောသူမ ဘာများရခဲ့ပါသနည်း။

သူမသည် ဂုဏ်သိက္ခာရှိပညာတတ်တစ်ယောက်ဖြစ်သည်။ ထိုအရာတွေထက် သူမမက်မောခဲ့သောအရာမှာ ကိုကို့အသက်ဖြစ်လေသည်။ သို့သော်ကိုကိုမရှိတော့။

သူမပါးကို ချစ်စနိုးနမ်းတတ်သော လူတစ်ယောက်သည် ပယောဂဆရာရဲ့စနက်ကြောင့် လမ်းပျောက်ခဲ့လေပြီ။

ဉာဏ်မရှိသော လုပ်ရပ်များကြောင့် အသက်တစ်ချောင်း ဆုံးခဲ့လေပြီ။ သူမသည် လင်ယောကျ်ားအလောင်းကို ကန်တော့ရင်း သစ္စာဆိုခဲ့သည်။

သူမရဲ့စေတနာသည် မှန်ကန်ခဲ့၏။ ကိုကို့အသက်ကို အမှန်တကယ် ကယ်ဆယ်လိုခဲ့၏။ ဆေးရုံတင်လျှင် မှီသောလူနာသည် ဉာဏ်မပြည့်သူတွေ လက်ထဲမှာမချိမဆန့် သေဆုံးရ၏။

မစင်အိတ်ပတ်ပတ်လည်က သွေးကြောတွေပေါက်ထွက်ပြီး ဝမ်းမဲမဲတွေသွားတာကိုတောင် ငယ်ချိုးတွေပါတယ်ဟု ပြောကြသောဦးနှောက်များကို သူမထည့်မပြောချင်တော့ပြီ။





ကိုမှာ ရသောလူနာ၊ ဆီးလုံးဝမထွက်သောလူနာသည်ပင် ဆေးရုံမှာ ပြန်ရှင်နိုင်သေးသည်။

ခုတော့ ဘာတစ်ခုမှ မလုပ်ပေးနိုင်ဘဲ ငွေအား(သို့)လူအား၊ ကိုယ်လုပ်မပေးနိုင်တာကို ဝန်မခံချင်ကြဘဲ သူမအပေါ်ကိုသာ အပုပ်ချလေလျှင့် အပြောခံရလေသည်။

သူမကဂရုမစိုက်လို့ဆိုပဲ။

သူမကြောင့် ပိုဆိုးတာဆိုပဲ။

ဆေးပညာကို နကန်းတစ်လုံးမှမသိ၊ အသဲခြောက်လူနာကို ဘယ်လိုချက်ကျွေးသင့်တယ်ဆိုတာ မသိသောလူများရဲ့လက်မှာ အစာရေစာမဝင်၊ ညစ်ပတ်နံစော်သော နောက်ဆုံးနေ့ရက်များဖြင့် ဆုံးဖြတ်ချက်မှားသော လူတစ်ယောက် အသက်ထွက်ခဲ့လေပြီ။

ကောင်းပြီ…၊ သူတို့ပါးစပ်ပေါက်နဲ့ တစ်ပြည်လုံးကိုမပြောနိုင်၊ ပြောနိုင်တဲ့ အရည်အချင်းလည်းမရှိ။

သူမသစ္စာမှန်ကန်ပါက သူမခင်ပွန်းကဲ့သို့ ဆေးရုံကုတင်ပေါ်မှာ ရှိရမယ့်လူနာသည် မြေကြီးထဲမရောက်စေရန် သူမကိုယ်စား ပြောပေးနိုင်သည့် ကလောင်တစ်ချောင်းကို အကြောင်းစုံပြောပြခဲ့၏။ သစ္စာဖြင့် သူမကျိန်ဆို၏။

သူမလင်ယောကျ်ားသည် သူမစေတနာမှန်ကန်ခဲ့လျှင် မကျွတ်မလွတ်ဘဝမှာမရှိဘဲ ကောင်းရာမွန်ရာသို့ ရောက်စေသတည်း။

တစ်ပြည်လုံးတွင် မသေသင့်သော အသက်များအတွက် သူမ



www.burmeseclassic.com

www.burmeseclassic.com



သည် လင်သားအသက်ကိုရင်းလိုက်ရသည်ဟုပဲ သဘောထားပါသည်။

သူမတို့သည် ခေတ်မှီတိုးတက်သော ခေတ်ကြီးထဲတွင် လူဖြစ်နေရပြီး ခေတ်နောက်ပြန်ဆွဲမှုများထဲမှ ရုန်းထွက်သင့်ရုံအချိန်ရောက်နေချေပြီ။

နွေသည် ပူ၏။

ကိုကိုလည်း အပူတွေနဲ့ လောင်ကျွမ်း၍ မီးငြိမ်းသေသွားခဲ့ပြီ။ ကိုကို့ကဲ့သို့ လူနာများ ကိုကို့လို မကြုံစေချင်ပေ။

* * * * *





"ဒါ…နောက်ဆုံးစစ်ထားတဲ့ test တွေပါ၊…ကျွန်မကတော့ နားမလည်ဘူး၊ ဒေါက်တာပဲ နားလည်မှာပါ၊ အသဲခြောက်ရောဂါသည် တစ်ယောက် ဆယ်လသားနဲ့ ဆုံးသွားတာ၊ ဒေါက်တာ့အနေနဲ့ ဘယ်လို ထင်မြင်ချက်ပေးလိုပါသလဲရှင်"

ခွန်သင့်ရဲ့ ဆရာကြီးတစ်ယောက်က အသဲနဲ့ပတ်သက်၍ သုတေသနလုပ်နေရာ စံအကူအညီတောင်းသဖြင့် ခွန်သင်ကလိုက်ပို့ပေးခဲ့သည်။

"မြန်မာပြည်မှာပေါ့လေ…ဒါ ကျွန်တော်တို့ရင်ဆိုင်ရတဲ့ အခက်အခဲ ပြဿနာက လူတွေဆေးရုံကို ယုံကြည်သင့်သလောက် မယုံကြည်တာပါပဲ၊ အဲဒါက မယုံကြည်တာက…တစ်ချို့ရိုးရာ အစဉ်အလာတွေနဲ့လည်းပတ်သက်တယ်၊ ဆေးပညာဗဟုသုတတွေနဲ့လည်း ပတ်သက်ပါတယ်၊ ဆေးပညာဗဟုသုတရှိတဲ့လူကျတော့ ဒီအသဲခြောက်တို့၊ အသဲအဆီဖုံးတို့၊ အသဲကျွတ်တို့၊ ဒီရောဂါမျိုးတွေဟာ အတော်ကျွမ်းနား

www.burmeseclassic.com



လည်တဲ့ ဆရာဝန်တွေနဲ့ အမြဲတစေပြသနေရမယ်၊ လိုအပ်တဲ့အနားယူမှုပေးရမယ်၊ သင့်တော်တဲ့ အဟာရရှိရမယ်၊ အဲသလိုမျိုးနားလည်ကြတော့၊ တောမှာဖြစ်တဲ့လူတွေ ရန်ကုန်၊ မန္တလေး နီးစပ်ရာမြို့ကြီးတွေမှာ တက်ကုကြပါတယ်၊ အသဲခြောက်ရောဂါနဲ့ ဆယ်လအတွင်းဆုံးတယ်ဆိုရအောင် အခုဒေါ်ပင်မြင့်စံ ခင်ပွန်းရဲ့ test (စစ်ဆေးချက်)တွေအရ မဖြစ်နိုင်ပါဘူး၊ အသဲခြောက်ရောဂါသည်တွေကို အဆင့်သုံးဆင့်ခွဲထားပါတယ်။ အခုဒေါ်ပင်မြင့်စံခင်ပွန်းရဲ့ Liver Function Test တွေမှာ Altumin (အသဲမှထုတ်သော အသားဓါတ်)က 11 ရှိသေးတာပဲ''

''ဟုတ်ကဲ့ဆရာ''

''28 ထက်နည်းရင် အဆိုးဆုံးအုပ်စုထဲ ဝင်သွားပြီလို့ သတ်မှတ်လို့ရပါတယ်၊ ဒါပေမယ့် အသဲကထုတ်တဲ့ Altumin ဆိုတာ Above & 4 ရှိနေသရွေ့ Liver Failure (အသဲမပျက်စီးသေး) မရသေးပါဘူး၊ ပြီးတော့ သူ့ Ascites (ရေဖျဉ်း)ကလည်း Control (ထိန်းချုပ်လို့) ရသေးတဲ့အဆင့် ရှိနေပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဒီအချိန်မှာ ဒါတွေက အကြောင်းထူးများရှိနေသလား ဒေါ်ပင်မြင့်စံ''

''ရှိပါတယ်ဆရာ၊ ဆေးရုံပေါ်မှာရှိရမယ့် ကျွန်မခင်ပွန်းဟာ ဒီလိုဘာတစ်ခုမှ လုပ်မပေးရဘဲ တစ်ဖြည်းဖြည်းအသက်ဝိညာဉ်ချုပ်ငြိမ်းသွားတာကို ကျွန်မပဲနားလည်နေတော့ သိပ်ခံရခက်တယ်၊ ကျွန်မခင်ပွန်းက ရေတိမ်မှာ နစ်ခဲ့ရတာလို့ ယုံကြည်ပါတယ်ဆရာ၊ တစ်ခြားလူတွေ





လူနာရှင်တွေကို ဒီအဖြစ်အပျက်တွေ သိစေချင်တယ်၊ အဓိကတော့ ကယ်လို့ရတဲ့လူကို ကယ်နိုင်ဖို့ပါပဲဆရာ''

''အခု…မြန်မာပြည်မှာက ဆေးရုံကို Case တစ်ခုနဲ့တင်လိုက်တယ်၊ ရောဂါက ဘယ်လိုကုကု ပြန်မကောင်းနိုင်တော့ဘူးဆိုပါတော့ဗျာ၊ လူနာရှင်တွေက ကိုယ့်ရပ်ကိုယ့်ရွာကိုပဲ လူနာကိုပြန်ခေါ်သွားကြတော့တာများပါတယ်၊ သူတို့စိတ်ထဲမှာ ဟာ…ဒီလူနာကြီး ပိုက်ဆံကုန်ပေမယ့် သေမှာပဲဥစ္စာ…ပိုက်ဆံတော့ အကုန်မခံနိုင်တော့ဘူး၊ သေမယ့်သေ အိမ်မှာသေတာ စရိတ်စကသက်သာတာပေါ့၊ အသုဘကနေ ပိုက်ဆံလည်းရနိုင်တယ်၊ ဒီလိုတွက်ပြီး ပြန်ခေါ်ကြတာ၊ ကျွန်တော်တို့ ဆရာဝန်ကျတော့ လူ့ဘဝဟာရခဲတယ်ဗျ ဒေါ်ပင်မြင့်စံ…သဘောတူတယ်နော်''

''ဟုတ်ပါတယ်ဆရာ''

''အဲဒီတော့ တစ်ရက်တစ်မိနစ်ကအစ တစ်လနေရနေ ကျွန်တော်တို့က လူနာကို ကိုယ့်ဘက်ဆွဲမှာပေါ့ဗျာ၊ အသေဘယ်ခံမလဲ ပြီးတော့ အသဲဟာခန္ဓာကိုယ်မှာ အကြမ်းပတမ်းအခံဆုံးပစ္စည်းပဲ ဒေါ်ပင်မြင့်စံခင်ပွန်းရဲ့အသဲဟာ Well compensated cirrhosis ပဲ အသဲခြောက်နေတယ်၊ မာနေတယ်၊ ဒါပေမယ့် အင်ဖိုင်းတွေကောင်းနေတာပဲ၊ အသဲဟာသိပ်အံ့သြစရာကောင်းတယ်ဗျ၊ ၃-ပုံ ၁-ပုံလောက်ပဲ အသဲဆဲလ်တွေရှိနေရင် လူတစ်ယောက်ရဲ့အသဲဟာ နှစ်ပေါင်းများစွာ အသက်ရှည်အောင် ထိန်းထားနိုင်တယ်၊ အသဲခြောက်တယ်ဆိုပြီး

www.burmeseclassic.com



တော့ ကုမရတော့ပါဘူး၊ အဆုံးစွန်ရောက်နေပြီဆိုပြီး စိတ်လျှော့ဖို့မလို ပါဘူး"

"အခု…ကျွန်မခင်ပွန်းက ဘီပိုးလည်းရှိတယ်ပေါ့ဆရာ၊ ပြီးတော့ Active pulmonary TB (တီဘီ)လည်းရှိတယ်။ ဒါပေမယ့် တီဘီ အတွက်ကို ပေးတဲ့ ETB တို့၊ R - cin တို့ကို သူ့သဘောနဲ့သူဖြတ် တယ်၊ ပြီးတော့ သူ့မိသားစုကလည်း သူမသောက်ချင်ဘူးဆို လုံးဝ မတိုက်တော့ဘူး…"

"TB က immunosuppressive (ခုခံအားကျဆင်းချိန်) ဖြစ်မှ ခေါင်းထောင်ထလာတာ ဒေါပင်မြင့်စံ၊ ကျွန်တော်တို့မှာလည်း တီဘီပိုး ရှိနိုင်တာပဲ၊ နေ့တဓူဝ လူနာတွေနဲ့ ထိတွေ့နေရတာ၊ ရှိတာပေါ့၊ ဒါပေမယ့် မဖြစ်ဘူး၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ခန္ဓာကိုယ်က ခံနိုင်ရည်ရှိနေလို့ပဲ၊ တော်တော်အံ့ဩဖို့ကောင်းတဲ့ အထူးအဆန်းဆုံး အရာဟာ လူ့ခန္ဓာကိုယ်ပဲဗျ၊ ဒေါပင်မြင့်စံ တီဘီဖြစ်ရင် ဆေးမှန်မှန် သောက်ရမှာလောက်တော့ ခင်ဗျားအမျိုးသားမလိုက်နာတာ…အံ့ဩ တယ်ဗျာ"

"သူ မလေးရှားကနေတောင် ဒီပလိုမာတစ်ခုရအောင် ယူခဲ့တာ ပါဆရာ…ဘွဲ့ရပညာတတ်တစ်ယောက်ပါ။ ဒါပေမယ့် ကျွန်မက အနားမှာမရှိ၊ မရှိတာကလည်း သူတို့မိဘတွေက ခွဲထားတာပါ၊ ပြီး တော့ သူ့အနားမှာရှိတဲ့ လူတွေပြောသမျှ ခေါင်းညိတ်နေတော့တာပါပဲ၊





ဆေးဖြတ်ပြီး ပယောဂနဲ့ကုတာ သူကိုယ်တိုင် ယုံကြည်တယ်ဆိုတော့ ကျွန်မဖြင့် မျက်မြင်မို့သာ ယုံခဲ့ရတာပါ"

"ဘီပိုးရှိတာ ဘာထူးဆန်းသလဲဗျာ၊ ကျွန်တော်လည်း ဘီပေ စတာစ်ပဲ၊ ဘီရှိတာနဲ့တော့ Death Sentence (သေမိန့်)မဟုတ်ပါဘူး"

"အဲဒါ ကျွန်မအခုလာတာ တစ်ခြားကိစ္စတစ်ခုလည်း ပါပါတယ် ဆရာ၊ ကျွန်မအနေနဲ့ Medical Check up လုပ်ဖို့ ဘာလုပ်သင့်သလဲ ဆိုတာ လာမေးတာပါ"

"ခင်ဗျား သွေးစစ်ပြီးပြီလား"

"ဟုတ်ကဲ့ဆရာ"

"အဖြေက…"

"ကျွန်မမှာလည်း ဘီပိုးရှိနေပါတယ်ဆရာ"

"ဒါဆိုရင် ကျန်းမာရေးကို သတိထားပြီး ပိုဂရုစိုက်ရုံရယ် နောက်တာတ်နိုင်ရင် ဘီရဲ့ဒီအင်အေကို Control လုပ်လို့ရပါတယ်"

"ကျွန်မက မရှိရင်ကာကွယ်ဆေးထိုးမလို့ပါပဲဆရာ"

"ကျွန်တော်ပြောချင်တာ ကြာပြီဗျ၊ ပြည်သူတွေကိုပေါ့လေ၊ အခု ဘီကာကွယ်ဆေးတွေ သိပ်ထိုးကြတယ်၊ ပထမတော့ သွေးစစ် ကြတယ်၊ မရှိတဲ့ လူတွေက ကာကွယ်ဆေးထိုးကြတယ်၊ ပထမတစ် လုံးထိုးတယ်၊ ခြောက်လကြာရင် နောက်တစ်လုံးထိုးတယ်၊ ထိုးတော့ ထိုးနေကြတာပဲ၊ ဘာလို့ထိုးတာလဲ၊ ကာကွယ်တာပေါ့၊ မှန်ပါတယ် ဒါပေမယ့် $HB_sAg$ မရှိတဲ့လူတွေကို Ab (ပဋိဇီဝဆန့်ကျင်ပစ္စည်း)

www.burmeseclassic.com



ပေါ်အောင် တာကွယ်ဆေး ထိုးတာ Ab ရှိမရှိပြန်စစ်သင့်တယ်၊ ပြန်စစ်ပြီး Ab မပေါ်ဘူးဆို အစကပြန်ထိုးရမှာ၊ အခုလူတွေက ထိုး… ထိုး…ဆို ထိုးလိုက်တယ်၊ ဘာတွေဆက်လုပ်ရမလဲမသိဘူး၊ အဲဒီလို ဖြစ်နေတယ်"

"ဘီရှိတဲ့လူကျတော့ ထိုးလို့မရဘူးလားဆရာ"

"ရပါတယ်၊ ကုန်ကျစရိတ်တော့ များတာပေါ့လေ၊ ဘီရောဂါပိုး သေစေတဲ့ဆေးလို့ ခေါ်နိုင်ပါတယ်၊ ဒါပေမယ့် ဘီပိုးဟာ လူကြီးတွေရဲ့ ကိုယ်ထဲကိုဝင်ပြီး ၈၀% ကအပြင်ပြန်ထွက်သွားတတ်တာနော်၊ ခင်ဗျား နောက်ခြောက်လမှာ သွေးတစ်ခေါက်ပြန်စစ်ပါဦး၊ ပြီးတော့ ဘီရှိနေ ပေမယ့် Genotype ကွာသေးတယ်ဗျ၊ Genotype စီဖြစ်နေမှ နောက် ဆက်တွဲရောဂါတွေဖြစ်တာ၊ ဘီဆိုတိုင်းလည်း မကြောက်ပါနဲ့၊ ဂျိုနို တိုက်က ဘီဖြစ်ချင်ဖြစ်နေမှာနော်၊ ပြီးတော့ ဘီပိုးမရှိတိုင်းလည်း အသည်းရောင်အသားဝါမဖြစ်ဘူးလို့ မပြောနိုင်ဘူး၊ အဲဒီကိစ္စက ဒီက နေ့ဆရာဝန်တွေရော၊ လူနာတွေပါ သိသင့်တဲ့ကိစ္စပါ၊ တစ်ချို့လူတွေ စစ်တော့ ဘီမရှိဘူးပေါ့၊ ဒါပေမယ့် အဲဒီလိုလူတွေ ကျောက်ကပ်အစား ထိုးတာတို့၊ ရိုးတွင်းခြင်ဆီ အစားထိုးတာတို့ လုပ်ကြတယ်၊ ပြီးတော့ သွေး စစ်ကြည့်ရင် ဘီမရှိဘူး၊ ဒါပေမယ့် ဘီရောဂါလက္ခဏာတွေ ခံစားရတယ်၊ ဒီလိုမျိုးတွေ ရှိနေတာ ပြည်သူတွေသိသင့်ပါတယ်"

"ဆရာ…ကျွန်မဒါဆို နောက်ခြောက်လမှာ ဘီပြန်စစ်ရမှာပေါ့ နော်"





"ဟုတ်ပါတယ်ဗျာ"

"ဘီရှိတော့ ဘာတွေရှောင်ရမလဲဆရာ"

"အင်း…သံမဏိပါတဲ့ အစားအစာတွေရှောင်ပါ၊ ပြီးတော့ အဲဆီ လျှော့စားပါ၊ ခင်ဗျားအမျိုးသားက Negligence ကြောင့် သေတာပါ ခေါ်ပင်မြင့်စံ၊ ဆရာဝန်တစ်ယောက်အနေနဲ့ ကျွန်တော် အဲဒီလိုပဲ ဆုံးဖြတ်ချက်ချနိုင်ပါတယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"Negligence"

ထိုစကားကို အနီးစပ်ဆုံး ဘာသာပြန်ရလျှင် ပေါ့ဆမှု၊ လျစ်လျူရှုမှု၊

"မေ့လိုက်တော့စံ၊ စံဘဝမှာ သူနဲ့ပတ်သက်တာတွေကို မေ့ပစ်လိုက်တာ အကောင်းဆုံးပဲ"

"ဒါပေမယ့် အမှန်တရားကို ဘယ်သူက စံ့လောက်သိမှာလဲဟင်၊ သားကိုဆေးကုဖို့ ပိုက်ဆံငါးသောင်းပဲထုတ်ပေးမယ်၊ လူတော့မလိုက်နိုင်ပါဘူးဆိုတဲ့ မအေမျိုးဒီလောကမှာ တစ်ကယ်ရှိတယ်ခွန်သင်၊ စံဘယ်လောက်ရင်နာရတယ်ထင်သလဲ၊ စံ့မှာရှိတဲ့အင်အားနဲ့ စံရန်ကုန်ပြန်ခေါ်ဖို့လုပ်တော့လည်း ကိုကိုကမလိုက်ဘူး၊ သူ့အိမ်ကတစ်ယောက်မှမလိုက်လို့တဲ့၊ စံ့ယောက်ျားက ဆေးရုံတက်ချင်ရက်သားနဲ့ သေသွားခဲ့ရတာ၊ ဉာဏ်မရှိတဲ့လူတွေလက်ထဲမှာ သေသွားခဲ့ရတာ၊ စံဘယ်တော့မှမမေ့ဘူး၊ ဘယ်လိုမှ မေ့လို့မရဘူး၊ ခွန်သင်အိပ်မက်တွေကို ယုံသ





လားဟင်၊ စံလေကိုကိုကို ညတိုင်းအိပ်မက်မက်တယ်၊ သူမသေဘူးတဲ့၊ သူစကားတွေပြောနေတယ်၊ သူ့ကိုသေပြီထင်လို့ မြှုပ်လိုက်တာတဲ့"

"သူ့ဗိုက်ကိုခွဲပြီး ရှိသမျှကလီစာထုတ်ပြီးမှ မြှုပ်လိုက်တာ စံမျက်မြင်ပဲလေ၊ ဘာလို့စိတ်စွဲနေမလဲစံ၊ သေတဲ့လူကသေပြီ"

"စံ အားတင်းထားပါတယ် ခွန်သင်၊ ဒါပေမယ့် စကြေကွဲရတယ်၊ စံစိတ်နာရတယ်၊ ကိုကိုမသေသင့်သေးဘူးလို့ စံစွဲစွဲမြဲမြဲယုံကြည်ထားတာ၊ စာမေးပွဲတစ်ရက်နဲ့ လူ့အသက်ဘဝချောင်းကို စံအလဲအလှယ်လုပ်ခဲ့ရသလိုပဲခွန်သင်၊ စံသာစာမေးပွဲမရှိခဲ့ရင် ကိုကိုလိုက်သွားမှာမဟုတ်ဘူး၊ အဲဒါကို စံဒေါသထွက်တယ်"

"မိစံ...အမေတွေနဲ့ပတ်သက်လာရင် ဘယ်သူမဆို ရှုံးကြတာပဲ၊ မအေဆိုတာ မွေးထားတာလေ၊ သူလည်းသူ့ဘက်က အသိဉာဏ်နဲ့ သေမယ့်သေ သူ့ရှေ့မှာပဲ အသေခံမယ်လို့စဉ်းစားမှာပေါ့၊ နောက်တစ်ဘက်ကလည်းတွေးဦး၊ ဒီလူမမာကြီး မိစံတစ်ယောက်တည်း ဒီမှာဘယ်လောက်ထိ တာဝန်ယူနိုင်မှာလဲ၊ လင်နဲ့မယား သံယောဇဉ်ဆိုတာ ရောဂါသည်တစ်ယောက်အတွက် အရေးကြီးသလို အမေရဲ့အပြုအစုဆိုတာလည်း ရောဂါသည်အတွက် အရေးကြီးတာပဲ၊ ဖြစ်သင့်တာကို သူတို့မရွေးချယ်ဘူး၊ ဒီအတွက် မိစံဘာဝမ်းနည်းနေမလဲ၊ ပြီးတော့ သူကိုယ်တိုင် ဟိုကိုလိုက်သွားတာ၊ ဘယ်သူမှရိုက်ထည့်တာမဟုတ်ဘူး၊ အခုသူ့အရပ်မှာ သူခေါင်းချတယ်၊ မိစံလည်း ကိုယ့်အရပ်ကို ကိုယ်ပြန်ရမယ်၊ ငါတို့လူတွေဟာ ကိုယ့်သေမျိုးကို ကိုယ်ရွေးချယ်ခွင့်ရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com

မိစံ၊ သေချင်တဲ့နေရာသေမှာပဲ၊ မြုပ်ချင်တဲ့နေရာမြုပ်မှာပဲ၊ သဘောပေါက်လား…စိတ်လျှော့လိုက်၊ ကျန်းမာရေးကလည်း သိပ်ကောင်းတာမဟုတ်ဘူး"

ခွန်သင့်လက်တစ်ဘက်ထဲ စံ့လက်တစ်ဘက်ကိုထည့်လိုက်သည်။ စံ့ပါးကမျက်ရည်တွေကို ခွန်သင်ကသုတ်ပေးသည်။

"ငါတို့နှစ်ယောက်ကို ဘယ်သူမှခွဲလို့မရပါဘူးစံ၊ ဘဝဟာ ရှေ့မှာအရှည်ကြီးကျန်သေးတယ်၊ စံကြုံခဲ့တဲ့အခိုးအဝါးတွေအဆုံးသတ်ခဲ့ပြီ၊ အဲသလိုသဘောထားလိုက်တော့ ကြားလား…ညီမလေး…"

* * * * *





နေရောင်ခြည်သည် ပန်းပင်များကြားတွင် ဟိုတစ်စက်၊ ဒီတစ်စက်ကွက်ပြောက်၍ ထိုးနေလေသည်။ ပန်းပင်များကြားမှာ လိပ်ပြာလိမ္မော်ရောင်တစ်ကောင်သည် ခေါက်တုန့်ခေါက်ပြန် သွားလာလှုပ်ရှားပျံသန်းလျှက်ရှိသည်။

စံသည် ကိုကိုအကြိုက်ဆုံးအင်္ကျီဖြစ်သော Lee တံဆိပ်အပြာကွက်စိပ်စိပ်ကလေးကို အလွမ်းပြေထုတ်ယူကြည့်မိလေသည်။

ဒီအင်္ကျီကို FMI ကဝယ်ခဲ့တာ၊ ကိုကိုက ရှပ်အကွက်စိပ်ကလေးတွေကိုသာ စွဲစွဲမြဲမြဲဝတ်တတ်လေသည်။ ခုတော့သူကြိုက်သော အင်္ကျီ၊ သူချစ်သောမိန်းမ၊ ကိုကိုသည် သူ့ခန္ဓာကိုယ်မလှုပ်တော့ချိန်မှစ၍ သူကြိုက်နှစ်သက်သော အရာအားလုံးကို စွန့်လွှတ်လိုက်ရသည်။ ကိုကိုဆိုတာ ကျိန်ပြောရမလောက်ဖောင်းပြည့်သောပါးပြင်သည် ချိုင့်ဝင်ခွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက အရောင်အားဖျော့သွားသည်။ သွားက အနည်းငယ်ခေါသလိုထင်ရလေသည်။

ကိုကို့မှာ မပြောင်းလဲတာဆို၍ ဘာမှမရှိ။

အသံတောင် ခါတိုင်းကဆို နွဲ့ပြောင်းစွာပြောတတ်သော ကိုကိုသည် လေသံမာတင်းကာ ဒေါသတကြီးအသွင်ပြောင်းသွားသည်။

တစ်ခါတစ်ခါ စုံ့ကိုအော်တာများ မျက်ရည်ဝဲရတဲ့အထိ ပြင်းထန်လေသည်။ အယုယခံရမလားဆိုပြီး အသက်ကြီးတဲ့လူယူထားတာ၊ လက်တွေ့မှာတော့ လူသူမသိဘဲ စိတ်ပေါက်ရေးရာအရ စံညှဉ်းဆဲနှိပ်စက်ခံရခြင်းသာအဖတ်တင်ပါသည်။ နေမကောင်းတဲ့လူပဲဆိုသောအသိနဲ့ သီးခံစိတ်သည် လူငယ်တစ်ယောက်ဖြစ်သော မခံချင်စိတ်လောက်တော့ ထုထည်မကြီးမားပါ။

ကိုကိုသည် စုံ့ဘက်ကိုငဲ့ညှာထောက်ထားမှု လုံးဝမရှိခဲ့။ သူ့မိဘကိုသာသူရွေးချယ်ခဲ့သည်။ ပြီးတော့စုံ့ကို လိမ်ညာထားသမျှ သူသေမှပေါ်တဲ့စီးပွားရေးကိစ္စတွေလည်းရှိသည်။ စံသည် ငိုချင်စိတ်ကို နာကြည်းစိတ်ဖြင့် ဖုံးအုပ်လိုက်သည်။ စံလက်ထပ်ခဲ့သောယောကျ်ားသည် စင်စစ် စံတို့လိုအားနည်းချက်ရှိသော မိန်းကလေးများအတွက် ရှောင်ရှားသင့်သော မကောင်းဆိုးဝါးယောကျ်ားမျိုးဖြစ်ခဲ့သည်။

ပယောဂသည် သူ့ကိုယ်ထဲမှာပင်ရှိသည်။

စုံ့မှာ အသုဘချတဲ့နေ့က ငိုတာတောင် အသံထွက်မငိုရဲ။ တော်ကြာ မြန်မာတွေမှာ ရှိတယ်လေ…၊





ပစ်လဲကျတဲ့အထိ မူးမေ့မတတ်ငိုတဲ့မိန်းမဆို ခြောက်လနဲ့ နောက်ယောကျ်ားယူတာတို့…။

မျက်ရည်တွင်တွင်ကျပြီး စကားမဆိုဘဲ ကြိတ်ငိုတဲ့မိန်းမမျိုးဟာ နောက်အိမ်ထောင် ဘယ်တော့မှမယူတာတို့…။

အမှန်က စုံ့စိတ်ထဲမှာ အဆမတန် ဝမ်းနည်းပါသည်။

သို့သော် အော်ကြီးဟစ်ကျယ် ငိုရမှာကို စံရှက်သည်။

လူရှေ့မှာမျက်ရည်ကျရတဲ့အလုပ်မှာ မင်းသမီးအလုပ်ကလွဲပြီး ကောင်းတဲ့အလုပ် ကျန်တာဘာရှိလို့လဲ။

ထို့ကြောင့် ငိုရမှာရှက်သောစံသည် မျက်ရည်ကျရုံအပြင် ခြေချခါနီး သူ့အလောင်းကို ကန်တော့ရုံအပြင် ဘာမှထူးထူးခြားခြားမဖြစ်ခဲ့၊ မလိုက်ချင်ဘူးဆိုတဲ့ကိုကို ခုတော့အပြီးနေခဲ့ရလေပြီ။

စံသည် အင်္ကျီကို သူနေရာသူ ပြန်ထားလိုက်သည်။ တော်ပါပြီ။

နောက်တစ်ကြိမ်ဆိုတာ စံဘယ်တော့မှ မမှားစေရတော့။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ကြောင်စုတ်ထိုး ဤသုံးမျိုးနောင်ပြင်ရန်ခက်သတဲ့။

အခုတော့ စုံ့ရဲ့အိမ်ထောင်ဖက်သည် သူ့ကိုသူဖျက်သွားခဲ့ပြီ။ စံကဘယ်လောက် ပြင်ဆင်ဖို့ ကြိုးစားပါစေ မရ။

ဒါတွေဟာ…ဘာတွေလဲ၊

စံသည် ဘဝတွေကို စဉ်းစား၍ စိတ်ကုန်လာလေသည်။ စုံ့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



က ဤလောကရှိ အခြားသောမိန်းကလေးထက် အနည်းငယ်နှာကျသည်း စရာကောင်းသလိုထင်ရလေသည်။

အင်း…ဘဝဆိုတာ ကံ့ကူလက်လှည့် ရေးသင်လို့ရတဲ့ စာလုံး နှစ်လုံးမဟုတ်တော့။

ဖြစ်ချင်တိုင်းမဖြစ်ဘဲ ပျက်ရသော သဘောကိုစံတော်တော် များများ ရိပ်မိခဲ့ပေသည်။

* * * * *





ဘဝဆိုတာ

ချိုချင်သလိုချို

အမှုံပိုပိုနဲ့

ပြီးတော့ ခါးသွားတဲ့

ဘီယာတစ်ခွက်လိုပဲ

ငါမြော့ပစ်လိုက်တယ်

တနိုင်းခ



www.burmeseclassic.com

www.burmeseclassic.com



သူ့လောက် အလှကြိုက်အသန့်ကြိုက်တာ မရှိတော့။ ရှောင်မျက်မှန် $B_2$ တပ်ကာ ဟန်နဲ့မာန်နဲ့၊ တစ်ကယ်တော့ သူ့ဘဝသည် ဘီယာတစ်ခွက်နဲ့တူသည်။ အရောင်အဆင်းလှသည်။ အရသာအေးစိမ့်၍ သောက်တာများလျှင် အရက်နဲ့ဘာမှမထူး။

ခုတော့ သူ့အသက်သည် ထိုဘီယာခွက်ထဲမှာပင် မြုပ်ဝင်သွားခဲ့ပြီ။ ဘီယာဆိုတာ အရက်မဟုတ်ပါဆိုသောစကားသည် သူ့နှုတ်မှထွက်ခဲ့သောစကား။

ခုတော့ ထိုစကားသည် အမြှုပ်ကလေးများကဲ့သို့ပင် ဘာမှအသုံးမဝင်ဘဲ ပျောက်ကွယ်သွားတော့သည်။

သူသည် သေပြီးသည့်နောက် ဘယ်ရောက်သွားမည်ကို သိချင်လှသည်။





သေတယ်ဆိုတာ…

ကောင်မလေးတစ်ယောက်၊ သူ့ကို ကိုကိုဟုခေါ်တတ်သော ကောင်မလေးတစ်ယောက်ကတော့ ဒီကမ္ဘာပေါ်မှာ သူ့ထက်နောက်ကျစွာကျန်ရှိနေခဲ့မည့်သူများထဲက တစ်ယောက်ဖြစ်သည်။ သူမခွဲနိုင်ပါ။ မခွဲရက်ပါ။

သို့ရာတွင် အရာရာသည် နောက်ကျသွားလေပြီ။

* * * * *



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူကတော့ စောင့်ရဦးမည်။

စောင့်နေတာလည်း ဟုတ်မည်။ စောင့်ရှောက်နေတာလည်းဟုတ်သည်။ ညီမလေးလိုပေါ့။ ဘေးမှာ လိုအပ်တာလေးတွေ၊ ပြီးတော့ စိတ်ဓါတ်အင်အားတွေ၊ သေတဲ့လူမဟုတ်တဲ့ ရှင်တဲ့လူဆိုတာအတွက်တော့ အချစ်ဆိုတာ လိုအပ်သေးတာပဲ။

ထို့ကြောင့် သူ့ရင်ခွင်ကို စုံ့အတွက် အမြဲဖွင့်ထားလေသည်။

တစ်နေ့နေ့…ဘယ်သူမှ စုံ့ကိုနားလည်မပေးနိုင်တော့တဲ့အခါ၊ တစ်နေ့နေ့..စုံ့ကို သူ့ထက်ပိုချစ်တဲ့ ယောကျ်ားမရှိဘူးဆိုတာ စံလက်ခံလာတဲ့အခါ သူရှိနေမှာပါ။

ဤကမ္ဘာလောကထဲတွင်ရှိသော ထောင့်တစ်နေရာ၌ ခွန်သင်သည် စုံ့အတွက် အမြဲအဆင်သင့်ရှိနေကြောင်း စံဆိုသောကော[illegible]လေးအား သိစေချင်လှသည်။

မြလွန်းချို
(ဆေးတက္ကသိုလ်)



www.burmeseclassic.com